# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၈ ခုနှစ် ၊ ဝါခေါင်လပြည့်ကျော် (၄)ရက် ၊ အင်္ဂါနေ့ ၊ (1-9-2026) ၊ အတွဲ (၃၅) ၊ အမှတ် (၁၂၄)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ တိုလန်းနှင့် ဇနီးတို့၏ ဖိတ်ကြားချက်အရ ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံသို့ တရားဝင်ခရီးစဉ် သွားရောက်မည်

နေပြည်တော်   စက်တင်ဘာ   ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ တိုလန်းနှင့် ဇနီးတို့၏ ဖိတ်ကြားချက်အရ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသို့ တရားဝင်ခရီးစဉ်(Official Visit) သွားရောက်မည်ဖြစ်သည်။

ခရီးစဉ်အတွင်း နိုင်ငံတော်သမ္မတသည် ဗီယက်နမ်နိုင်ငံ သမ္မတနှင့် တွေ့ဆုံ၍ နှစ်နိုင်ငံဆွေးနွေးပွဲကျင်းပခြင်း၊ ဗီယက်နမ်နိုင်ငံ ဝန်ကြီးချုပ်နှင့် ဗီယက်နမ်နိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့နှင့် တွေ့ဆုံခြင်းတို့အပြင် စီးပွားရေးအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များကိုလည်း လက်ခံတွေ့ဆုံသွားမည်ဖြစ်သည်။

စာမျက်နှာ ၁၈ ကော်လံ ၁

**ရတနာပုံ ယနေ့ဖတ်စရာ**

ဒုတိယသမ္မတ ဦးညိုစော ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗလာဒီဗော့စတော့မြို့၌ ကျင်းပမည့် ၁၁ ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်သို့ တက်ရောက်ရန် ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ထွက်ခွာ

စာမျက်နှာ - ၁၉

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲတို့တွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများကို ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားပြီး ဆုများပေးအပ်ချီးမြှင့်

နေပြည်တော် ဩဂုတ် ၃၁

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှုစိုက်ပျိုး၊မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲတို့တွင် ထူးချွန်စွာ အောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများ ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ Naypyitaw State Academy ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားပြီး ဆုများပေးအပ်ချီးမြှင့်သည်။

အခမ်းအနားသို့ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊

စာမျက်နှာ ၁၆ ကော်လံ ၁



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ သိပ္ပံဘာသာတွဲတွင် မြန်မာတစ်နိုင်ငံလုံး အမှတ်အများဆုံးဆုရရှိသည့် မသီရိစိုးအား ဆုပေးအပ်ချီးမြှင့်စဉ်။

## ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ) တာကိုယ်ထည်တိုက်စားခံရမှုတားဆီးကာကွယ်ရေး လုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ



ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ)၌ မြစ်ကမ်းပြိုမှုကြောင့် ရေကြီးရေလျှံမှု မဖြစ်စေရေး ကြိုတင် တားဆီးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို တွေ့ရစဉ်။

နေပြည်တော်   ဩဂုတ်   ၃၁


ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ) တာမိုင် ၁၁/၆ နှင့် ၁၁/၇ ကြားနေရာ၌ တိုးမြစ်၏ မြစ်ကမ်းရေတိုက်စားမှုကြောင့်

စာမျက်နှာ ၂၅ ကော်လံ ၄

## အားကောင်းသော လေဖိအားနည်းရပ်ဝန်း အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်

နေပြည်တော်   ဩဂုတ်   ၃၁

ယနေ့ညနေ ၃ နာရီခွဲအချိန် တိုင်းထွာချက်များအရ အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်၊ ယင်းနှင့်ဆက်စပ်လျက်ရှိသော ဩရိဿပြည်နယ်မြောက်ပိုင်းကမ်းခြေ၊ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော အားကောင်းသော လေဖိအားနည်းရပ်ဝန်း (Well Marked Low Pressure Area)သည် ဆက်လက်တည်ရှိနေသည်။ အဆိုပါအားကောင်းသော လေဖိအားနည်းရပ်ဝန်းသည် နောက် ၂၄ နာရီအတွင်း အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်မြောက်ပိုင်း-အနောက်ဘင်္ဂလားပြည်နယ်တို့သို့ ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။ (မိုး/ဇလ)



# ရမည်းသင်းမြို့နယ် ကံသာအေးကျေးရွာ၌ RBF စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**ရမည်းသင်း ဩဂုတ် ၃၁**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ရမည်းသင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကံသာအေးကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ ထူထောင်ခြင်းစီမံကိန်း (RBF) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရမည်းသင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးဝင်းက ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေ ထူထောင်ခြင်းစီမံကိန်း (RBF) အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းစဉ်များနှင့် စီမံကိန်းလက်စွဲစာစောင်ပါ လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို မိတ်ဆက်ရှင်းလင်းပြောကြားသည်။

ဆက်လက်၍စီမံကိန်းတာဝန်ခံ ဝန်ထမ်းက ကော်မတီဝင်များ ရွေးချယ်ဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကော်မတီဝင်များ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကျေးရွာသူ၊ ကျေးရွာသားများ၏ သဘောဆန္ဒနှင့်အညီ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ ထူထောင်ခြင်းစီမံကိန်း ကော်မတီဝင် ခုနစ်ဦးကို ရွေးချယ် ဖွဲ့စည်းပေးခဲ့သည်။

ကံသာအေးကျေးရွာ၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွင်း ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို RBF စီမံကိန်းရန်ပုံငွေကျပ် သိန်း ၃၀၀ ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရမည်းသင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**မောင်ခိုင်**

# ဝက်လက်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၂၇၉၄ ဧက စိုက်ပျိုးမည်



ယခင်နှစ်က မတ်ပဲစိုက်ခင်းကို တွေ့ရစဉ်။

**ဝက်လက် ဩဂုတ် ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၂၇၉၄ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ဝက်လက်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဝက်လက်မြို့နယ်တွင် မတ်ပဲ ၂၇၉၄ ဧက စိုက်ပျိုးရန် လျာထားပြီး အောက်တိုဘာလမှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ဝက်လက်မြို့နယ်မှာ မတ်ပဲ ဧက ၂၇၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧက ပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးသွားပါမယ်။ မတ်ပဲ စိုက်ပျိုးရာမှာလဲ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ၊ ပိုးမွှားရောဂါကာကွယ်ရေး နည်းလမ်းတွေ ဆောင်ရွက် ပေးသွားပါမယ်"ဟု ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြသည်။

ဝက်လက်မြို့နယ်တွင် မတ်ပဲစိုက်ပျိုးမည့် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေး အသိပညာပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မတ်ပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မတ်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ဝက်လက်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြ၍ သိရသည်။

(၂၀၆)

# ညောင်တုန်းမြို့နယ် ဝါးတောစွန်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**ညောင်တုန်း ဩဂုတ် ၃၁**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ညောင်တုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဝါးတောစွန်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်နေမှုကို ဩဂုတ် ၃၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ညောင်တုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်လင်းနိုင်နှင့်တာဝန်ရှိသူများက ကျေးရွာရေရရှိရေး ကော်မတီဝင်များနှင့်အတူ ဝါးတောစွန်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးကျော်လင်းနိုင်က လုပ်ငန်းများ သတ်မှတ် စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေးဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ဝါးတောစွန်းကျေးရွာ၌ ရေရရှိရေးအတွက် အမြင့်တင်ရေစင်တည်ဆောက်ခြင်း၊ ရေစက်ရုံတည်ဆောက်ခြင်း၊ အင်ဂျင်ကွန်ပရက်စာတစ်စုံ တပ်ဆင်ခြင်းလုပ်ငန်းကို ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေကျပ် ၃၁ ဒသမ ၈၈ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဇွန်လဒုတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၈၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း ညောင်တုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**တေဇာလင်း**

# စဉ့်ကိုင်မြို့နယ် ပေါက်ရွာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**စဉ့်ကိုင် ဩဂုတ် ၃၁**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပေါက်ရွာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နှင်းအိဖြိုးနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ ပေါက်ရွာကျေးရွာ၌ မြစိမ်းရောင် ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၃၄ ဒသမ ၉၅ သန်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်နေမှု၊ လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်နှင်းအိဖြိုးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ပေါက်ရွာကျေးရွာ၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၁ ဦးကို ရန်ပုံငွေကျပ် ၃၄ ဒသမ ၉၅ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

**အောင်ရဲကျော်**

# ပုသိမ်မြို့နယ်တွင် ဒေသထွက် ငါးကွမ်းရှပ်ခြောက်များ အရောင်းအဝယ်ကောင်းမွန်နေ

**ပုသိမ် ဩဂုတ် ၃၁**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ပုသိမ်မြို့နယ်တွင် ဒေသထွက် ငါးကွမ်းရှပ်ခြောက်များ ဝယ်ယူမှုအားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း ပုသိမ်မြို့နယ် ငါးခြောက်မျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဆွေဆွေက ပြောပြ၍ သိရသည်။

ပုသိမ်မြို့နယ်တွင် ဒေသထွက် ငါးကွမ်းရှပ်ခြောက်များ ဩဂုတ်လ ဒုတိယပတ်မှ ယနေ့ထိ ဝယ်ယူမှုအားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်လျက်ရှိကြောင်း၊ အဆိုပါ ငါးကွမ်းရှပ်ခြောက် တစ်ပိဿာလျှင် ငွေကျပ် ၂၉၅၀၀ မှ ၄၅၀၀၀ ထိ ဈေးပေါက်နေကြောင်း သိရသည်။

"အခု ဩဂုတ်လထဲမှာ ပုသိမ်မြို့နယ်ကထွက်တဲ့ ငါးကွမ်းရှပ်ခြောက်တွေ အဝယ်လိုက်ပြီး အရောင်းအဝယ် ကောင်းမွန်နေပါတယ်။ ဒေသဈေးကွက်မှာ အခြားငါးခြောက်တွေနဲ့ ယှဉ်တဲ့အခါ ငါးကွမ်းရှပ်ခြောက်က ပိုမိုအရောင်းအဝယ် ကောင်းပါတယ်။ ငါးကွမ်းရှပ်ခြောက်တွေ အရောင်းအဝယ်ကောင်းလာတော့ ရေလုပ်သားတွေ၊ ပွဲရုံပိုင်ရှင်တွေ၊ ငါးခြောက်လုပ်ငန်းနဲ့ ဆက်စပ်နေသူတွေ အလုပ်အကိုင် အခွင့်အလမ်း အဆင်ပြေနေပါတယ်"ဟု ပုသိမ်မြို့နယ် ငါးခြောက်မျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဆွေဆွေက ပြောပြသည်။

ပုသိမ်မြို့နယ်မှ ငါးခြောက်မျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ဒေသထွက် ငါးကွမ်းရှပ်အစိုများကို ဝယ်ယူပြီး စနစ်တကျအခြောက်လှန်းကာ ဝယ်ယူသည့် ဒေသသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ငါးကွမ်းရှပ်ခြောက်များ အရောင်းအဝယ် ကောင်းလာသည့်အတွက် ရေလုပ်သားများ၊ ငါးခြောက်မျိုးစုံ ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင် အဆင်ပြေနေကြောင်း ပုသိမ်မြို့နယ် ငါးခြောက်မျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဆွေဆွေထံမှ သိရသည်။

**ကျော်ကျော်လင်း**



# ဘဝတစ်သက်တာအတွက် ဗီတာမင် အပိုင်း(၁၇)

ပါမောက္ခကိုကိုအောင်




**Consuming natural foods allows the body to absorb vitamins and minerals more effectively than taking supplement tablets.**

**Prof. Ko Ko Aung**

**အစာကို ဆေးဖြစ်စေသောအာဟာရများ**

အစာကို ဆေးဖြစ်စေသောအာဟာရများဆိုသည့်အယူအဆသည် ဂရိဘာသာအားဖြင့် Let food be thy medicine and medicine be thy food ဟူသော ဆေးဘက်ပညာဆိုင်ရာပညာရှင်ကြီး ဟစ်ပိုကရေးတီးစ်( Hippocrates)၏ အဆိုအမိန့်ကို အခြေခံခဲ့သည့်အယူအဆတစ်ရပ်ပင်ဖြစ်သည်။

ယနေ့မျက်မှောက်ခေတ်သစ် အာဟာရသိပ္ပံပညာကလည်း စားသုံးလိုက်သော အစားအစာများထဲ၌ ပါဝင်နေသည့် အာဟာရဓာတ်များသည် ရောဂါကာကွယ်ရေးနှင့် ကုသရေးတို့၌ အလွန်အရေးပါသည်ဆိုခြင်းကို အတည်ပြုထားခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အတည်ပြုခဲ့ကြခြင်းမှာ ၁၉၁၂ ခုနှစ်က ပိုလန်လူမျိုး သိပ္ပံပညာရှင် ဒေါက်တာကာစီမီယာဖန့်ကအစပြုတွေ့ရှိဖော်ထုတ်နိုင်ခဲ့သော (သဘာဝအစားအစာများ၌ ပါဝင်နေကြသည့်) ဗီတာမင်အမျိုးမျိုးတို့ကြောင့်ပင်ဖြစ်သည်။ အဆိုပါ ဗီတာမင်များက လူတို့၏ ဘဝတစ်သက်တာ ကျန်းမာရေးအတွက် မည်ရွေ့မည်မျှ အရေးကြီးသည်ကို ဓာတ်ခွဲခန်းစမ်းသပ်ချက်များ၊ လက်တွေ့စမ်းသပ်ချက်များဖြင့် ခိုင်ခိုင်မာမာ သက်သေပြခဲ့ကြသည်။

၁၉၄၀ ပြည့်နှစ်နောက်ပိုင်းကာလများမှစ၍ နေ့စဉ်စားသုံးနေကြသည့် အစားအစာများသည် လူတို့၏ ကျန်းမာရေးကို အထောက်အပံ့ပြုနေကြသကဲ့သို့ အဆိုပါနေ့စဉ်အစားအစာများကသည်ပင်လျှင် လူတို့၏ကျန်းမာရေးကို ချွတ်ယွင်းစေကြကြောင်း ဆေးပညာလောကတစ်ရပ်လုံးက လက်ခံခဲ့ကြသည်။

စားတတ်လျှင်ဆေး၊ မစားတတ်လျှင်ဘေး ဟူသောဆေးပညာရပ်ဆိုင်ရာ မြန်မာ့ဆိုရိုးစကားကလည်း ထိုအယူအဆနှင့်သဘောချင်း အတူတူပင်ဖြစ်သည်။

အောက်ပါတို့သည် သင့်တင့်မျှတစွာ စားသုံးပါက အစာကို ဆေးဖြစ်စေသော ဗီတာမင် ပါဝင်နေသည့် အာဟာရများဖြစ်ကြသည်။ ရှောက်သီး၊ သံပရာသီး၊ လိမ္မော်သီး၊ စတော်ဘယ်ရီသီး၊ ကီဝီသီး၊ ငရုတ်ပွ၊ ပန်းဂေါ်ဖီစိမ်း၊ ဟင်းနုနယ်တို့သည် အပေါ်ယံအားဖြင့် သာမန်အအေးမိရောဂါခံစားရခြင်း၏ ကြာချိန်ကို တိုစေနိုင်ပြီး ရောဂါပိုးမွှားများကို တိုက်ထုတ်ရာတွင်လည်း ကူညီပေးသော အာဟာရများဖြစ်ကြသည်။

အတွင်းသဘောအနေဖြင့်လည်း ကိုယ်ခံအားကို မြှင့်တင်ပေးပြီး ဓာတ်တိုးဆန့်ကျင်ပစ္စည်းအဖြစ် ဆောင်ရွက်ကာ ကိုယ်တွင်းဆဲလ်များပျက်စီးမှုမှ ကာကွယ်ပေးသည်။ ထို့ပြင် အရေပြားကျန်းမာရေးကို စောင့်ရှောက်ပြီး၊ ဒဏ်ရာများကိုလည်း အကျက်မြန်စေသည်။

**Vitamin C**

ဆယ်လမွန်ငါး၊ တူနာငါး၊ ဥအမျိုးမျိုးတို့၏အနှစ်များ၊ နို့ထွက်ပစ္စည်းတို့က သဘာဝနေရောင်ခြည်နည်းတူ ကိုယ်ခံအားကျဆင်းမှုကို ကာကွယ်ပေးပြီး စိတ်ဓာတ်ကျခြင်းကိုပါ လျော့ပါးသက်သာစေနိုင်သည်။ အတွင်းသဘောအနေဖြင့်လည်း ကယ်လ်စီယမ်စုပ်ယူမှုကို ကူညီပေးခြင်းဖြင့် အရိုးနှင့်သွားများ ခိုင်မာစေရန် ကူညီပေးပြီး ကိုယ်ခံအားစနစ်ကိုပါ ထိန်းညှိပေးသည်။

**Vitamin D**

မုန်လာဥနီ၊ ကန်စွန်းဥ၊ ရွှေဖရုံသီး၊ ကိုက်လန်၊ ဟင်းနုနယ်၊ အသည်း၊ ဥအနှစ်တို့က ညဘက်မမြင်ရခြင်း (Night Blindness) ကို ကာကွယ်ကုသနိုင်ပြီး၊ ရောဂါပိုးမွှားများကို တိုက်ထုတ်ရန်အတွက် ခန္ဓာကိုယ်၏ စွမ်းရည်ကိုလည်း မြှင့်တင်ပေးသည်။

အတွင်းသဘောအနေဖြင့်လည်း မျက်စိမြင်လွှာ၏ကျန်းမာရေးကို စောင့်ရှောက်ပြီး အမြင်အာရုံကောင်းမွန်အောင် ဆောင်ရွက်ပေးသည်။ အရေပြားနှင့် တစ်သျှူးများ၏ ကျန်းမာရေးကိုလည်း အထောက်အပံ့ပြုပေးသည်။

**Vitamin A**

ဗာဒံစေ့၊ နေကြာစေ့၊ ဟင်းနုနယ်နှင့် ထောပတ်သီးတို့က နှလုံးရောဂါနှင့် ကင်ဆာရောဂါတချို့ဖြစ်ပွားနိုင်ခြေကို လျှော့ချပေးနိုင်သည်။ အဆိုပါအစားအစာများ၌ အစွမ်းအလွန်ထက်သော ဓာတ်တိုးဆန့်ကျင်အာနိသင်ရှိသောကြောင့် ဆဲလ် များကို ထိခိုက်ခြင်းမှ ကာကွယ်ပေးနိုင်ကြသည်။

**Vitamin E**

ကိုက်လန်၊ ဟင်းနုနယ်၊ ပန်းဂေါ်ဖီစိမ်းနှင့် ပဲနံ့စားသီးများက ထိခိုက်ဒဏ်ရာရသည့်အခါ သွေးအလွန်အမင်းထွက်ခြင်းမှကာကွယ်ပေးသည်။၎င်းတို့တွင် သွေးခဲခြင်းလုပ်ငန်းစဉ်အတွက် ထောက်ပံ့ကူညီပေးနိုင်သည့်အပြင် အရိုးများကို ခိုင်မာစေသည့် အာနိသင်များရှိနေကြသည်။

**Vitamin K**

ကြက်သား၊ ဆယ်လမွန်ငါး၊ အာလူး၊ ငှက်ပျောသီးတို့တွင် ဗီတာမင် B6 ၏ အာနိသင်များရှိနေကြပြီး ဟင်းနုနယ်၊ ကိုက်လန်၊ ပဲမျိုးစုံတို့၌ ဗီတာမင် B9/ Folate ၏ အာနိသင်၊ အမဲသား၊ ငါး၊ နို့ထွက်ပစ္စည်းများ၊ ဥအမျိုးမျိုး တို့တွင် ဗီတာမင် B12 ၏ အာနိသင်များရှိနေကြသည်။ ၎င်းတို့သည် ခန္ဓာကိုယ်အတွက် စွမ်းအင်ထုတ်လုပ်မှု၊ ဦးနှောက်၏လုပ်ဆောင်မှုနှင့် အာရုံကြောစနစ်၏ ကျန်းမာရေးကို အထောက်အပံ့ပြုပေးကြသကဲ့သို့ သွေးနီဥဆဲလ်များ ဖွဲ့စည်းဖြစ်ပေါ်လာစေရန်ကိုပါ ကူညီပေးကြသည်။ မောပန်းနွမ်းနယ်ခြင်းကို ကာကွယ်ပေးပြီး ဦးနှောက်နှင့်နှလုံး၏ ကျန်းမာရေးကို အထောက်အကူပြုသည်။ ကိုယ်ဝန်ဆောင် မိခင်လောင်းများအတွက်မူ B9/Folate က မွေးရာပါ ချွတ်ယွင်းချက်များကို ကြိုတင်ကာကွယ်ရာတွင် အလွန်အရေးကြီးသည်။

**B Vitamins–B6/B9(Folate)/ B12**

ဆယ်လမွန်ငါး၊ ဆာဒင်းငါး၊ သစ်ကြားသီး၊ ပဲပိစပ်နှင့် ပင်လယ်စာတချို့က နှလုံးရောဂါဖြစ်ပွားနိုင်ခြေကို သိသိသာသာလျှော့ချပေးနိုင်ပြီး စိတ်ဓာတ်ကျခြင်းကိုလည်း လျော့ပါးသက်သာစေနိုင်သည်။

အဆိုပါအစားအစာများတွင် ဦးနှောက်၏ လုပ်ဆောင်မှုကိုအားကောင်းစေပြီး နှလုံးကျန်းမာရေးကို အထောက်အကူပြုသော အစွမ်းအာနိသင်များရှိနေကြသည်။ သွေးတွင်းအဆီဓာတ်ကိုလျှော့ကျစေခြင်း၊ သွေးပေါင်ချိန်ကို လျှော့ကျစေခြင်းဖြင့် နှလုံးကျန်းမာရေးကို ထောက်ပံ့ပေးသကဲ့သို့ ရောင်ရမ်းမှုကိုပါ လျှော့ချပေးနိုင်သည်။

**Omega-3/Fatty Acid**

ပင်လယ်စာ (ဥပမာ-အခွံမာခရု)၊ အမဲသား၊ ကြက်ဆင်သား၊ ပဲအမျိုးမျိုးနှင့် မြေပဲတို့က အအေးမိခြင်း၏ ကြာချိန်နှင့် ပြင်းထန်သောခံစားရမှုကို လျှော့ချပေးနိုင်သည်။

အဆိုပါအစားအစာများတွင် ကိုယ်ခံအားစနစ်၏လုပ်ငန်းဆောင်တာများအတွက် အဓိကအရေးကြီးသည့် သတ္တုဓာတ်ကိုဖြည့်ဆည်းပေးပြီး ခန္ဓာကိုယ်၏ ဇီဝယန္တရားလည်ပတ်မှုကို အားကောင်းစေသည့် အစွမ်းအာနိသင်များ ရှိနေကြသည့်အပြင် ထိခိုက်ဒဏ်ရာရသည့်အခါ၌လည်း အနာကျက်မြန်စေသည့် အစွမ်းရှိနေကြသည်။

**Zinc**

ခန္ဓာကိုယ်အတွက် ဗီတာမင်များ အပါအဝင် အကျိုးပြုအာဟာရများ ရယူဖြည့်ဆည်းရာ၌ သဘာဝအစားအစာများကို ဦးစားပေး၍ စားသုံးရန် လိုအပ်သည်။

အဘယ်ကြောင့်ဆိုသော် သဘာဝအစားအစာများစားသုံးခြင်းက ဖြည့်စွက်ဆေးပြားများ (Supplements) သောက်သုံးခြင်းထက် ဗီတာမင်နှင့် သတ္တုဓာတ်များကို ခန္ဓာကိုယ်က ပို၍ကောင်းမွန်စွာ စုပ်ယူနိုင်ခြင်းကြောင့်ဖြစ်သည်။

**❖ ခန္ဓာကိုယ်အတွက် ဗီတာမင်များအပါအဝင် အကျိုးပြုအာဟာရများ ရယူဖြည့်ဆည်းရာ၌ သဘာဝအစားအစာများကို ဦးစားပေး၍ စားသုံးရန် လိုအပ်သည်။ အဘယ်ကြောင့်ဆိုသော် သဘာဝအစားအစာများ စားသုံးခြင်းက ဖြည့်စွက်ဆေးပြားများ (Supplements) သောက်သုံးခြင်းထက် ဗီတာမင်နှင့် သတ္တုဓာတ်များကို ခန္ဓာကိုယ်က ပို၍ကောင်းမွန်စွာစုပ်ယူနိုင်ခြင်းကြောင့်ဖြစ်သည်။ ❖**

အာဟာရတစ်မျိုးတည်းကိုသာ အားကိုးမနေဘဲ အရောင်စုံလင်သော သစ်သီးဝလံများ၊ ဟင်းသီးဟင်းရွက်များ၊ ပရိုတင်းဓာတ်ပါဝင်သည့် အစားအစာများ၊ ကျန်းမာရေးနှင့် ညီညွတ်သောအဆီများကို စုံလင်အောင် စားသုံးခြင်းက ခန္ဓာကိုယ်၏ ကျန်းမာရေးအတွက် ပို၍ထိရောက်မည်ဖြစ်သည်။

ဤနည်းအားဖြင့် စားသုံးလိုက်သည့်အစားအစာများက ခန္ဓာကိုယ်အတွက် ဆေးဖြစ်စေသော အာဟာရများဖြစ်လာကြလိမ့်မည်ဖြစ်ပါသည်။

# ၂၀၂၆ ခုနှစ် ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့်တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ်ပိုမိုထွန်းကားပြန့်ပွားစေရေး၊

(ဂ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်း မြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အားပူးပေါင်း ပါဝင်ဆောင်ရွက်ရေး။

# ရေဦးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်နီဧက ၂၆၀၀ စိုက်ပျိုးမည်



ယခင်နှစ်က ကြက်သွန်နီစိုက်ခင်းကို တွေ့ရစဉ်။

**ရေဦး ဩဂုတ် ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်နီဧက ၂၆၀၀ စိုက်ပျိုးမည်ဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန မှ သိရသည်။

ရေဦးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်နီ စိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ရေဦးမြို့နယ်တွင် ၁၇၂၁ ဧက၊ တန့်ဆည်မြို့နယ်တွင် ဧက ၄၄၀ နှင့် ဒီပဲယင်းမြို့နယ်တို့တွင် ၄၃၉ ဧက စုစုပေါင်းဧက ၂၆၀၀ တို့ဖြစ်ကြောင်း၊ အဆိုပါ ကြက်သွန်နီစိုက်ပျိုးမှုကို ယခုနှစ် အောက်တိုဘာလ ပထမပတ်မှ စတင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ရေဦးခရိုင် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ကြက်သွန်နီဧက ၂၆၀၀ စိုက်ပျိုးဖို့ အတွက် လျာထားပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ အတွက် ဆောင်ရွက်ပေးနေပါတယ်။ ကြက်သွန်နီစိုက်ပျိုးရာမှာလဲ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးကောင်းမျိုးသန့်တွေ၊ ပိုးမွှားရောဂါ ကာကွယ်ရေးနည်းလမ်းတွေကို ကွင်းဆင်းဆောင်ရွက်ပေးသွားမှာပါ"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ဇာဇာမင်းက ပြောပြသည်။

ရေဦးခရိုင်တွင် သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ကြက်သွန်နီစိုက်တောင်သူများ ကြက်သွန်နီကို ကြာရှည်စွာထားခံနိုင်ရန် နည်းပညာပေးခြင်း၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရန်နှင့် အရည်အသွေးကောင်းမွန်သည့် ကြက်သွန်နီဖြစ်စေရန်အတွက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကြက်သွန်နီကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ကြက်သွန်နီကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ဇာဇာမင်းက ပြောပြ၍ သိရသည်။

(၂၀၆)

# ညောင်လေးပင်မြို့နယ် ရှမ်းစုကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**ညောင်လေးပင် ဩဂုတ် ၃၁**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ညောင်လေးပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရှမ်းစုကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP )မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဩဂုတ် ၃၀ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ညောင်လေးပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မီမီအောင်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP)၏ ရည်ရွယ်ချက်၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းစဉ် အကြောင်းအရာများ၊ ကျေးရွာသူ၊ ကျေးရွာသားများမှ ပူးပေါင်း ဆောင်ရွက်ပေးရမည့် အခြေအနေများ၊ စီမံကိန်းလုပ်ငန်း အကောင်အထည် ဖော်ရန်နှင့် ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များ ရွေးချယ်ဖွဲ့စည်းရန် လိုအပ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များ ရွေးချယ်ဖွဲ့စည်းရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များ၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များ၊ စီမံကိန်းနှင့်ပတ်သက်၍ ကဏ္ဍတစ်ခုချင်း အလိုက်ရှင်းလင်း ပြောကြားခဲ့ကြောင်း သိရသည်။

ထို့နောက် မြို့နယ်ဦးစီးမှူး၊ စီမံကိန်းတာဝန်ခံ ဝန်ထမ်းတို့က ကျေးရွာ ရပ်မိရပ်ဖများ၊ ကျေးရွာသူ ကျေးရွာသားများ၏ အများသဘောဆန္ဒနှင့်အညီ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို အမှန်တကယ် ဆောင်ရွက်နိုင်မည့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင် ခုနစ်ဦးကို ရွေးချယ် ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

ကိုညို

## ချစ်လွန်းတင်ပါ ခင်

- သုံးလွန်းတင် ငင်မှ ကြိုးရယ်လို့
ဆိုရိုးလည်း ရှိတယ်ခင်။

- အပင်ဖြတ်ပေမဲ့
မပြတ်ချင် အမျှင်ရစ်လေတဲ့
ပဒုမ္မာ ကြာအဖြစ်လိုပ
အချစ်ကို ကြာနဲ့နှိုင်း
ရိုင်းလိမ့် မထင်။

- အပင်လည်း မပြတ်ရအောင်
အမျှင်လည်း မပြတ်ရအောင်
နမောင် အချစ်ကြိုးရယ်က
မြတ်နိုးမှု ကုဋေကုဋာနဲ့
မေတ္တာ သစ္စာ အကြင်နာ ရစ်ပါလို့
မောင်ကျစ်တဲ့ ချစ်ကြိုးမျှင်
ချစ်လွန်းတင် ရင်မှာဖြစ်။

- တောတွေကာ တောင်တွေခြားပေမဲ့
မောင့်နားမှာ ချစ်သူပုံ
မောင့်အာရုံ ချစ်သူ့စိတ်
မောင့်အရိပ် ချစ်သူထင်သမို့
ဖြူစင်စင် စိတ်ကလေးမှာတဲ့
အပူပင် တစ်ဆိတ်မတွေးလိုက်ပါနဲ့
မီးဝေးရင် ချိပ်မအေးတတ်ပါဘူး(ခင်ရယ်)
မောင်ကတော့
ဝေးမှ ပိုချစ်။ ။

မြင်းမူမောင်နိုင်မိုး

# မလှိုင်မြို့နယ် ဖက်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း စစ်ဆေး

**မလှိုင် ဩဂုတ် ၃၁**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖက်ကုန်းကျေးရွာ၌ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများတိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးသက်သက်ခိုင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ်သန်း ၃၀ ဖြင့် ဆောင်ရွက်ထားသော နို့စားနွားမွေးမြူရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်အေးသက်သက်ခိုင်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဖက်ကုန်းကျေးရွာ၌ နို့စားနွားမွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၂၀ ကို ရန်ပုံငွေကျပ်သန်း ၃၀ ထုတ်ချေးပေးထားကြောင်း မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးသက်သက်ခိုင် ထံမှ သိရသည်။

ဟိန်းထက်စိုး(မလှိုင်)

## နေတိုးအုပ်စု၏ အာတိတ်ဒေသလှုပ်ရှားမှုကို လုံခြုံရေးခြိမ်းခြောက်မှုမှတ်ယူကြောင်း ရုရှားပြောကြား

**မော်စကို ဩဂုတ် ၃၁**

မြောက်အတ္တလန္တိတ် စာချုပ်အဖွဲ့(နေတိုး)၏ အာတိတ်ဒေသလှုပ်ရှားမှုများကို တိုက်ရိုက်လုံခြုံရေးခြိမ်းခြောက်မှုအဖြစ် ရုရှားနိုင်ငံကမှတ်ယူထားကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂေးလက်ဗရော့ဗ်က ယနေ့တွင် ပြောကြားခဲ့သည်ဟု RT သတင်းဌာနကဖော်ပြထားသည်။

ယခုနှစ် ဖေဖော်ဝါရီလတွင် နေတိုးအုပ်စုသည် အာတိတ်ဒေသ၌ နေရာယူထားနိုင်မှုကို မြှင့်တင်သည့်အနေဖြင့် အာတိတ်စန်ထရီ စစ်ရေးလေ့ကျင့်မှုကို ပြုလုပ်ခဲ့သည်။

အာတိတ်ဒေသ၌ နေတိုးအုပ်စုက ပြုလုပ်သည့် အာတိတ်စန်ထရီအပါအဝင် စစ်ရေးလေ့ကျင့်မှုများကို ရုရှားနိုင်ငံအတွက် တိုက်ရိုက်ခြိမ်းခြောက်မှုအဖြစ် မှတ်ယူထားကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂေးလက်ဗရော့ဗ်က ယနေ့တွင် ရေးသားထားသည့် ဆောင်းပါးတစ်ပုဒ်၌ ဖော်ပြထားသည်။

ရုရှားနိုင်ငံသည် အာတိတ်ဒေသကို ရုရှား၏ အကျိုးစီးပွားတည်နေရာအဖြစ် သတ်မှတ်ထားပြီး နျူကလီးယားစွမ်းအင်သုံး ရေခဲခွဲသင်္ဘောများပါဝင်သည့် ရေတပ်အုပ်စုတစ်စုတပ်စွဲထားသည်။


ထို့ပြင် ရုရှားနိုင်ငံသည် အာတိတ်ဒေသ၌ အာရှနိုင်ငံများနှင့် ချိတ်ဆက်ထားနိုင်ရေးအတွက် ရေလမ်းကြောင်း တစ်ခုကိုလည်း ဖော်ထုတ်ထားသည်။

ရုရှားနှင့် တင်းမာမှုများ မြင့်တက်လာချိန်၊ ဂရင်းလန်းကျွန်းကိုရယူရန် အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က ကြိုးပမ်းနေချိန်တွင်အာတိတ်ဒေသ၌ နေရာယူထားနိုင်မှုကိုမြှင့်တင်ရန် နေတိုးအုပ်စုက ကြိုးပမ်းလာခြင်းဖြစ်ကြောင်းသိရသည်။

Ref : RT

Trs : KKO

## ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ ထိပ်သီးညီလာခံ တက်ရောက်ရန် တရုတ်သမ္မတ ဘစ်ရှက်ခ်မြို့သို့ရောက်ရှိ




**ဘစ်ရှက်ခ် ဩဂုတ် ၃၁**

ကာဂျစ်စတန်နိုင်ငံ၌ ကျင်းပမည့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(အက်စ်စီအို) ထိပ်သီးညီလာခံတက်ရောက်ရန် ဘစ်ရှက်ခ်မြို့၌ တရုတ်သမ္မတရှီကျင့်ဖျင်ရောက်ရှိနေပြီဖြစ်ကြောင်း ယနေ့သတင်းများ၌ ရေးသားတင်ပြခဲ့သည်ဟု Xinhua သတင်းဌာနက ဖော်ပြခဲ့သည်။

တရုတ်သမ္မတ ရှီကျင့်ဖျင်သည် ကာဂျစ်စတန်နိုင်ငံ ဘစ်ရှက်ခ်မြို့၌ ဩဂုတ် ၃၀ ရက်တွင် လေကြောင်းခရီးဖြင့် ရောက်ရှိခဲ့ခြင်းဖြစ်သည်။

တရုတ်နှင့် ကာဂျစ်စတန်နိုင်ငံတို့ကြား လက်ရှိဆက်ဆံရေးကို ရွှေခေတ် ဆက်ဆံရေးအဖြစ် တရုတ်သမ္မတ ရှီကျင့်ဖျင်က ဘစ်ရှက်ခ်မြို့သို့ ရောက်ရှိချိန်တွင် ပြောကြားခဲ့သည်။

အက်စ်စီအို ဖွဲ့စည်းတည်ထောင်မှု ၂၅ နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ဩဂုတ် ၃၁ ရက်မှစ၍ နှစ်ရက်ကြာကျင်းပမည့် အက်စ်စီအို ထိပ်သီးညီလာခံသို့ ရုရှား၊ အိန္ဒိယ၊ ပါကစ္စတန်၊ အီရန်၊ ဘယ်လာရုစ်၊ ဗဟိုအာရှဒေသနိုင်ငံများမှ ခေါင်းဆောင်များလည်း တက်ရောက်မည်ဖြစ်သည်။

ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ကို အနောက်အုပ်စုနိုင်ငံများ၏ ဩဇာလွှမ်းမိုးမှု တန်ပြန်ရေးအတွက် ၂၀၀၁ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

Ref : Xinhua

Trs : KKO

## ဥရောပသမဂ္ဂ၌ အဖွဲ့ဝင်အဖြစ် ပါဝင်ရေး ဆွေးနွေးပွဲများ ပြန်လည်စတင်ရေး အဆိုပြုချက် အိုက်စလန်ပြည်သူများ ငြင်းပယ်




**ရိုင်းခ်ဂျာဗစ်ခ် ဩဂုတ် ၃၁**

ဥရောပသမဂ္ဂ(အီးယူ)၌ အဖွဲ့ဝင်အဖြစ် ပါဝင်နိုင်ရေးဆွေးနွေးပွဲများ ပြန်လည်စတင်ရေးအဆိုပြုချက်ကို အိုက်စလန်မဲဆန္ဒရှင် ပြည်သူများက ငြင်းပယ်ခဲ့ကြောင်း ဩဂုတ် ၃၀ ရက်သတင်းများတွင် ရေးသားတင်ပြခဲ့သည်ဟု Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အိုက်စလန်နိုင်ငံသည် အီးယူ၌ အဖွဲ့ဝင်အဖြစ်ပါဝင်ရေး ဆွေးနွေးပွဲများ ပြန်လည်စတင်ရန် သင့်၊ မသင့်ကို အဆုံးဖြတ်ယူရန် ဩဂုတ် ၂၉ ရက်တွင် လူထုဆန္ဒခံယူပွဲ ကျင်းပခဲ့သည်။

ဩဂုတ် ၃၀ ရက်တွင်ပေါ်ထွက်လာသည့် လူထုဆန္ဒခံယူပွဲရလဒ်များအရ အီးယူ၌အဖွဲ့ဝင်အဖြစ် ပါဝင်ရေးဆွေးနွေးပွဲများ ပြန်လည်စတင်ရေးအဆိုပြုချက်ကို အိုက်စလန်မဲဆန္ဒရှင် ပြည်သူ ၅၁ ဒသမ ၆ ရာခိုင်နှုန်းတို့က ကန့်ကွက်မဲပေးခဲ့ပြီး ၄၈ ဒသမ ၄ ရာခိုင်နှုန်းတို့က ထောက်ခံမဲပေးခဲ့ကြသည်။

ဩဂုတ် ၂၉ ရက် လူထုဆန္ဒခံယူပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသော အိုက်စလန်ပြည်သူဦးရေ ၂၇၃၀၀၀ တို့က ပါဝင်မဲပေးခဲ့ကြောင်း သိရသည်။

ထို့ပြင် ၂၀၁၃ ခုနှစ်တွင် အိုက်စလန်နိုင်ငံ၌ အီးယူကိုလိုလားမှုမရှိသည့် အစိုးရအဖွဲ့က အာဏာရရှိခဲ့ပြီးနောက် အီးယူ၌ အဖွဲ့ဝင်အဖြစ် ပါဝင်ရေးဆွေးနွေးပွဲများ ရပ်ဆိုင်းခဲ့ရကြောင်းသိရသည်။

Ref : Xinhua

Trs : KKO

## အီရန်နိုင်ငံ လာရက်ခ်ကျွန်းကို အမေရိကန်တပ်မတော် တိုက်ခိုက်

**ဝါရှင်တန် ဩဂုတ် ၃၁**

အီရန်နိုင်ငံ လာရက်ခ်ကျွန်းပေါ်ရှိ အီရန်ဒုံးပစ်လောင်ချာနှစ်ခုကို အမေရိကန်တပ်များက ဩဂုတ် ၃၀ ရက်တွင် တိုက်ခိုက်ဖျက်ဆီးခဲ့ကြောင်း အမေရိကန်တပ်မတော်တာဝန်ရှိသူများက ထုတ်ဖော်ပြောကြားခဲ့သည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အမေရိကန် တပ်မတော်သည် တစ်လတာ ကာလအတွင်း ပထမဆုံးအကြိမ်အဖြစ် အီရန်စစ်ရေးပစ်မှတ်များကို တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ရေမြှုပ်မိုင်းများ တပ်ဆင်ထားသည့် ဒုံးကျည်များကို ပစ်လွှတ်ရန် အီရန်တော်လှန်ရေး အစောင့်တပ်က ပြင်ဆင်နေမှုကို ထောက်လှမ်းတွေ့ရှိခဲ့ပြီးနောက် ဟော်မုဇ်ရေလက်ကြားဒေသ လာရက်ခ်ကျွန်းပေါ်ရှိအဆိုပါ ဒုံးပစ်လောင်ချာများကို တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း အမေရိကန်တပ်မတော် တာဝန်ရှိသူများက ပြောကြားထားသည်။

အမေရိကန် တပ်မတော်၏ အဆိုပါတိုက်ခိုက်မှုကို တုံ့ပြန်သည့်အနေဖြင့် ဂျော်ဒန်နိုင်ငံအတွင်းရှိ အမေရိကန်စစ်စခန်းနှစ်ခုကို ဘလစ်စတစ်ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း အီရန်တော်လှန်ရေး အစောင့်တပ်က သတင်းထုတ်ပြန်ထားသည်။

သို့ရာတွင် အီရန်တော်လှန်ရေး အစောင့်တပ်က ပစ်လွှတ်ခဲ့သော ဒုံးကျည်အားလုံးနီးပါးကို ကြားဖြတ်တားဆီးနိုင်ခဲ့ပြီး အမေရိကန်စစ်စခန်းများ၌ ထိခိုက်ပျက်စီးမှုကြီးကြီးမားမား မရှိခဲ့ကြောင်း အမေရိကန် တာဝန်ရှိသူများက ပြောကြားထားသည်။

လက်ရှိတွင် အမေရိကန်အစိုးရသည် အီရန်စစ်ရေးပဋိပက္ခ ပြီးဆုံးရေးအတွက် ကြိုးပမ်းသည့်အနေဖြင့် အီရန်အပေါ် စီးပွားရေးအရေးယူပိတ်ဆို့မှုများဖြင့် ဖိအားပေးလျက်ရှိကြောင်း သိရသည်။

Ref : RT

Trs : KKO

## မက္ကာသုံးနိုင်ငံ အပြန်အလှန်ကာကွယ်ရေးစာချုပ်အရ ပထမဆုံးကော်မတီဆွေးနွေးပွဲ အစ္စတန်ဘူလ်မြို့၌ ကျင်းပမည်

**အင်ကာရာ ဩဂုတ် ၃၁**

မက္ကာသုံးနိုင်ငံ အပြန်အလှန်ကာကွယ်ရေး သဘောတူညီချက်စာချုပ်အရ ပထမဆုံးကော်မတီဆွေးနွေးပွဲကို တူကီယဲ၊ ဆော်ဒီအာရေဗျ၊ ပါကစ္စတန်နိုင်ငံတို့က ယနေ့တွင် အစ္စတန်ဘူလ်မြို့၌ တွေ့ဆုံဆွေးနွေးရန် စီစဉ်ထားကြောင်း တူကီယဲနိုင်ငံခြားရေးဝန်ကြီးဌာန သတင်းအရင်းအမြစ်များက ပြောကြားခဲ့သည်ဟု RT သတင်းဌာနက ဖော်ပြထားသည်။



တူကီယဲ၊ ဆော်ဒီအာရေဗျ၊ ပါကစ္စတန်နိုင်ငံတို့သည် မက္ကာသုံးနိုင်ငံ အပြန်အလှန်ကာကွယ်ရေးသဘောတူညီချက်ကို ဩဂုတ် ၇ ရက်တွင် ဆော်ဒီအာရေဗျနိုင်ငံ မက္ကာမြို့၌ လက်မှတ်ရေးထိုးခဲ့ကြသည်။

မက္ကာစာချုပ်အရ စာချုပ်တွင် ပါဝင်သော နိုင်ငံတစ်နိုင်ငံသည် စစ်ရေးအရ တိုက်ခိုက်ခံရပါက သုံးနိုင်ငံလုံးကို တိုက်ခိုက်မှုအဖြစ် မှတ်ယူမည်ဖြစ်သည်။

အမေရိကန်နှင့် အီရန်နိုင်ငံတို့ကြား စစ်ရေးပဋိပက္ခဖြစ်ပွားနေချိန်တွင် တူကီယဲ၊ ဆော်ဒီအာရေဗျ၊ ပါကစ္စတန်တို့က မက္ကာစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။

မက္ကာစာချုပ်အရ ပထမဆုံး ကျင်းပမည့် ကော်မတီဆွေးနွေးပွဲတွင် တူကီယဲ၊ ဆော်ဒီအာရေဗျ၊ ပါကစ္စတန်နိုင်ငံခြားရေး ဝန်ကြီးများနှင့် ကာကွယ်ရေးဝန်ကြီးများ တက်ရောက်ကြမည် ဖြစ်ကြောင်း တူကီယဲနိုင်ငံခြားရေး ဝန်ကြီးဌာန တာဝန်ရှိသူများက ပြောကြားထားသည်။

အဆိုပါဆွေးနွေးပွဲတွင် သုံးနိုင်ငံ ထိပ်တန်းတာဝန်ရှိသူများ အနေဖြင့် လုံခြုံရေးကိစ္စများကို အဓိကထား ဆွေးနွေးမည်ဖြစ်ကြောင်းသိရသည်။

Ref : RT

Trs : KKO

# နာဆာက အားတီးမစ်-၃ မစ်ရှင်အတွက် SLS ဒုံးပျံပင်မဒုံးယာဉ်ကို အာရ်အက်စ်-၂၅ ဒုံးအင်ဂျင်လေးလုံးတပ်ဆင်မှု စတင်နေပြီဖြစ်



ဝါရှင်တန် ဩဂုတ် ၃၁

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)သည် အားတီးမစ်-၃ မစ်ရှင်အတွက် ကြိုတင်ပြင်ဆင်သည့် အနေဖြင့် SLS ဒုံးပျံပင်မဒုံးယာဉ်ကို အာရ်အက်စ်-၂၅ ဒုံးအင်ဂျင်လေးလုံး တပ်ဆင်မှုကို စတင်နေပြီဖြစ်ကြောင်း ဩဂုတ် ၃၀ ရက်သတင်းများအရ သိရသည်။

SLS ဒုံးပျံ ပင်မဒုံးယာဉ်၌ အာရ်အက်စ်-၂၅ ဒုံးအင်ဂျင်များ တပ်ဆင်မှုကို ဖလော်ရီဒါပြည်နယ် ကနေဒီအာကာသစခန်း၌ စတင်ပြုလုပ်နေခြင်းဖြစ်သည်။

အာရ်အက်စ်-၂၅ ဒုံးအင်ဂျင်များသည် တစ်လုံးလျှင် အလေးချိန် ပေါင် ၇၇၀၀ ရှိပြီး တွန်းပင့်အားပေါင် ၅၀၀၀၀၀ ထိ ထုတ်ပေးနိုင်သော ဒုံးအင်ဂျင်များဖြစ်ကြောင်း သိရသည်။

SLS ဒုံးပျံကို လွှတ်တင်ချိန်တွင် အာရ်အက်စ်-၂၅ ဒုံးအင်ဂျင်များသည် လောင်စာရည် တစ်စက္ကန့်လျှင် ဂါလန် ၁၅၀၀ နှုန်းဖြင့် သုံးစွဲ၍ ရှစ်မိနစ်ကြာ လည်ပတ်မည်ဖြစ်ကြောင်း သိရသည်။

နာဆာအဖွဲ့သည် အားတီးမစ်-၃ မစ်ရှင်ကို ၂၀၂၇ ခုနှစ် ဇွန် ၉ ရက်တွင် လွှတ်တင်ရန်စီစဉ်ထားပြီး အဆိုပါ မစ်ရှင်အတွင်း SLS ဒုံးပျံသည် အာကာသယာဉ်မှူး လေးဦးလိုက်ပါမည့် အိုရီယွန် အာကာသယာဉ်ကို လကမ္ဘာအနီးသို့ ပို့ဆောင်ပေးမည်ဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

# Xylitol သကြားဓာတ်တစ်မျိုးစားသုံးမှုက နှလုံးရှုတ်တရက်ဖောက်နိုင်ခြေ မြင့်တက်လာနိုင်

ဘာလင် ဩဂုတ် ၃၁

Chewing Gum ခေါ် ပီကေများတွင်ပါဝင်သည့် သကြားဓာတ်တစ်မျိုးစားသုံးမှုသည် နှလုံးရုတ်တရက်ဖောက်နိုင်ခြေ မြင့်တက်လာနိုင်ကြောင်း ဂျာမနီသုတေသနပညာရှင်များ၏ အဆိုကိုကိုးကား၍ ဩဂုတ် ၃၀ ရက်သတင်းများတွင် ရေးသားဖော်ပြထားသည်။

ဂျာမနီ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ Xylitol ခေါ် အထက်ပါ သကြားဓာတ်စားသုံးမှုမြင့်မားသူများသည် မစားသုံးသူများနှင့် နှိုင်းယှဉ်ပါက နှလုံး ရုတ်တရက်ဖောက်နိုင်ခြေနှင့် လေဖြတ်နိုင်ခြေ ၅၇ ရာခိုင်နှုန်းထိ မြင့်မားလာတတ်ကြောင်း သိရသည်။

Xylitol သကြားဓာတ်သည် ကိုယ်ခန္ဓာအတွင်း သဘာဝအလျောက် ပေါ်ထွက်လာတတ်သည့် သကြားဓာတ်တစ်မျိုးဖြစ်ပြီး အစားအစာနှင့် အဖျော်ယမကာများတွင်လည်း ထည့်သွင်းအသုံးပြုလေ့ရှိကြောင်း၊ Xylitol သကြားဓာတ်သည် သွားပိုးစားမှုကို ကာကွယ်ရာတွင် အထောက်အကူပြုနိုင်ကြောင်း သုတေသနပညာရှင်များက ယုံကြည်ထားသည်ဟု သိရသည်။

Xylitol သကြားဓာတ်စားသုံးမှု မြင့်မားခြင်းသည် နှလုံးကျန်းမာရေးပြဿနာများ ပေါ်ထွက်လာနိုင်ခြေ မြင့်မားမှုနှင့်လည်း ဆက်စပ်နေကြောင်း သိရသည်။

ဂျာမနီ သုတေသနပညာရှင်များသည် လူပေါင်း ၁၇၇၁၀ တို့၏ Xylitol သကြားဓာတ်စားသုံးမှုနှင့် နှလုံးကျန်းမာရေးပြဿနာများကို နှိုင်းယှဉ်လေ့လာခဲ့ပြီးနောက် ၎င်းတို့၏ တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

# နာဆာ၏ ဆွစ်ဖ်အာကာသရေဒီယိုတယ်လီစကုပ်က အာကာသဟင်းလင်းပြင် စူးစမ်းလေ့လာရေးလုပ်ငန်းများကို ပြန်လည်စတင်နေ

ဝါရှင်တန် ဩဂုတ် ၃၁

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ ဆွစ်ဖ်အာကာသရေဒီယိုတယ်လီစကုပ်သည် အာကာသဟင်းလင်းပြင် စူးစမ်းလေ့လာရေးလုပ်ငန်းများကို ပြန်လည်စတင်နေပြီဖြစ်ကြောင်း ဩဂုတ် ၃၀ ရက်သတင်းများအရ သိရသည်။



ဆွစ်ဖ် အာကာသရေဒီယိုတယ်လီစကုပ်၏ ပတ်လမ်းအမြင့်ကို မြှင့်တင်ပေးမည့် လင့်ခ်မစ်ရှင် ပျက်ပြားခဲ့ရပြီးနောက် ဆွစ်ဖ်အာကာသ ရေဒီယိုတယ်လီစကုပ်က အာကာသဟင်းလင်းပြင်စူးစမ်းလေ့လာရေးလုပ်ငန်းများပြန်လည်စတင်ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ဆွစ်ဖ် အာကာသရေဒီယိုတယ်လီစကုပ်သည် ၎င်းတွင် တပ်ဆင်ထားသည့် ခရမ်းလွန်ရောင်ခြည်တယ်လီစကုပ်နှင့် X-Ray ရောင်ခြည် တယ်လီစကုပ်တို့ကို ဩဂုတ် ၂၇ ရက်က ပြန်ဖွင့်ထားကြောင်း နာဆာတာဝန်ရှိသူများက ပြောကြားသည်။

နာဆာအဖွဲ့သည် ဆွစ်ဖ် အာကာသ ရေဒီယိုတယ်လီစကုပ် ရင်ဆိုင်နေရသော လေထုလွှာပွတ်အားဒဏ်ကို လျှော့ချရန်နှင့် ပတ်လမ်းအမြင့် မြှင့်တင်ရေး ကြိုးပမ်းမှုများကို အထောက်အကူပြုနိုင်ရန်အတွက် အထက်ပါရေဒီယိုတယ်လီစကုပ်စနစ်များကို ယခုနှစ် ဖေဖော်ဝါရီလမှစ၍ ပိတ်ထားခဲ့ခြင်းဖြစ်သည်။

သို့ရာတွင် ဆွစ်ဖ်အာကာသရေဒီယိုတယ်လီစကုပ်၏ပတ်လမ်းအမြင့်ကိုမြှင့်တင်ပေးမည့် လင့်ခ်မစ်ရှင် ပျက်ပြားခဲ့ရပြီးနောက် အထက်ပါရေဒီယိုတယ်လီစကုပ်စနစ် နှစ်ခုကို ပြန်ဖွင့်ခဲ့ခြင်းဖြစ်ကြောင်း နာဆာတာဝန်ရှိသူများက ပြောကြားသည်။

လင့်ခ်မစ်ရှင် ပျက်ပြားခဲ့ရပြီးနောက် ဆွစ်ဖ်အာကာသရေဒီယိုတယ်လီစကုပ်သည် ယခုနှစ်ကုန်ပိုင်းတွင် ကမ္ဘာ့လေထုလွှာအတွင်းသို့ ပြန်လည်ဝင်ရောက်လာမည်ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

# ပန်ကရိယကင်ဆာလူနာများအတွက် ဆေးသစ်တစ်မျိုးသုံးစွဲခွင့် FDA အတည်ပြု

နယူးယောက် ဩဂုတ် ၃၁

ပန်ကရိယ ကင်ဆာရောဂါလူနာများ၏ အသက်ရှင်နိုင်ခွင့် အလားအလာကို နှစ်ဆမြှင့်တင်ပေးနိုင်မည့် ဆေးသစ်တစ်မျိုး သုံးစွဲခွင့်ကို အမေရိကန် အစားအစာနှင့် ဆေးဝါးလုံခြုံရေးအေဂျင်စီ (FDA)က အတည်ပြုလိုက်ကြောင်း ဩဂုတ် ၃၀ ရက်သတင်းများအရ သိရသည်။

Daraxonrasib အမည်ရှိ အထက်ပါဆေးသစ်သည် KRAS ခေါ် ဖောက်ပြန်နေသည့် မျိုးဗီဇတစ်မျိုးကို ထိန်းချုပ်ပေးခြင်းဖြင့် ပန်ကရိယကင်ဆာရောဂါကို ကုသပေးသည့် ဆေးဖြစ်သည်။

KRAS မျိုးဗီဇသည် ပန်ကရိယကင်ဆာရောဂါ ဖြစ်ပွားမှု ၉၀ ရာခိုင်နှုန်းနှင့် ဆက်စပ်နေသော မျိုးဗီဇဖြစ်ကြောင်း သုတေသနပညာရှင်များ၏အဆိုအရသိရသည်။


ယခုနှစ်စပိုင်းအတွင်းပြုလုပ်ခဲ့သော လက်တွေ့စမ်းသပ်မှုများမှ ပေါ်ထွက်လာသည့် ရလဒ်များအရ Daraxonrasib ဆေးသည် ပန်ကရိယကင်ဆာလူနာများ၏ အသက်ရှင်နိုင်ခွင့်အလားအလာကို ဓာတုကုထုံးများထက် နှစ်ဆမြှင့်တင်ပေးနိုင်ပြီး ဘဝသက်တမ်းကို ဆန့်ထုတ်ပေးနိုင်ကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

Daraxonrasib ဆေးကို အခြားကိုယ်တွင်းအင်္ဂါများသို့ ကင်ဆာဆဲလ်များ ပျံ့နှံ့နေပြီး ဓာတုကုထုံးခံယူနေကြရသူ ပန်ကရိယကင်ဆာလူနာများသုံးစွဲရန် FDA ကအတည်ပြုချက်ပေးထားသည်။

Daraxonrasib ဆေးကို အမေရိကန်နိုင်ငံအခြေစိုက် ဇီဝနည်းပညာကုမ္ပဏီတစ်ခုဖြစ်သည့် Revolution Medicines ကုမ္ပဏီက ထုတ်လုပ်ထားခြင်းဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO



# ဆိုက်ဂနက်စ် အိတ်စ်အယ်လ်အာကာသကုန်တင်ယာဉ်က နိုင်ငံတကာအာကာသစခန်းယာဉ်၏ ပတ်လမ်းအမြင့်ကို မြှင့်တင်ပေးခဲ့

ဝါရှင်တန် ဩဂုတ် ၃၁

အမေရိကန်နိုင်ငံ အခြေစိုက် နော့သ်ရော့ဂရူးမင်း ကုမ္ပဏီ၏ ဆိုက်ဂနက်စ် အိတ်စ်အယ်လ် အာကာသ ကုန်တင်ယာဉ်သည် နိုင်ငံတကာ အာကာသစခန်းယာဉ်၏ ပတ်လမ်းအမြင့်ကို အောင်မြင်စွာ မြှင့်တင်ပေးခဲ့ကြောင်း ဩဂုတ် ၃၀ ရက်သတင်းများအရသိရသည်။

ဆိုက်ဂနက်စ်အိတ်စ်အယ်လ် အာကာသယာဉ်သည် နိုင်ငံတကာ အာကာသစခန်း၏ ပတ်လမ်းအမြင့်ကို ဩဂုတ် ၂၉ ရက်တွင် မြှင့်တင်ပေးခဲ့ခြင်းဖြစ်ပြီး အဆိုပါမစ်ရှင်အတွင်း ဆိုက်ဂနက်စ်အိတ်စ်အယ်လ် အာကာသကုန်တင်ယာဉ်သည် ၎င်း၏ဒုံးကန်အားစနစ်များကို မိနစ် ၂၀ နှင့် ၄၃ စက္ကန့်ကြာဖွင့်၍ နိုင်ငံတကာ အာကာသစခန်း၏ပတ်လမ်းအမြင့်ကို မြှင့်တင်ပေးခဲ့ခြင်းဖြစ်သည်။

နော့သ်ရော့ဂရူးမင်း ကုမ္ပဏီသည် ဆိုက်ဂနက်အိတ်စ်အယ်လ် အာကာသကုန်တင်ယာဉ်ကို ယခုနှစ် ဧပြီလအတွင်းက လွှတ်တင်ခဲ့ခြင်းဖြစ်ပြီး အဆိုပါ အာကာသကုန်တင်ယာဉ်သည် နိုင်ငံတကာ အာကာသစခန်းအတွက် စားနပ်ရိက္ခာနှင့် အခြားအထောက်အပံ့ပစ္စည်း ပေါင် ၁၁၀၀၀ ကျော်ကို သယ်ဆောင်သွားခဲ့သည်။

ဆိုက်ဂနက်စ်အိတ်စ်အယ်လ် အာကာသ ကုန်တင်ယာဉ်သည် နိုင်ငံတကာ အာကာသစခန်း၌ ယခုနှစ် အောက်တိုဘာလထိ ဆိုက်ကပ်ထားမည်ဖြစ်သည်။

ရှေးယခင်က နိုင်ငံတကာ အာကာသစခန်းယာဉ် ပတ်လမ်းအမြင့် မြှင့်တင်မှုများကို ရုရှားအာကာသအေဂျင်စီ၏ ပရိုဂရက်စ် အာကာသ ကုန်တင်ယာဉ်များက ပြုလုပ်ပေးခဲ့ကြကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

# အာရှယူ-၂၀ပြိုင်ပွဲ ခြေစစ်ပွဲ အုပ်စုအဖွင့်ပွဲစဉ်တွင် မြန်မာယူ-၂၀အသင်းက သီရိလင်္ကာယူ-၂၀ အသင်းကို ဂိုးပြတ်အနိုင်ရရှိ



**ရန်ကုန် ဩဂုတ် ၃၁**

အာရှယူ-၂၀ပြိုင်ပွဲ ခြေစစ်ပွဲ အုပ်စုအဖွင့် ပွဲစဉ်အဖြစ် ယနေ့ ညနေ ၄ နာရီခွဲက ရန်ကုန်မြို့ သုဝဏ္ဏ အားကစားကွင်းတွင် မြန်မာယူ-၂၀အသင်းနှင့် သီရိလင်္ကာယူ-၂၀ အသင်းတို့ကစားခဲ့ရာ မြန်မာယူ-၂၀ အသင်းက ဂိုးပြတ် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက မြန်မာယူ-၂၀ အသင်းက ခြေစွမ်းပိုင်းအသာဖြင့် ဖိအားပေး ကစားခဲ့ကာ ပွဲချိန် ၁၈ မိနစ်တွင် စိုင်းဘိုဘိုကျော်၊ ပွဲချိန် ၂၆ မိနစ်နှင့် ၃၉ မိနစ်တို့တွင် ကောင်းခန့်ကျော်တို့က မြန်မာယူ-၂၀ အသင်း အတွက် ဦးဆောင်ဂိုးများသွင်းယူခဲ့ပြီး ပထမပိုင်းအပြီးတွင် မြန်မာယူ-၂၀ အသင်းက သုံးဂိုး ဂိုးမရှိဖြင့် ဦးဆောင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင်လည်း မြန်မာယူ-၂၀ အသင်းက ဆက်လက်ဖိအားပေး ကစားခဲ့ကာ ပွဲချိန် ၈၆ မိနစ်တွင် စိုင်းဇွန်ချမ်းက မြန်မာယူ-၂၀ အသင်းအတွက် စတုတ္ထ ဦးဆောင်ဂိုး သွင်းယူခဲ့ပြီး ပွဲပြီးဆုံးချိန်တွင် မြန်မာယူ-၂၀အသင်းက သီရိလင်္ကာယူ-၂၀ အသင်းကို လေးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။

အာရှယူ-၂၀ ပြိုင်ပွဲ ခြေစစ်ပွဲ အုပ်စုဒုတိယပွဲစဉ်အဖြစ် မြန်မာယူ-၂၀ အသင်းသည် စက်တင်ဘာ ၃ရက်တွင် ဘရူနိုင်းယူ-၂၀ အသင်းနှင့် ဆက်လက်ကစားရမည်ဖြစ်ကြောင်းသိရသည်။ **STA**

# အာရှအမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင် အိမ်ရှင်တရုတ်အသင်းကိုအနိုင်ရပြီး ထိုင်းအသင်း ပထမဆုံးအကြိမ် ချန်ပီယံဆုဖလားဆွတ်ခူး




**ပေကျင်း ဩဂုတ် ၃၁**

တရုတ်နိုင်ငံတွင် ကျင်းပခဲ့သည့် အာရှအမျိုးသမီး ဘော်လီဘော ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် ဩဂုတ် ၃၀ ရက်က အိမ်ရှင်တရုတ်အသင်း နှင့် ထိုင်းအသင်းတို့ ကစားခဲ့ရာ ထိုင်းအသင်းက သုံးပွဲနှစ်ပွဲရလဒ် ဖြင့်အနိုင်ရပြီး ချန်ပီယံဆုဖလား ဆွတ်ခူးခဲ့ကြောင်း asiavolleyball.com သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါဗိုလ်လုပွဲစဉ် ပထမ ပွဲငယ်တွင် ထိုင်းအသင်းက (၂၅-၂၀) မှတ်ဖြင့် အနိုင်ရကာ ဦးဆောင်ခဲ့ပြီး ဒုတိယပွဲငယ်တွင် အိမ်ရှင် တရုတ်အသင်းက(၂၅-၁၁) မှတ်ဖြင့်လည်းကောင်း၊ တတိယပွဲငယ်တွင်လည်း တရုတ်အသင်းက (၂၅-၂၃)မှတ်ဖြင့် ဆက်လက်အနိုင်ရပြီး ချန်ပီယံဆုဖလားဆွတ်ခူးနိုင်ရန် နီးစပ်ခဲ့ခြင်းဖြစ်သည်။

သို့သော် စတုတ္ထပွဲငယ်တွင် ထိုင်းအသင်းက (၂၅-၁၈) မှတ်ဖြင့် ပြန်လည်အနိုင်ရခဲ့သည့်အတွက် နောက်ဆုံး အဆုံးအဖြတ်ပွဲဖြစ်သည့် ပဉ္စမ ပွဲငယ်တွင် ထိုင်းအသင်းက (၁၅-၁၀) မှတ်ဖြင့် ထပ်မံအနိုင်ရပြီး ချန်ပီယံဆုဖလားကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

အာရှအမျိုးသမီးဘော်လီဘော ပြိုင်ပွဲကို ဩဂုတ် ၂၁ ရက်မှ ၃၀ ရက်ထိ တရုတ်နိုင်ငံ Tianjin မြို့တွင်ကျင်းပခဲ့ပြီး ချန်ပီယံဆုဖလားကိုဆွတ်ခူးခဲ့သည့် ထိုင်းအသင်းသည် ၂၀၂၈ ခုနှစ်တွင် အမေရိကန်နိုင်ငံ၌ ကျင်းပမည့် အိုလံပစ် အားကစားပြိုင်ပွဲသို့ ဝင်ရောက် ကစားခွင့်ရရှိခဲ့ကြောင်း သိရသည်။

**Ref : asiavolleyball.com**

**Trs : STA**

# အာရှအမျိုးသမီးချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စုအဆင့်ပွဲစဉ်များကို အိမ်ရှင်အဖြစ် လက်ခံကျင်းပရန်လျာထားသည့်နိုင်ငံများတွင် မြန်မာနိုင်ငံပါဝင်

**ရန်ကုန် ဩဂုတ် ၃၁**

အာရှအမျိုးသမီး ချန်ပီယံလိဂ် ပြိုင်ပွဲအုပ်စုအဆင့် ပွဲစဉ်များကို အိမ်ရှင်အဖြစ် လက်ခံကျင်းပရန် လျာထားခံရသည့် နိုင်ငံများတွင် မြန်မာနိုင်ငံ ပါဝင်နေကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲကို ပြိုင်ပွဲဝင် အသင်း ၁၂ သင်းဖြင့် သုံးအုပ်စုခွဲကာကျင်းပမည်ဖြစ်ပြီး အုပ်စုတစ်ခုချင်းစီတွင် အိမ်ရှင်နိုင်ငံတစ်နိုင်ငံ သတ်မှတ် ကျင်းပမည်ဖြစ်ရာ အိမ်ရှင်အဖြစ် ကျင်းပရန် လျာထားခံရသည့် နိုင်ငံများ တွင် မြန်မာနိုင်ငံပါဝင်နေခြင်း ဖြစ်သည်။

အာရှအမျိုးသမီး ချန်ပီယံလိဂ် ပြိုင်ပွဲကို မြန်မာနိုင်ငံကိုယ်စားပြု အဖြစ် ဧရာဝတီအသင်းက ဝင်ခွင့် ရရှိထားပြီး ပြီးခဲ့သည့် ခြေစစ်ပွဲ အဆင့် အုပ်စုပွဲစဉ်များကိုလည်း သုဝဏ္ဏ အားကစားကွင်းတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပ ခဲ့ခြင်းဖြစ်သည်။

ဧရာဝတီအသင်းသည် ခြေစစ်ပွဲ အဆင့်တွင် အုပ်စုပထမနေရာ၌ ရပ်တည်ခဲ့သည့် အတွက် ခြေစစ်ပွဲအောင်မြင်ခဲ့ပြီး မြန်မာ နိုင်ငံကိုယ်စားပြုအဖြစ် ပြိုင်ပွဲ ဝင်ခွင့်ရရှိထားကာ လာမည့် အုပ်စုအဆင့် ပွဲစဉ်များကိုလည်း အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့် ရရှိရန် နီးစပ်နေခြင်းဖြစ်သည်။

လက်ရှိတွင် အာရှဘောလုံး အဖွဲ့ချုပ်(အေအက်ဖ်စီ) က လာမည့် အုပ်စုပွဲစဉ်များကို အိမ်ရှင်အဖြစ် လက်ခံကျင်းပရန် အတွက် မြန်မာနိုင်ငံနှင့်အတူ အိန္ဒိယနိုင်ငံနှင့် ဥဇဘက်ကစ္စတန်နိုင်ငံတို့ကို လျာထားခြင်း ဖြစ်သည်။

အဆိုပါပြိုင်ပွဲ အုပ်စုမဲခွဲမှုကို စက်တင်ဘာ ၃ ရက်တွင် မလေးရှား နိုင်ငံ၌ ကျင်းပမည်ဖြစ်ပြီး အုပ်စုမဲခွဲပွဲအခမ်းအနားတွင် အုပ်စု ပွဲစဉ်များကို လက်ခံကျင်းပမည့် နိုင်ငံများကို အတည်ပြုကြေညာ မည်ဖြစ်ကြောင်းသိရသည်။ **STA**

# မြန်မာလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁)အပြီး ဒဂုံစတားအသင်း အမှတ်ပေးဇယားထိပ်ဆုံးမှ ဦးဆောင်

**ရန်ကုန် ဩဂုတ် ၃၁**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပနေသည့် မြန်မာလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁)ပွဲစဉ်များ ဩဂုတ် ၃၀ ရက်က ပြီးဆုံးခဲ့ရာ ဒဂုံစတားအသင်းက အမှတ်ပေး ဇယားထိပ်ဆုံးမှ ဦးဆောင်နေ ကြောင်းသိရသည်။

ယခုနှစ်ဘောလုံးရာသီ မြန်မာလိဂ်ပြိုင်ပွဲ ရာသီအဖွင့်ပွဲစဉ်တွင် ကလပ်အသင်း လေးသင်းသာ နိုင်ပွဲရရှိခဲ့ပြီး လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းအနေဖြင့် အဖွင့်ပွဲစဉ်တွင် နိုင်ပွဲပျောက်ဆုံး ခဲ့ခြင်းဖြစ်သည်။

မြန်မာလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁) အပြီးတွင် ဒဂုံစတားအသင်းက ဂိုးကွာခြားချက်အသာ ရမှတ်သုံးမှတ်ဖြင့် အမှတ်ပေးဇယားထိပ်ဆုံး မှဦးဆောင်ခဲ့ပြီး ရန်ကုန်ယူနိုက်တက်အသင်း၊ ဧရာဝတီယူနိုက်တက်အသင်း၊ ရတနာပုံအက်ဖ်စီ အသင်းတို့ကလည်း ရမှတ်သုံးမှတ်စီ ဂိုးကွာခြားချက်ဖြင့် အစဉ်လိုက် ရပ်တည်နေကြသည်။

မြန်မာလိဂ်ပြိုင်ပွဲ ပွဲစဉ်(၂)ပွဲစဉ်များကို စက်တင်ဘာ ၄ ရက်တွင် ဆက်လက် ကျင်းပမည်ဖြစ်ပြီး ရန်ကုန်စီးတီးအသင်းနှင့် ရတနာပုံ အက်ဖ်စီအသင်း၊ ချင်းလန်းအက်ဖ်စီအသင်းနှင့် ရန်ကုန်ယူနိုက်တက် အသင်း၊မြဝတီအက်ဖ်စီအသင်းနှင့် ရှမ်းယူနိုက်တက်အသင်း၊ သစ္စာ အားမာန်အသင်းနှင့် ဟံသာဝတီ ယူနိုက်တက်အသင်း၊ ISPE အသင်းနှင့် စစ်ကိုင်းယူနိုက်တက် အသင်း၊ ဧရာဝတီယူနိုက်တက် အသင်းနှင့် ဒဂုံစတားအသင်းတို့ ဆက်လက် ကစားမည်ဖြစ် ကြောင်းသိရသည်။

**STA**

# Asian Open School Invitational Swimming ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ရွှေ၊ ငွေ၊ ကြေး စုစုပေါင်းဆုတံဆိပ် ၅၇ ခုဆွတ်ခူး




**ရန်ကုန် ဩဂုတ် ၃၁**

ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် Asian Open School Invitational Swimming ပြိုင်ပွဲတွင် မြန်မာနိုင်ငံ ကိုယ်စားပြုအဖြစ် AQUA King Myanmar Swimming Club မှ ကစားသမားများ ဝင်ရောက် ယှဉ်ပြိုင်ခဲ့ရာ ရွှေ၊ ငွေ၊ ကြေး စုစုပေါင်း ဆုတံဆိပ် ၅၇ ခုဆွတ်ခူး ခဲ့ကြောင်းသိရသည်။

Asian Open School Invitational Swimming ပြိုင်ပွဲကို ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ Assumption Aquatic Center ၌ ဩဂုတ် ၂၉ ရက်နှင့် ၃၀ ရက်တို့ တွင် နှစ်ရက်တာကျင်းပခဲ့ပြီး အိမ်ရှင်ထိုင်းနိုင်ငံအပါအဝင် နိုင်ငံ ၁၆ နိုင်ငံမှ ကလပ်အသင်း ၇၃သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် AQUA King Myanmar Swimming Clubမှ ကစားသမားများသည် ရွှေတံဆိပ် ၁၃ခု၊ ငွေတံဆိပ်၂၅ ခု၊ ကြေးတံဆိပ် ၁၉ခု စုစုပေါင်းဆုတံဆိပ် ၅၇ ခု ဆွတ်ခူးခဲ့ပြီး တစ်ဦးချင်းအကောင်း ဆုံးဆုများအဖြစ် အသက်ကိုးနှစ် အောက် အမျိုးသားပြိုင်ပွဲတွင် ဆက်အောင်ဟိန်းက အကောင်း ဆုံးတတိယဆု၊ အသက် ၁၆ နှစ် အောက်အမျိုးသမီး ပြိုင်ပွဲတွင် ဖြိုးသက်သခင်အောင် က အကောင်းဆုံး ဒုတိယဆုတို့ကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

Asian Open School Invitational Swimming ပြိုင်ပွဲတွင် ပြိုင်ပွဲအပြီး နိုင်ငံအလိုက်အဆင့် ရပ်တည်မှုတွင်လည်း မြန်မာနိုင်ငံ က အဆင့်(၅)နေရာ၌ ရပ်တည်ခဲ့ပြီး ဆုဖလားကိုပါ ဆွတ်ခူးခဲ့ကြောင်း သိရသည်။

**STA**

# ဝေလနိုင်ငံ ဂွန့်တ်မြို့တွင် မိုးသည်းထန်စွာရွာသွန်းနေပြီး ရေဘေးအန္တရာယ် သတိပေးချက်ထုတ်ပြန်



**ကာဒစ်ဖ် ဩဂုတ် ၃၁**

ဝေလနိုင်ငံ ဂွန့်တ်မြို့တွင် မိုးသည်းထန်စွာ ရွာသွန်းနေပြီး မိုးရေချိန် မြင့်မားသည့်အတွက် ရေဘေးအန္တရာယ် ဖြစ်ပေါ်လာနိုင်သဖြင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအေဂျင်စီက သတိပေးချက် ထုတ်ပြန်ထားကြောင်း ယနေ့သတင်းများတွင် ဖော်ပြထားသည်။

မိုးရေချိန်မြင့်မားမှုနှင့် အတူ လေပြင်းလည်း တိုက်ခတ်နေပြီး သစ်ပင်သစ်ကိုင်းများလည်း ကျိုးကျကာ လမ်းတချို့ ရေလွှမ်းနေသည့်အတွက် လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်မှုများ ဖြစ်ပေါ်နေကြောင်း၊ ဂွန့်တ်မြို့တွင် ရေကြီးရေလျှံမှုဖြစ်ပေါ်လာနိုင်ပြီး ဂွန့်တ်မြို့နှင့်အတူ နယူးပေါ့မြို့၊ ကာဒီလီမြို့၊ မွန်မောက်ရှိုင်းယားမြို့တို့တွင်လည်း ရေကြီးရေလျှံမှု ဖြစ်ပေါ်လာနိုင်ကြောင်း၊ ဂွန့်တ်မြို့၏ ကုန်းနိမ့်ပိုင်း နေရာတချို့တွင် ရေကြီးရေလျှံမှု စတင်ဖြစ်ပေါ်နေပြီး လမ်းမကြီးတချို့ကို ယာယီပိတ်ထားကြောင်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး အေဂျင်စီက ထုတ်ပြန်သွားခဲ့သည်။

"ဂွန့်တ်မြို့မှာ မိုးသည်းထန်စွာ ရွာသွန်းနေပြီးတော့ ကုန်းနိမ့်ပိုင်း တချို့မှာတော့ ရေလွှမ်းနေပါတယ်။ ဒါကြောင့် ရေကြီးရေလျှံမှု အန္တရာယ်သတိပေးချက် ထုတ်ပြန်ထားပါတယ်။ ရေလွှမ်းနေတဲ့ ဧရိယာတွေမှာတော့ ဖြတ်သန်းသွားလာခြင်းမပြုဖို့အတွက် တားမြစ်ထားပါတယ်။ ကယ်ဆယ်ရေး ဝန်ထမ်းတွေကိုလဲ ကယ်ဆယ်ရေး လုပ်ငန်းတွေ ဆောင်ရွက်သွားဖို့အတွက် ကြိုတင်စုဖွဲ့မှုတွေပြုလုပ်နေပါတယ်"ဟု သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအေဂျင်စီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသွားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

# ဆိုက်ပရပ်စ်နိုင်ငံတွင် မုန်တိုင်းဝင်ရောက်တိုက်ခတ်ပြီး မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့် သစ်ပင်များပြိုလဲခြင်းတို့ဖြစ်ပေါ်ခဲ့

**နီကိုရှား ဩဂုတ် ၃၁**

ဆိုက်ပရပ်စ်နိုင်ငံတွင် မုန်တိုင်းဝင်ရောက်တိုက်ခတ်ပြီး မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် သစ်ပင်များ ပြိုလဲခြင်းတို့ ဖြစ်ပေါ်ခဲ့ကြောင်း ဩဂုတ် ၃၀ ရက် သတင်းများအရ သိရသည်။

ဩဂုတ် ၂၉ ရက်က တိုက်ခတ်ခဲ့သည့် မုန်တိုင်းကြောင့် ဆိုက်ပရပ်စ် ကမ်းလွန်တွင် လှေသုံးစင်း ကျောက်ဆောင်များနှင့် တိုက်မိကာ နစ်မြုပ်သွားပြီးနောက် လူတစ်ဦးသေဆုံး၊ နှစ်ဦးဒဏ်ရာရရှိခဲ့ပြီးခြောက်ဦးကို ကယ်ဆယ်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်ရပ်သည် ဆိုက်ပရပ်စ်ကျွန်း၏ အရှေ့တောင်ဘက် ကမ်းရိုးတန်းအနီးတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး အသက်ရှင်ကျန်ရစ်သူ နှစ်ဦးမှာ ဆေးရုံတွင် ဆေးကုသမှုခံယူနေရကြောင်း သိရသည်။



မုန်တိုင်းဝင်ရောက်တိုက်ခတ်ချိန်တွင်လေပြင်းများနှင့် လှိုင်းကြီးများကြောင့် ပင်လယ်ပြင်အခြေအနေဆိုးရွားခဲ့ပြီး လှေများမှာ ကျောက်ဆောင်များနှင့် တိုက်မိကာ နစ်မြုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ ဖြစ်စဉ်အပြီးတွင် ကယ်ဆယ်ရေးအဖွဲ့များက ပင်လယ်ပြင်အတွင်း ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထို့ပြင် မုန်တိုင်းကြောင့်မိုးသည်းထန်စွာရွာသွန်းမှုနှင့် လေပြင်းတိုက်ခတ်မှုများသည် မြေထဲပင်လယ်အတွင်းရှိ ဆိုက်ပရပ်စ်ကျွန်း တစ်လျှောက်ကို ဖြတ်သန်းတိုက်ခတ်ခဲ့ပြီး နေရာအများအပြားတွင် လမ်းများ ရေလွှမ်းခြင်း၊ မြေပြိုခြင်းနှင့် သစ်ပင်များပြိုလဲခြင်းတို့ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

Ref : Sputnik News
Trs : KZ

# နီပေါနိုင်ငံတွင် ရေဘေးသင့်ပြည်သူများအတွက် အမေရိကန်အစိုးရက ကန်ဒေါ်လာ ၃ ဒသမ ၆ သန်း ကူညီပေးမည်

**ဝါရှင်တန် ဩဂုတ် ၃၁**

နီပေါနိုင်ငံတွင် ဆိုးရွားသည့် ရေကြီးရေလျှံမှုဖြင့် ရင်ဆိုင်ခဲ့ရပြီးနောက် အမေရိကန်အစိုးရက လူသားချင်း စာနာထောက်ထားမှု အစီအစဉ်အရ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အသုံးပြုသွားရန်အတွက် အမေရိကန်ဒေါ်လာ ၃ ဒသမ ၆ သန်းကူညီပေးသွားမည်ဖြစ်ကြောင်း ဩဂုတ် ၃၀ ရက် သတင်းများတွင်ဖော်ပြထားသည်။

ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်နေရသည့်ပြည်သူ ၁၀၀၀၀၀ ကျော် ထိခိုက်နေပြီး ပြန်လည်ထူထောင်ရေးအတွက် ငွေကြေးထောက်ပံ့မှုအပြင် ရေဘေးဒဏ်သင့်ပြည်သူများအတွက်သုံးလစာ စားနပ်ရိက္ခာကိုလည်း ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း၊ အမေရိကန်အစိုးရက နီပေါနိုင်ငံသားများ ရင်ဆိုင်နေရသည့် သဘာဝဘေးဒဏ်နှင့်ပတ်သက်ပြီး အမေရိကန်နိုင်ငံအနေဖြင့်လည်း နီပေါနိုင်ငံအတွက် အပြည့်အဝ ရပ်တည်ပေးသွားမည်ဖြစ်သကဲ့သို့ အခြားသော လိုအပ်သည့် အကူအညီများကို ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်သွားခဲ့သည်။

"နီပေါနိုင်ငံမှာ ရောက်ရှိနေတဲ့ အမေရိကန် နိုင်ငံသားတွေလဲ သဘာဝဘေးအန္တရာယ်နဲ့ ရင်ဆိုင်နေရပါတယ်။ နီပေါနိုင်ငံသားတွေ အနေနဲ့လဲ ဆိုးရွားတဲ့ သဘာဝဘေးအန္တရာယ်ကြောင့် အခက်တွေ့နေကြတယ်လို့ သိရပါတယ်။ အမေရိကန်နိုင်ငံအနေနဲ့ ရေဘေးဒဏ်သင့် ပြည်သူတွေအတွက် သုံးလစာ စားနပ်ရိက္ခာထောက်ပံ့ပေးမဲ့အပြင် လိုအပ်တဲ့နေရာမှာ သုံးဖို့အတွက်လဲ အမေရိကန်ဒေါ်လာ ၃ ဒသမ ၆ သန်း ကူညီထောက်ပံ့ပေးသွားမှာ ဖြစ်ပါတယ်"ဟု အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသွားခဲ့သည်။

Ref : Sputnik News
Trs : Sai Sat

# အိန္ဒိယနိုင်ငံ ဂူဂျာရတ်ပြည်နယ် ဆက်ယာဂရာဟာဒေသတွင် မိုးခေါင်မှု အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်

**နယူးဒေလီ ဩဂုတ် ၃၁**

အိန္ဒိယနိုင်ငံ ဂူဂျာရတ်ပြည်နယ် ဆက်ယာဂရာဟာဒေသတွင် မိုးခေါင်မှုအရေးပေါ်အခြေအနေအဖြစ် သတ်မှတ်လိုက်ပြီ ဖြစ်ကြောင်း ဂူဂျာရတ်ပြည်နယ် ဝန်ကြီးချုပ်ရုံးက ထုတ်ပြန်ကြေညာသွားခဲ့သည်ဟု ဩဂုတ် ၃၀ ရက် သတင်းများတွင် ဖော်ပြထားသည်။

ဆက်ယာဂရာဟာဒေသသည် သမိုင်းဝင် ဒေသတစ်ခုဖြစ်ပြီး သောက်သုံးရေ ဖူလုံစေရေးအတွက် စီမံချက်များဖြင့် ဆောင်ရွက်သွားရန် တာဝန်ရှိသူများက ဆွေးနွေးမှု ပြုလုပ်နေကြောင်း၊ ဆက်ယာဂရာဟာဒေသ မိုးခေါင်ရေရှားပါးလာမှု ပြဿနာကို တိုက်ဖျက်ရန်အတွက် ဂူဂျာရတ် အာမ်အာဒမီပါတီ ဥက္ကဋ္ဌ ဂတ်ဟ်ဗီက လည်း ပါတီအတွင်း တာဝန်ရှိသူများနှင့် ဆွေးနွေးနေပြီး ပြည်သူများ သောက်သုံးရေ လုံလောက်စွာရရှိစေရေးအတွက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဂူဂျာရတ်ပြည်နယ် ဝန်ကြီးချုပ်ရုံးက ထုတ်ပြန်သွားခဲ့သည်။

"ဆက်ယာဂရာဟာဒေသမှာ မိုးခေါင်မှု ဖြစ်ပေါ်နေပါတယ်။ သက်တမ်းတစ်လျှောက် အဆိုးရွားဆုံးသော မိုးခေါင်မှုဖြစ်ပါတယ်။ ဒါကြောင့်လဲ မိုးခေါင်မှုအရေးပေါ်အခြေအနေအဖြစ် သတ်မှတ်လိုက်တာဖြစ်ပါတယ်။ မိုးခေါင်မှု အရေးပေါ် အခြေအနေအဖြစ် ဆက်ယာဂရာဟာဒေသကို သတ်မှတ်လိုက်တယ်ဆိုပေမဲ့ အခြားခရိုင်တွေမှာလဲ မိုးခေါင်မှုတွေ ဖြစ်ပေါ်နေပါတယ်။ မှတ်တမ်းတွေအရ မိုးခေါင်မှုပြဿနာနဲ့ ရင်ဆိုင်နေရတဲ့ ဒေသတွေကတော့ ဒက်ဘူမိခရိုင်၊ ဂျမ်နာဂါခရိုင်၊ ပေါ်ဘန်ဒါခရိုင်၊ ကက်ရှ်ခရိုင်တို့ဖြစ်ပါတယ်။ ဒီခရိုင်တွေမှာတော့ ဆိုးရွားတဲ့ အခြေအနေမျိုးတော့ မဟုတ်ပါဘူး။ ဒါကြောင့်လဲ ဆက်ယာဂရာဟာ ဒေသတစ်ခုကိုပဲ မိုးခေါင်မှုအရေးပေါ် အခြေအနေအဖြစ် သတ်မှတ်ထားခြင်းဖြစ်ပါတယ်"ဟု ဂူဂျာရတ်အာမ်အာဒမီပါတီ ဥက္ကဋ္ဌ ဂတ်ဟ်ဗီက ပြောကြားခဲ့သည်။

Ref : Sputnik News
Trs : Sai Sat

# ဂျပန်နိုင်ငံအလယ်ပိုင်း ဖူကူအီစီရင်စုတွင် မိုးသည်းထန်စွာရွာသွန်းမှု ဖြစ်ပွားနေသဖြင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်နိုင်ခြေမြင့်မားနေ

**တိုကျို ဩဂုတ် ၃၁**

ဂျပန်နိုင်ငံအလယ်ပိုင်း ဖူကူအီစီရင်စုရှိ ဒေသတချို့တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် အရေးပေါ်သတိပေးချက် ထုတ်ပြန်ထားပြီး မြေပြိုမှု၊ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်နိုင်ခြေ အလွန်မြင့်မားနေကြောင်း ဩဂုတ် ၃၀ ရက်တွင် ဂျပန် မိုးလေဝသအေဂျင်စီ (JMA) က သတိပေးထားသည်။

JMA သည် ဖူကူအီစီရင်စုရှိ ဖူကူအီ၊ အိုနိုနှင့် ကတ်ဆုယာမာမြို့များအတွက် အရေးပေါ် သတိပေးချက်ထုတ်ပြန်ခဲ့ပြီး ဘေးအန္တရာယ် အချိန်မရွေး ဖြစ်ပွားနိုင်သည့် အခြေအနေရှိနေကြောင်း ထုတ်ပြန်ခဲ့သည်။

ယနေ့ နံနက်ပိုင်းထိ ကတ်ဆုယာမာ၊ ဆာကာအီနှင့် ဖူကူအီမြို့များတွင် မိုးသည်းထန်စွာရွာသွန်းမှုသည် တစ်နာရီလျှင် မိုးရေချိန် မီလီမီတာ ၃၀၀ ကျော်ထိ ရွာသွန်းခဲ့ကြောင်း JMA ၏ ထုတ်ပြန်ချက်အရ သိရသည်။

မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြေပြိုမှုများ၊ မြစ်ရေလျှံမှုများနှင့် မြေနိမ့်ပိုင်းဒေသများတွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားနိုင်ပြီး သစ်ပင်များ ပြိုလဲခဲ့ကြောင်း သိရသည်။

မိုးလေဝသ ကျွမ်းကျင်ပညာရှင်များက ပြည်သူများကို အန္တရာယ်ရှိသည့် နေရာများမှ အမြန်ဆုံး ရွှေ့ပြောင်းကြရန်၊ မြေပြိုနိုင်သည့် တောင်စောင်းများနှင့် ရေလျှံနိုင်သည့် မြစ်ကမ်းအနီးဒေသများကို ရှောင်ရှားကြရန်နှင့် မိုးကြိုးပစ်ခြင်း၊ လေဆင်နှာမောင်း ဖြစ်ပေါ်နိုင်ခြင်းနှင့် လေပြင်း တိုက်ခတ်မှုများကိုလည်း အထူးသတိထားကြရန် အကြံပြုထားကြောင်း သိရသည်။

Ref : Russia Today
Trs : KZ

# သေချာအောင် နေကြာစိုက်

**မောင်ရင်သွေး**

လူကြီးသူမတွေပြောတဲ့ "သေချာအောင် နေကြာစိုက်"ဆိုတဲ့စကားကို ကြားဖူးကြမှာပါ။ တောင်သူတွေကြားမှာ တွင်တွင်ကျယ်ကျယ် ပြောဆိုခဲ့ကြတဲ့ ဒီစကားက အကြောင်းမဲ့တော့ မဟုတ်ခဲ့ပါဘူး။ အရင်တုန်းက အညာဒေသမှာဆိုရင် နှမ်းနဲ့မြေပဲကိုပဲ အဓိကထား စိုက်ပျိုးကြတာပါ။ ဒါပေမဲ့ ရာသီဥတုက မိုးမမှန်တဲ့အခါ၊ မိုးခေါင်တဲ့ အခါမှာတော့ စိုက်ပျိုးထားတဲ့နှမ်းနဲ့ မြေပဲပင်တွေ သေကျေပျက်စီးပြီး တောင်သူတွေ အရှုံးနဲ့ရင်ဆိုင် ရတဲ့နှစ်တွေရှိခဲ့ပါတယ်။ အဲဒီလို အခါမျိုးမှာ မိုးခေါင် ဒဏ်ကို အလွန်ခံနိုင်တဲ့ နေကြာပင်ကို စိုက်ထားရင် ဖြင့် အနည်းဆုံးတော့ စားဖို့အတွက် ဆီလေးရသေး တာပေါ့။ ဒါကြောင့် "သေချာအောင် နေကြာစိုက်" ဆိုပြီး တိုက်တွန်းခဲ့ကြတာဖြစ်ပါတယ်။

အရင်က နေကြာစိုက်တာဟာ မိသားစု စားဝတ်နေရေးအတွက်ဆိုရင် အခုအဲဒီစကားရဲ့ အဓိပ္ပာယ်က ပိုပြီးကျယ်ပြန့်သွားပါပြီ။ အခုအချိန်မှာ ပြည်ပက တင်သွင်းနေရတဲ့ စားအုန်းဆီတွေကို လျှော့ချပြီး ကျန်းမာရေးနဲ့ညီညွတ်တဲ့ ပြည်တွင်းဖြစ်နေကြာဆီကို ပိုမိုစားသုံးနိုင်ဖို့ဆိုတာ တိုင်းပြည်ရဲ့ စားဆီဖူလုံရေးအတွက် အရေးကြီးဆုံး လုပ်ငန်းစဉ်တစ်ခုဖြစ်လာပါပြီ။ လက်ရှိမှာ နိုင်ငံတော်အနေနဲ့ ပြည်တွင်းစားသုံးဆီ ဖူလုံစေဖို့အတွက် နေကြာစိုက်ဧကများကို တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ တိုးချဲ့စိုက်ပျိုးရန် အထူးအလေးပေး ဆောင်ရွက်လျက်ရှိပါတယ်။ စိုက်ပျိုးရေးသုတေသန ပညာရှင်တွေရဲ့ လေ့လာချက်အရ ရေဆင်းမျိုး-၁၊ ဆင်းရွှေကြာမျိုး-၂ တို့လို မျိုးကောင်းမျိုးသန့်တွေကို ရွေးချယ်စိုက်ပျိုးပါက တောင်သူတွေအတွက် အင်မတန် အကျိုးရှိစေပါတယ်။

တကယ်တော့ နေကြာသီးနှံစိုက်ပျိုးခြင်းဆိုတာ ကုန်ကျစရိတ်နည်းပါးပြီး အလုပ်သမား အခက်အခဲ အလွန်အကျွံမရှိလှတဲ့အတွက်ကြောင့် လယ်ယာမြေတွေသာမက ယာမြေတွေနဲ့ ကိုင်းမြေကျွန်းမြေတွေမှာပါ အလွယ်တကူ တွက်ခြေကိုက် လုပ်ကိုင်နိုင်တဲ့ လုပ်ငန်းတစ်ခုဖြစ်ပါတယ်။ သီးထပ်၊ သီးညှပ်အနေနဲ့ပါ တွဲဖက်စိုက်ပျိုးလို့ရတာမို့ တောင်သူတွေအတွက် ပင်မအလုပ်တစ်ဖက်နဲ့ အပိုဝင်ငွေတွေ ရှာဖွေပေးနိုင်တဲ့ အခွင့်အလမ်းကောင်းတစ်ရပ်လဲ ဖြစ်ပါတယ်။

ဒ့ါပြင် နိုင်ငံတော်အစိုးရနဲ့ စိုက်ပျိုးရေးဦးစီးဌာနတို့ဘက်ကလဲ ဆီထွက်သီးနှံကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာဖို့နဲ့ ပန်းတိုင်အထွက်နှုန်းတွေ ရရှိစေဖို့အတွက် နိုင်ငံစီးပွားမြှင့်တင်ရေး ရန်ပုံငွေကနေတစ်ဆင့် စိုက်ပျိုးစရိတ်ချေးငွေတွေကို တစ်ဧကလျှင် ငွေကျပ် နှစ်သိန်းခွဲထိ တိုးမြှင့်ထုတ်ချေးပေးနေပါတယ်။ ဒီလို ငွေကြေးပိုင်းဆိုင်ရာ အထောက်အပံ့တွေအပြင် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေနဲ့ ဓာတ်မြေဩဇာတွေကိုပါ တစ်ပါတည်း ဖြည့်ဆည်းဆောင်ရွက်ပေးနေတာမို့ တောင်သူတွေအတွက် တကယ်ကို အားကိုးစရာ ဖြစ်လာပါပြီ။

မြန်မာနိုင်ငံရဲ့ ရာသီဥတု အခြေအနေအရ မိုးဦးကာလနဲ့ မိုးနှောင်းကာလတွေမှာ နေကြာကို အချိန်ကိုက် စိုက်ပျိုးနိုင်ဖို့အတွက် ကြိုတင်ပြင်ဆင်တာတွေ လုပ်ဆောင်ထားဖို့ လိုအပ်ပါတယ်။ တောင်သူများအနေနဲ့လဲ မိမိတို့စိုက်ပျိုးမဲ့ မြေအမျိုးအစားနဲ့ ကိုက်ညီမှုရှိမရှိ မြေဆီလွှာစစ်ဆေးတာတွေကို လုပ်ဆောင်ဖို့နဲ့ ဒေသရာသီဥတုနဲ့ အကိုက်ညီဆုံး ဖြစ်မဲ့ အထွက်တိုးမျိုးတွေကို စနစ်တကျ ရွေးချယ်စိုက်ပျိုးဖို့လိုပါတယ်။ မျိုးစေ့ချတဲ့အခါမှာလဲ အတန်းလိုက် စနစ်တကျချတတ်ဖို့၊ အပင်ပေါက်နှုန်း ကောင်းမွန်စေဖို့နဲ့ ပင်ပွားထွက်ချိန်၊ ပန်းပွင့်ချိန်နဲ့ အစေ့တင်းချိန်ထိ လိုအပ်တဲ့ ပြုစုစောင့်ရှောက်မှုတွေ



ကို စနစ်တကျ လုပ်ဆောင်နိုင်မယ်ဆိုရင် အာမခံချက်ရှိတဲ့ အကျိုးအမြတ်တွေကို ခိုင်ခိုင်မာမာ ရရှိပိုင်ဆိုင်နိုင်မှာ ဖြစ်ပါတယ်။

နောက်တစ်ချက်ကတော့ စိုက်ပျိုးရေရရှိနိုင်မှုနဲ့ ပတ်သက်ပါတယ်။ နေကြာပင်ဟာ အခြားသီးနှံတွေနဲ့ယှဉ်ရင် ရေငတ်ဒဏ်ကို ခံနိုင်ရည်ရှိတယ်ဆိုပေမဲ့ အောင်ရေ လုံလုံလောက်လောက် ရရှိမဲ့အချိန်တွေမှာ ပေးသွင်းနိုင်မယ်ဆိုရင်တော့ အပွင့်အရွယ်အစား ပိုမိုကြီးမားလာပြီး အစေ့အဆန်တွေ ပိုမိုပြည့်ဝလာတာကြောင့် အထွက်နှုန်းကို အဆမတန် တိုးတက်လာစေနိုင်ပါတယ်။

စိုက်ပျိုးထုတ်လုပ်မှု နည်းပညာပိုင်းမှာလဲ ခေတ်မီစိုက်နည်းစနစ်တွေကို အသုံးချတာ၊ ပိုးမွှား ရောဂါ ကာကွယ်နှိမ်နင်းတာတွေကို သိပ္ပံနည်းကျ ကျင့်သုံးဆောင်ရွက်သင့်ပါတယ်။ သဘာဝဘေးအန္တရာယ်ကြောင့် အထွက်နှုန်းထိခိုက်တာတွေ မရှိစေဖို့အတွက် ကြိုတင်ကာကွယ်ရေး နည်းလမ်းတွေကိုပါ အလေးထားလုပ်ဆောင်တဲ့အတွက် တစ်ဧကချင်းစီရဲ့အထွက်နှုန်းကို ယခင်ကထက် ပိုမိုမြင့်မားလာစေနိုင်ပါတယ်။ ဒေသအလိုက် နေကြာစိုက်ပျိုးဇုန်များ သတ်မှတ်တာနဲ့ မျိုးစေ့ထုတ်လုပ်ငန်းတွေ အောင်မြင်စေဖို့အတွက် သက်ဆိုင်ရာဌာနတွေနဲ့ တောင်သူတွေကြား အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှု မြင့်မားလာခြင်းကလဲ ပြည်တွင်းဆီဖူလုံရေး မဟာဗျူဟာရဲ့ အဓိကအုတ်မြစ်တစ်ခုပဲ ဖြစ်ပါတယ်။

နေကြာစိုက်ပျိုးမှုကို တိုးမြှင့်နိုင်ဖို့အတွက် မျိုးစေ့တွေ အလွယ်တကူရရှိရေးဟာ အဓိကကျပါတယ်။ ဆောင်းသီးနှံရာသီမှာဆိုရင် တိုင်းဒေသကြီးနဲ့ ပြည်နယ်အလိုက် မျိုးစေ့တွေကို စနစ်တကျ ဖြန့်ဝေပေးတာမျိုး လုပ်ဆောင်သင့်ပါတယ်။ တောင်သူတွေ အခက်အခဲမရှိ စိုက်ပျိုးနိုင်ဖို့အတွက် မျိုးစေ့ကို တောင်သူလက်ဝယ်အရောက် ဖြန့်ဝေပေးတဲ့အစီအစဉ်တွေက တကယ်ကိုလိုအပ်ပါတယ်။ ဈေးကွက်ပိုင်းဆိုင်ရာမှာလဲ တောင်သူတွေအနေနဲ့ ကိုယ့်ထွက်ကုန်ကို အချိန်တိုအတွင်း ရောင်းချနိုင်ဖို့အတွက် ဒေသတွင်း ဆီစက်လုပ်ငန်းရှင်တွေနဲ့ ချိတ်ဆက်ဆောင်ရွက်မှုတွေ ပြုလုပ်ထားဖို့ လိုအပ်ပါတယ်။ အစိုးရရဲ့ သက်ဆိုင်ရာ ကဏ္ဍအသီးသီးကလဲ ဈေးကွက်ခိုင်မာဖို့အတွက် လိုအပ်တဲ့ပံ့ပိုးကူညီမှုတွေကို ဖြည့်ဆည်းပေးနေပြီ ဖြစ်တာကြောင့် တောင်သူတွေအနေနဲ့ ဈေးကွက်အတွက် စိုးရိမ်ပူပန်စရာ မလိုတော့ပါဘူး။

နေကြာဆီထုတ်လုပ်မှုလုပ်ငန်းတွေ တိုးချဲ့လာတာနဲ့အမျှ ဒေသတွင်း ဆီစက်လုပ်ငန်းများပါ တစ်ပါတည်း ဖွံ့ဖြိုးတိုးတက်လာပြီး အရည်အသွေးမြင့် နေကြာဆီစစ်စစ်တွေကို သက်သာတဲ့ ဈေးနှုန်းနဲ့ ပြည်သူ့လက်ဝယ်အရောက် ဖြန့်ဖြူးပေးနိုင်မဲ့ အခွင့်အလမ်းကောင်းတွေ ပိုမိုပွင့်လင်းလာမှာ ဖြစ်ပါတယ်။

စားသုံးသူ ပြည်သူတွေဘက်က ကြည့်မယ်ဆိုရင်လဲ ကျန်းမာရေးကို ထိခိုက်စေနိုင်တဲ့ ဆိုးကျိုးတွေထက် အကျိုးကျေးဇူးတွေကို ဦးစားပေးစဉ်းစားသင့်တဲ့အချိန်ကို ရောက်လာပါပြီ။ ဈေးနှုန်းသက်သာတာ တစ်ခုတည်းကိုပဲကြည့်ပြီး မသင့်တော်တဲ့ဆီတွေကို ရွေးချယ်စားသုံးမဲ့အစား မိမိတို့ရဲ့ မိသားစု ကျန်းမာရေးကို အရှည်သဖြင့် ကာကွယ်စောင့်ရှောက်နိုင်ဖို့အတွက် နေကြာဆီစစ်စစ်ကို ပြောင်းလဲသုံးစွဲဖို့ အထူးတိုက်တွန်းချင်ပါတယ်။ နေကြာဆီမှာ ဗီတာမင်အီး၊ ဖော့လစ်အက်စစ်နဲ့ ခန္ဓာကိုယ်အတွက် ကောင်းမွန်တဲ့ဒြပ်စင်တွေ ပါဝင်တာကြောင့် နှလုံးကျန်းမာရေးကို တိုးတက်စေသလို၊ ကင်ဆာနဲ့ ပန်းနာရင်ကျပ်ရောဂါလိုမျိုး ရောဂါတွေကိုလဲ ကာကွယ်ပေးနိုင်ပါတယ်။ ပြည်သူတွေအနေနဲ့ ဈေးကွက်အတွင်း ရောင်းချနေတဲ့ ကျန်းမာရေးနဲ့ ညီညွတ်တဲ့ နေကြာဆီတွေကို ယုံကြည်စိတ်ချစွာ ဝယ်ယူသုံးစွဲတာကလဲ ပြည်တွင်းထုတ်ကုန်တွေကို တစ်ဖက်တစ်လမ်းကနေ အားပေးကူညီရာ ရောက်ပါတယ်။

ကျေးလက်ဒေသတွေမှာ နေကြာစိုက်ပျိုးရေးနဲ့ ဆီကြိတ်ခွဲထုတ်လုပ်ရေးလုပ်ငန်းတွေ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ထွန်းလာတာနဲ့အမျှ ဒေသခံပြည်သူတွေနဲ့ လူငယ်တွေအတွက် အလုပ်အကိုင် အခွင့်အလမ်းတွေ ပိုမိုဖန်တီးပေးနိုင်မှာ ဖြစ်ပါတယ်။ တစ်ဆက်တည်းမှာပဲ ကျေးလက်နေပြည်သူတွေရဲ့ လူနေမှုဘဝနဲ့ မိသားစုဝင်ငွေတွေကိုလဲ သိသိသာသာ တိုးတက်မြင့်မားလာစေမှာပါ။

တိုင်းပြည်ရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုတာ ပြည်တွင်းကထွက်ရှိတဲ့ ကုန်ထုတ်လုပ်မှုကို အခြေခံတာဖြစ်တဲ့အတွက် ဆီထွက်သီးနှံတိုးချဲ့စိုက်ပျိုးရေးလုပ်ငန်းဟာ နိုင်ငံတော်အတွက်ပါ အဓိကကျတဲ့ မဟာဗျူဟာတစ်ရပ်ဖြစ်ပါတယ်။ ပြည်ပကနေ ဆီတင်သွင်းနေရတဲ့ နိုင်ငံခြားငွေသုံးစွဲမှုကို လျှော့ချနိုင်လေလေ၊ တိုင်းပြည်ရဲ့ ငွေကြေးဖောင်းပွမှုကို ထိန်းသိမ်းနိုင်လေလေ ဖြစ်တာကြောင့် နေကြာစိုက်ပျိုးသူတိုင်းက ဒီလုပ်ငန်းမှာ တစ်ထောင့်တစ်နေရာကနေ ပါဝင်အားဖြည့်ကြဖို့ လိုအပ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ သုံးသပ်ရမယ်ဆိုရင်တော့ ရှေးလူကြီးတွေ ကြုံတွေ့ရင်ဆိုင်ခဲ့ရတဲ့ ရာသီဥတုဒဏ်ကို ကျော်လွှားဖို့အတွက် "သေချာအောင် နေကြာစိုက်" ဆိုတဲ့စကားဟာ ခေတ်စနစ်နဲ့အညီ ပြန်လည်အသက်ဝင်လာခဲ့ပါပြီ။ ဒါကြောင့် မြန်မာ့မြေပေါ်မှာ ဆီထွက်သီးနှံနေကြာတွေကို နေရာအနှံ့ ပိုမိုတိုးချဲ့စိုက်ပျိုးရင်း တောင်သူတွေလဲ ဝင်ငွေတိုး၊ နိုင်ငံတော်လဲ စားဆီဖူလုံ ကြွယ်ဝတဲ့အနာဂတ်ဆီသို့ အတူတကွ လက်တွဲဆောင်ရွက်ကြပါရန် နှိုးဆော်တင်ပြလိုက်ရပါတယ်။

**ကိုးကား**

- ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၏ "စိုက်ပျိုးစရိတ်ချေးငွေနှုန်းထား တိုးမြှင့်ထုတ်ချေးမည့် အစီအစဉ်နှင့် လယ်ယာသုံးစက်ကိရိယာ ချေးငွေများ ထုတ်ချေးမည့်ကာလသတ်မှတ်ချက်"ဆိုင်ရာ တောင်သူလယ်သမားဦးကြီးများသို့ အသိပေးကြေညာချက်။
- ၁၃-၉-၂၀၂၅ ထုတ် မြန်မာ့အလင်း သတင်းစာ။

**ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအနေဖြင့် မလိုလားအပ်သော ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေး သတ်မှတ်ချက်များနှင့်အညီဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ခြင်း**

၁။ ပြည်ပတွင် သွားရောက်လုပ်ကိုင်မည့်သူများအနေဖြင့် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ် (Passport for Job-PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့မရှိဘဲ ပြည်ပအလည်အပတ်နိုင်ငံကူးလက်မှတ်(Passport for Visit-PV)ကိုသာ လျှောက်ထားရယူထားပြီး ပြည်ပအလုပ်အကိုင်ဗီဇာများရယူကာ လေကြောင်းခရီးဖြင့် ပြည်ပထွက်ခွာရန်ဆောင်ရွက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာက လေဆိပ်တွင်စိစစ်သည့်အခါ သတ်မှတ်ချက်များနှင့်မကိုက်ညီသည့်အတွက် ပြည်ပသို့ထွက်ခွာခွင့်မရခြင်းများကြောင့် လေယာဉ်လက်မှတ်ခအပါအဝင် အခြားသောကုန်ကျစရိတ်များ ဆုံးရှုံးရသည့်ဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ သို့ပါ၍ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများမဖြစ်ပေါ်စေရေးအတွက် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Passport for Job-PJ)လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC)လျှောက်ထားရယူခြင်းတို့အား ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

အလုပ်သမားဝန်ကြီးဌာန

# သစ္စာဖြူဖြူ ဇာတ်လမ်းတွဲ ကန်တော့ပွဲပေးအခမ်းအနားကို အလုံမြို့နယ်ရှိ အိမ်တော်ရာစေတီတော်တွင် ကျင်းပ



ရန်ကုန် ဩဂုတ် ၃၁

Cloud Seven Production & Entertainment က ရိုက်ကူးထုတ်လုပ်မည့် သစ္စာဖြူဖြူ ဇာတ်လမ်းတွဲ ကန်တော့ပွဲပေး အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်ရှိ အိမ်တော်ရာစေတီတော်တွင် ဩဂုတ် ၃၀ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ သစ္စာဖြူဖြူ ဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို အင်ကြင်းဟန်က ရေးသားထားပြီး အင်ကြင်းဟန်ကပင် Cloud Seven Production & Entertainment အတွက် ဒါရိုက်တာအဖြစ် တာဝန်ယူ ပုံဖော်ရိုက်ကူးပေးသွားမည် ဖြစ်ကြောင်း သိရသည်။

"လူငယ်အချစ်ဒရာမာ ဇာတ်လမ်းလေးပါ။ သစ္စာတရားနဲ့ ပတ်သက်ရင် အလေးထားဖို့လိုတယ်။ ဖြူစင်တဲ့သစ္စာတရားကို ဖောက်ဖျက်ရင် သစ္စာဖောက်တယ်။ သစ္စာဖြူဖြူ ဆုံးရင်ဘာတွေ ဖြစ်တတ်တယ်ဆိုတာ ဒီဇာတ်လမ်းတွဲမှာ မြင်ရမှာပါ"ဟု ဒါရိုက်တာ အင်ကြင်းဟန်က ပြောပြသည်။

အဆိုပါသစ္စာဖြူဖြူဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် ဈာန်ရှိုင်း၊ သက်ဦးမောင်မောင်၊ သန့်ဇင်၊ အောင်ဟိန်းခန့်၊ ထံတျာလင်း၊ ရတီနန္ဒာ၊ နှင်းရွှေရည်ဝင်း၊ အေဒီဦးနှင့် အခြားအနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင်ကြမည်ဖြစ်ကြောင်း သိရသည်။

ASH

# Supermax ဇာတ်ကား၌ သရုပ်ဆောင်လေးဦး ထပ်မံပါဝင်လာ

နယူးယောက် ဩဂုတ် ၃၀

Amazon MGM စတူဒီယို၏ Supermax ဇာတ်ကား၌ မင်းသား နီကိုလပ်အလက်ဇန်းဒါးချာဇက်၊ အန်ဒရီအယ်မိုင်ဒါ၊ မာတင်ဘက် ဘရက်ဖို့နှင့် မင်းသမီး အာရီကာ ရင်ဂေါ်တို့ ထပ်မံပါဝင်လာကြောင်း ဩဂုတ် ၃၀ ရက် သတင်းများအရ သိရသည်။

Supermax ဇာတ်ကားတွင် အဆိုပါ သရုပ်ဆောင်လေးဦးတို့သည် မင်းသား ဝီစမစ်၊ မင်းသမီး အန်နာဆိုဖီယာရော့ဘ်တို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

Supermax ဇာတ်ကားသည် အက်ဘီအိုင် အေဂျင့်နှစ်ဦးတို့က လုံခြုံရေးအထူး တင်းကျပ်သည့် အကျဉ်းထောင်တစ်ခုအတွင်း ဝင်ရောက်၍ ဆန်းကြယ်သည့် လူသတ်မှုတစ်ခု စုံစမ်းပုံကို ဇာတ်အိမ်ဖွဲ့ ရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

Supermax ဇာတ်ကားကို ဒါရိုက်တာ ဒေးဗစ်ဂေါ်ဒန်ဂရင်းက တာဝန်ယူ ရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

Supermax ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဒေးဗစ်ဝိုင်းနှင့် ဒေးဗစ်ဂျေရိုဆန်တို့က တာဝန်ယူရေးသားပေးထားကြောင်း သိရသည်။

Supermax ဇာတ်ကား ရိုက်ကူးထုတ်လုပ်မှုလုပ်ငန်းကို ဩစတြေးလျနိုင်ငံ နယူးဆောက်ဝေးပြည်နယ်၌ စတင်နေပြီဖြစ်ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO



# မြစ်လက်တက်ပေမဲ့ ရေစီးကကြမ်းတယ် ရုပ်ရှင်ဇာတ်ကားကို ရုပ်သံဇာတ်လမ်းအဖြစ် CANAL+ ZAT LENN Channel မှ ထုတ်လွှင့်သွားမည်ဖြစ်

ရန်ကုန် ဩဂုတ် ၃၁

မြစ်လက်တက်ပေမဲ့ ရေစီးကကြမ်းတယ် ရုပ်ရှင်ဇာတ်ကားကို ရုပ်သံဇာတ်လမ်းအဖြစ် CANAL+ ZAT LENN Channel မှ စက်တင်ဘာလ ဒုတိယပတ်အတွင်း ထုတ်လွှင့်သွားမည် ဖြစ်ကြောင်း အဆိုပါ ရုပ်ရှင်ဇာတ်ကားတွင် ပါဝင်ထားသူ သရုပ်ဆောင် ညီနန္ဒထံမှ သိရသည်။

အဆိုပါ မြစ်လက်တက်ပေမဲ့ ရေစီးကကြမ်းတယ် ရုပ်ရှင်ဇာတ်ကားသည် စာရေးဆရာ ဆောင်းလုလင်၏ တက္ကသိုလ်နန္ဒမိတ် ဝတ္ထုတိုပြိုင်ပွဲတွင် ပထမဆုရရှိခဲ့သည့် မူရင်းဝတ္ထုတိုကို ဖြိုးသဉ္ဇာကျော်က ဇာတ်ညွှန်းရေးသားထားပြီး ဒါရိုက်တာ ဗီကေက မင်းမဟာ ရုပ်ရှင်ထုတ်လုပ်ရေးအတွက် တာဝန်ယူ ပုံဖော်ရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရသည်။




"မြစ်လက်တက်ပေမဲ့ ရေစီးကကြမ်းတယ်ဆိုတဲ့ ရုပ်ရှင်ဇာတ်ကားက ၂၀၂၅ ခုနှစ် ဒီဇင်ဘာလထဲမှာ ရုံတင်ပြသခဲ့ပြီး ပရိသတ်များကြား အောင်မြင်မှုရရှိခဲ့တဲ့ ဒရာမာဇာတ်ကား တစ်ကားဖြစ်ပါတယ်။ ဒီဇာတ်ကားကို CANAL+ ZAT LENN Channel ကနေ မကြာမီ ထုတ်လွှင့်ပေးမှာဖြစ်လို့ ကြည့်ရှုအားပေးကြပါအုံး"ဟု အဆိုပါ ဇာတ်ကားတွင် ပါဝင်ထားသူ သရုပ်ဆောင် ညီနန္ဒက ပြောပြသည်။

မြစ်လက်တက်ပေမဲ့ ရေစီးကကြမ်းတယ် ရုပ်ရှင်ဇာတ်ကားတွင် နေတိုး၊ နေမျိုးအောင်၊ ညီနန္ဒ၊ ဗီတာမင်၊ အေးဝတ်ရည်သောင်း၊ သံသာညီ၊ ဖွားဖွား၊ မေမီလင်းနှင့် အနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင် ထားကြောင်း သိရသည်။

ASH

# National Treasure -3 ဇာတ်ကား ရိုက်ကူးရေးအတွက် ဒစ္စနီးကုမ္ပဏီပြင်ဆင်နေ

နယူးယောက် ဩဂုတ် ၃၁

National Treasure-3 ဇာတ်ကားကို ရိုက်ကူးရေးအတွက် ဒစ္စနီးကုမ္ပဏီက ပြင်ဆင်နေပြီဖြစ်ကြောင်း ဩဂုတ် ၃၀ ရက် သတင်းများအရ သိရသည်။

National Treasure-3 ဇာတ်ကား ရိုက်ကူးရေးအတွက် ပြင်ဆင်နေမှုကို ဒါရိုက်တာ ဂျွန်တာတယ်တော့က အတည်ပြုပြောကြားခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် National Treasure-3 ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ရေးသားထားပြီဖြစ်ကြောင်း ဂျွန်တာတယ်တော့က အတည်ပြုထားသည်။

National Treasure (2004) နှင့် National Treasure: The Book of Secrets (2007) ဇာတ်ကားတို့ကို ဒါရိုက်တာ ဂျွန်တာတယ်တော့ကပင် ရိုက်ကူးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အထက်ပါ National Treasure ဇာတ်ကား နှစ်ကားစလုံးတွင် မင်းသား နီကိုလပ်ကေ့ဂ်က သမိုင်းပညာရှင် ဘင်ဂိတ်အဖြစ် ပါဝင် သရုပ်ဆောင်ခဲ့ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO



# ဇာတ်မင်းသား အောင်ဇမ္ဗူ၏ ဇာတ်သဘင်ဖျော်ဖြေပွဲကို ကျောက်တံတားမြို့နယ်ရှိ ဝဇီရာကဇာတ်ရုံတွင် ပြုလုပ်သွားမည်

ရန်ကုန် ဩဂုတ် ၃၁

ဇာတ်မင်းသား အောင်ဇမ္ဗူ၏ ဇာတ်သဘင် ဖျော်ဖြေပွဲကို ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ်ရှိ ဝဇီရာကဇာတ်ရုံ၌ စက်တင်ဘာ ၁၃ ရက်တွင် ပြုလုပ်သွားမည် ဖြစ်ကြောင်း ဇာတ်မင်းသား အောင်ဇမ္ဗူထံမှ သိရသည်။

အဆိုပါ ဇာတ်မင်းသား အောင်ဇမ္ဗူ၏ ဇာတ်သဘင် ဖျော်ဖြေပွဲကို သဘင်သမားစဉ်အတိုင်း အပျိုတော်ယိမ်းမှ အစပြုကာ အော်ပရာ၊ ပြဇာတ်၊ နှစ်ပါးခွင်၊ နောက်ပိုင်း ဇာတ်တော်ကြီးထိ သဘင်ခွင်ကုန်သည်ထိ သဘင် အစဉ်အလာ သမားစဉ်အတိုင်း ဖျော်ဖြေတင်ဆက်သွားမည် ဖြစ်ကြောင်း သိရသည်။

"စက်တင်ဘာလထဲမှာ ဝဇီရာကဇာတ်ရုံမှာ ကျွန်တော်တို့ အောင်ဇမ္ဗူသဘင်အဖွဲ့ ဖျော်ဖြေပွဲရှိပါမယ်။ လာရောက်အားပေးကြဖို့ ဖိတ်ခေါ်ပါတယ်။ သဘင်ဖျော်ဖြေမှုကို သမားစဉ်အတိုင်း ကြိုးစား တင်ဆက်သွားမှာပါ။ မိုးကာလမှာလဲ ဆက်တိုက်အားပေးနေတဲ့ ပရိသတ်တွေကို ကျေးဇူးအထူးတင်ပါတယ်" ဟု ဇာတ်မင်းသား အောင်ဇမ္ဗူက ပြောပြသည်။

ဇာတ်မင်းသား အောင်ဇမ္ဗူ၏ ဇာတ်သဘင်ဖျော်ဖြေပွဲကို ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ်ရှိ ဝဇီရာကဇာတ်ရုံတွင် စက်တင်ဘာ ၁၃ ရက် ညနေ ၄ နာရီမှ ည ၉ နာရီထိ ကပြဖျော်ဖြေ တင်ဆက်သွားမည် ဖြစ်ကြောင်း သိရသည်။

ASH

# President of the Republic of the Union of Myanmar U Min Aung Hlaing delivers address at the ceremony to honour students who passed the matriculation examination and technological, agricultural, and animal husbandry university entrance examinations for 2026 with flying colours, and presents awards



**President U Min Aung Hlaing delivers an address at the ceremony to honour students who passed the matriculation examination and technological, agricultural, and animal husbandry university entrance examinations for 2026 with flying colours.**

**Nay Pyi Taw August 31**

A ceremony to honour students who passed the matriculation examination and technological, agricultural, and animal husbandry university entrance examinations for 2026 with flying colors took place at the Convocation Hall of Naypyitaw State Academy this morning, addressed by President of the Republic of the Union of Myanmar U Min Aung Hlaing, who gave away prizes.

Also present at the ceremony were Vice President Daw Nan Ni Ni Aye, Pyithu Hluttaw Speaker U Khin Yi, Amyotha Hluttaw Speaker U Aung Lin Dwe, Commander-in-Chief of Defence Services General Ye Win Oo, union ministers, union level dignitaries, senior military officers from the Office of the Commander-in-Chief, the Nay Pyi Taw Council chairman, the Nay Pyi Taw Command commander, deputy ministers, departmental personnel, teachers, parents, students who passed the matriculation examination and technological, agricultural, and animal husbandry university entrance examinations for 2026, and honoured guests.

At the commencement of the ceremony, the President and the attendees saluted the flag of the Republic of the Union of Myanmar.

Students of the No 11 Basic Education High School in Nay Pyi Taw Council Area sang the song, "Highly educated, rising stars of the nation" and performed a dance.

In his address, the President said caliber of the highly educated youths is crucial in modernizing and developing the country to be able to stand with pride and grandeur. Youths with high thinking power and five strengths are the invaluable jewels of the country and the core resources who have the ability and creativity for nation-building and national development undertakings.

The outstanding students who are in this Convocation Hall passed the relevant examinations with excellent results as they are the intellectuals possessing rich wisdom, high ambition and constant perseverance and zeal. The President expressed belief that they will continue to pursue higher education with strong will and unwavering spirit.



**President U Min Aung Hlaing presents award to an outstanding student.**



**President U Min Aung Hlaing presents award to an outstanding student.**

The President noted that students from technological, agricultural, and animal husbandry schools also entered the matriculation examination this year, alongside the basic educations school students. There is a rise in the pass rate of this year's matriculation examination as the pass rate reached 52.37 percent. Moreover, the pass state of the entrance examination of the technological, agricultural, and animal husbandry schools hit 49.7 percent mark, which is highly gratifying and praise-worthy for the education sector. A total of 674 all-subject distinction winner students and 32 the nationwide top scorers in each subject combination emerged in the matriculation examination, while three students obtained distinctions in all subjects and 50 passed with highest marks each subject combination in the technological, agricultural, and animal husbandry entrance examinations.

At this ceremony, 307 nationwide top scorers in each subject combination in the matriculation examination and technological, agricultural, and animal husbandry entrance examinations will be awarded a one-kyat-tha pure gold coin each. As it is a ceremony that recognizes and honors the efforts and successful results of outstanding students, it is also a ceremony that encourages them to excel in their higher education.

Qualifications such as the intellectual enrichment and wisdom of the citizens, the good foundational mindset, the innovative ability, and the ability to value and maintain patriotic spirit are crucial in advancing towards national progress and modernization, and only with these qualifications can a modern nation be built on the prowess of fully capable, well-rounded citizens.

The State has established 92 basic education and industrial, agricultural and livestock breeding high schools since 2023-24 academic year in order to produce qualified skilled workers for improvement of industrial and manufacturing sectors. Now, the students have emerged from these schools. Moreover, the vocational subjects will be lectured to students at the basic education middle school level starting from this academic year.

The President gave guidance to the outstanding students to thoroughly understand geographical and cultural traditions of the country as well as history and current situations. They have to serve the State with the correct activities by abiding by the Constitution of the State and sxisting laws and rules. Thet need to uphold the mutual respect and try hard to culture the spirit to view diversities as national strengths. As they will serve the State in the future,

*See Page 13*

# President of the Republic of the Union of Myanmar H.E. U Min Aung Hlaing and spouse Daw Kyu Kyu Hla to make Official Visit to the Socialist Republic of Viet Nam

**Nay Pyi Taw September 1**

At the invitation of President of the Socialist Republic of Viet Nam His Excellency Mr. To Lam and spouse, President of the Republic of the Union of Myanmar His Excellency U Min Aung Hlaing and spouse Daw Kyu Kyu Hla will pay an Official Visit to the Socialist Republic of Viet Nam in the near future.

During the visit, the President of Myanmar will meet and hold bilateral talks with the President of Viet Nam, meet with the Prime Minister of Viet Nam and President of the National Assembly of Viet Nam. Additionally, the President will receive representatives from economic organizations.

Furthermore, the President will attend the Myanmar-Viet Nam Business Forum 2026 and the itinerary includes visits to digital and electronic technology industries. During the visit, the President will hold cordial discussion and exchange views on further consolidation of the existing friendly relations, promotion of mutually beneficial cooperation between the two governments, parliaments and peoples, as well as cooperation across economic, cultural, and various other sectors.

The President and spouse will be accompanied by Union Ministers and officials during the visit.

**Ministry of Foreign Affairs**
**Nay Pyi Taw**
**Dated: 1 September 2026**

*From Page 12*

they need to assess their all activities and bahevіors carefully and carry out all things which can benefit the interests of the State and avoid all things harmful to the State.

In order to understand and analyze such basic principles, it is essential to have a broad range of knowledge and understanding. Without adequate knowledge, one may lack the ability to make sound decisions and may develop misguided ideas that can cause harm not only to oneself but also to the surrounding environment. Therefore, the youth are urged to cultivate the habit of reading extensively to broaden their knowledge and wisdom and develop good moral character, and to study and read various forms of informative and literary works. They are also urged to retain what they have learned in their minds and apply and abide by it in their daily lives.

As today's era is an age of technology, digital businesses and AI-based services are gaining momentum rapidly. The youth are encouraged to stay abreast of developments around the world and engage more actively in science- and technology-based entrepreneurship. They should use social media and the Internet properly and effectively to access and explore modern knowledge and skills. They should exercise caution and avoid improper or unproductive uses of these platforms and refrain from making mistakes through misuse.

It is important for everyone to work for the development of the nation and to engage in suitable occupations according to their age, skills and abilities, performing their duties through right livelihood and maintaining a proper balance between self-interest and the interests of others. Everyone should make effective use of their time and avoid wasting it, as those who remain idle and lazy will fall behind in every respect. They are encouraged to compete with themselves and strive for self-improvement, set high goals and make continuous efforts to achieve them.

Student youths should develop good habits of living in a healthy manner. In addition to engaging in physical exercise, they should pursue a sport of their choice according to their interests. They should strive to become healthy, physically fit and well-rounded individuals with strong character. Cultivating and training oneself to become the best version of oneself is also a contribution to the nation. They have to recognize that education, health and sports are interconnected and are fundamental necessities that cannot be neglected in life.

The State will pay close attention to the role of the youth and provide comprehensive support and assistance for their development. Therefore, during the tenure of the new government, a Ministry of Youth Affairs has been newly established, youth affairs policies have been formulated in order to promote the youth sector. The fact that young people are going abroad to work is highly detrimental to the country and results in the loss of significant national resources. Therefore, young people are urged to make full use of the knowledge and skills they have acquired in their own country to contribute fully to the development of their country and people and, in turn, give back to their nation.

As it is necessary to acquire proficiency in a particular skill or profession to make a living, the youth must also learn to become well-mannered and gentle in thought, speech and conduct in accordance with religious teachings. Therefore, basic education schools have set and are teaching and training students toward the comprehensive goals of character, discipline and education. In addition, it is necessary to value and cherish Myanmar's traditional cultural heritage and preserve, protect and safeguard race, religion and the Sasana. Only by doing so can young people become outstanding and well-rounded individuals whom the nation can rely on.

The youth need to continue striving to become outstanding and exemplary individuals who live meaningful lives in accordance with the ethics and dignity expected of citizens; to faithfully and wholeheartedly serve the interests of the country and its people with patriotism and national spirit; to strive for success in life so as to become good pioneers and guides who can shape the nation's future through education; and to actively and responsibly participate in their respective capacities in building a modern and developed nation.

Then, the President presented prizes to Ma Thiri Soe, Ma Aye Chan Myae, Mg Sithu Bo, Ma Thet Hnin San, Mg Nyan Hein Zay, Ma May Zin Phone Myat, Ma Ei Kay Zin, Ma Thin Pyant Pyae Sone Khin, Mg Bhone Tezar Thway, Ma Saung Hnin Phyu and Ma Khin Nyein Su, who won the highest marks in the science combination in the entire country in matriculation examination for 2026 academic year.

Afterward, Vice President Daw Nan Ni Ni Aye presented prizes to 11 students, who won the highest marks in the art-science combination in the entire country in 2026 academic year while Speaker of the Pyithu Hluttaw U Khin Yi presdnted prizes to 10 students, who won the highest marks in the art combination in the entire country in 2026 academic year. Amyotha Hluttaw Speaker U Aung Lin Dwe presented prizes to five students, who won the highest marks in respective combination in matriculation examination for industrial, agriculture and livestock breeding universities, and five students, who won the highest marks in matriculation examination in 2026 academic year, and Commander-in-Chief of Defence Services General Ye Win Oo presented prizes to 10 students, who won the highest marks in matriculation examination in 2025.

Then, union ministers, union-level officials, the chairman of Nay Pyi Taw Council, senior officers from the Office of the Commander-in-Chief of Defence Services and the commander of Nay Pyi Taw command presented prizes to students, who won the highest marks in matriculation examination in 2026 academic year.

Afterward, speaking words of thanks on behalf of outstanding students in matriculation examination and matriculation examination for industrial, agriculture and livestock breeding universities in 2026 academic year, Ma Hnin Wint Htel of No.2 Basic Education High School in Pathein said they have felt for themselves the goodwill of multifaceted support of the government to nurture students into highly-qualified educated individuals. Therefore, such accomplishments were achieved thanks to exerting physical and intellectual efforts to their best by grasping the opportunity by youths. She expressed their special thanks to the President and responsible officials for the appreciation of their efforts and accomplishments in a state-level ceremony. She said she would like to highlight that achieving such accomplishments is the result of goodwill and support of the government. Therefore, they have been determined to be good citizens of the State, who are loyal to the country and the people by seriously appreciating the gratitude of the State. They are committed to exerting efforts to become educated intellectuals, who uphold the prestige of the country by serving the public interests through the academic knowledge they have learnt. They are committed to carrying out duties assigned to them by the State responsibly by cherishing the country and the people and preserving Myanmar traditional culture legacy. Finally, she promised on behalf of the outstanding students to relentlessly carry out tasks from any role they are assigned to for national development.

Then, students from No.6 Basic Education High School in Nay Pyi Taw Council Area performed musical dance entitled "Let's Honour Outstanding Ones."

Afterward, the President and attendees posed for documentary photographs together with outstanding students and the President cordially greeted the students.

After the ceremony, the President and attendees enjoy the honorary luncheon with prize-winning students. MNA

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Myanmar delegation led by Vice President U Nyo Saw departs for Russia to attend 11th Eastern Economic Forum in Vladivostok



**Nay Pyi Taw August 31**

Vice President U Nyo Saw, accompanied by Union Minister for Electricity and Energy U Ko Ko Lwin, Deputy Minister for Digital Development and Communications U Min Zeya Hlaing, and Deputy Minister for Foreign Affairs U Ko Ko Kyaw, departed Yangon by air this morning to attend the 11th Eastern Economic Forum to be held in Vladivostok, Russian Federation.

**Vice President U Nyo Saw being seen off at Yangon International Airport.**

The Myanmar delegation led by Vice President U Nyo Saw was seen off at Yangon International Airport by Union Minister for Social Welfare, Relief and Resettlement Dr. Soe Win, Yangon Region Chief Minister U Aung Naing Thu, the Commander of Yangon Regional Command, regional ministers, and officials from the Embassy of the Russian Federation in Myanmar.

MNA

# Commander-in-Chief of Defence Services General Ye Win Oo receives delegation led by Thai Ambassador to Myanmar

**Nay Pyi Taw August 31**

Commander-in-Chief of Defence Services General Ye Win Oo received a delegation led by Thai Ambassador to Myanmar H.E. Mr. Tor Saralamba at the parlor of Bayintnaung Villa in Nay Pyi Taw this evening.


The meeting was attended by the General alongside senior military officers from the Office of the Commander-in-Chief (Army), while the Thai Ambassador to Myanmar was accompanied by officials from the embassy.

During the meeting, they warmly and openly exchanged views on enhancing diplomatic relations alongside friendship and cooperation between the two armed forces, maintaining border stability, law enforcement, and counter-terrorism, effectively combating online gambling and fraud, and controlling the illegal trafficking of weapons, ammunition, narcotics, and controlled chemicals.

Following the meeting, the General and the Thai Ambassador exchanged commemorative gifts.

100

**General Ye Win Oo receives Thai Ambassador to Myanmar Mr.Tor Saralamba.**



# 12 innocent civilians killed in Htamagyi Village, Mahlaing Township, due to brutal shooting by PDF terrorist insurgents

**Nay Pyi Taw August 31**

The so-called NUG terrorist group and its subordinate, the so-called PDF terrorist insurgents, with the intention of disrupting state stability and the rule of law, have been carrying out attacks on government office buildings, dropping bombs and firing improvised rockets into peaceful residential towns, wards, and villages. Furthermore, by initiating clashes inside towns and villages, they have been relying on armed force to unlawfully and brutally commit acts of intimidation, bullying, arbitrary arrests, torture, and killings against administrative officials working for regional development, departmental staff, and students pursuing education peacefully.



**A documentary photo showing the brutal shooting and killing of 12 innocent civilians by so-called PDF terrorist insurgents in Htamagyi Village, Mahlaing Township, Mandalay Region.**

While committing such brutal acts, this morning, approximately 25 armed members of the so-called PDF terrorist group arrived from the northwest of Htamagyi Village in Mahlaing Township, Mandalay Region, using three motor vehicles and motorcycles. Upon entering the village, they brutally surrounded and shot 12 innocent civilians peacefully residing there using small arms without any justification. The victims—10 men and 2 women, totaling 12 individuals—were identified as Village Administrator U Soe Lin Htike (44), U Maung Thein (43), U Chit San Maung (44), U Bo Thet Lin (40), U Than Htay Aung (39), U Wai Yan Soe (32), U Zaw Khet (45), U Hein Wanna Zaw (22), U Win Naing (44), U Ohn Maung (63), Daw Khin Mu (44), and Daw Le Le Win (44). After the shooting, the perpetrators reportedly fled along the same route they entered.

Upon receiving the report, security forces immediately arrived at the village to conduct necessary inspections. They discovered the bodies of the 12 innocent civilians who were brutally killed by the PDF terrorist insurgents. The bodies were transported to the Mahlaing People's Hospital, and security forces are continuing required regional security operations.

Such senseless, inhumane shootings of innocent civilians constitute a War Crime under the Geneva Conventions and international law. Local residents have expressed deep revulsion, hatred, and condemnation regarding the unlawful acts of violence committed by the PDF insurgents. Security forces are cooperating with local residents to conduct necessary area clearance operations to identify, apprehend, and take legal action against the terrorists.

100

# မင်းကင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၅၆၄၈ ဧက စိုက်ပျိုးမည်



ယခင်နှစ်က ပဲတီစိမ်းစိုက်ခင်းကို တွေ့ရစဉ်။

**မင်းကင်း ဩဂုတ် ၃၁**

စစ်ကိုင်းတိုင်းဒေသကြီးကလေးခရိုင် မင်းကင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၅၆၄၈ ဧကစိုက်ပျိုးသွားမည်ဖြစ်ကြောင်း မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မင်းကင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၅၆၄၈ ဧက စိုက်ပျိုးရန် လျာထားပြီး အဆိုပါပဲတီစိမ်းစိုက်ပျိုးမှုကို ယခုနှစ်အောက်တိုဘာလမှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ မင်းကင်းမြို့နယ်မှာ ပဲတီစိမ်းဧက ၅၆၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်သွားပါမယ်။ ပဲတီစိမ်းစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့ပညာပေးတာတွေ၊ အထွက်နှုန်းကောင်းမွန်ဖို့အတွက် မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့ အသိပညာပေးတာတွေရှိပါတယ်" ဟု မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်စီးမှူး ဦးသျှန်အုတ်ကိမ်က ပြောပြသည်။

မင်းကင်းမြို့နယ်တွင် ပဲတီစိမ်းစိုက်တောင်သူများကို သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်း၊ မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်စီးမှူး ဦးသျှန်အုတ်ကိမ်က ပြောပြ၍ သိရသည်။ **(၂၀၆)**

# ပုသိမ်မြို့နယ်တွင် ရေဘဝဲများ ဝယ်ယူမှုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေ

**ပုသိမ် ဩဂုတ် ၃၁**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် ရေထွက်ကုန်ရောင်းဝယ်ရေးဈေးကွက်တွင် ရေဘဝဲများ ဝယ်ယူမှုအားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း ပုသိမ်မြို့နယ်မှ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ခိုင်ဇာလင်းက ပြောပြ၍ သိရသည်။

ပုသိမ်မြို့နယ်မှ ထွက်ရှိသည့် ရေထွက်ကုန်ပစ္စည်း ဈေးကွက်တွင် ရေဘဝဲများကို ဩဂုတ်လ ဒုတိယပတ်မှစတင်ပြီး ယနေ့ထိ အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါ ရေဘဝဲများ တစ်ရက်လျှင် ပိဿာချိန် ၄၀၀၀ မှ ၅၅၀၀ ထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"ပုသိမ်မြို့နယ်ရဲ့ ရေထွက်ကုန်ရောင်းဝယ်ရေးဈေးကွက်မှာ ရေဘဝဲတွေ အရောင်းအဝယ်ကောင်းမွန်နေပါတယ်။ ဝယ်လက်တွေကကုန်ချိန် အများအပြား ဝယ်ယူဖို့ ချိတ်ဆက်နေပါတယ်။



စားသုံးသူ များလာတာကြောင့်လို့ ယူဆပါတယ်။ လက်ရှိ ရောင်းချနေတဲ့ ရေဘဝဲတွေက အရည်အသွေး ကောင်းမွန်ပါတယ်။ ရန်ကုန်ဈေးကွက်ဘက်က ဝယ်လက်တွေက မှာယူမှုအားကောင်းနေလို့ အရောင်းအဝယ်ကောင်းနေပါတယ်"ဟု ပုသိမ်မြို့နယ်မှ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ခိုင်ဇာလင်းက ပြောပြသည်။

ပုသိမ်မြို့နယ်တွင် အရောင်းအဝယ် ကောင်းမွန်နေသည့် ရေဘဝဲလက်ရှည် တစ်ကီလိုလျှင် ငွေကျပ် ၃၅၀၀၀၊ ရေဘဝဲလက်တိုတစ်ကီလိုလျှင် ငွေကျပ် ၄၂၅၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။

အဆိုပါဒေသမှ ရေဘဝဲအပြင် အခြားရေထွက်ကုန်များပါ ဝယ်ယူအားကောင်းမွန်ပြီး အရောင်းအဝယ် ကောင်းလာသည့်အတွက် ရေလုပ်သားများ၊ ပွဲရုံပိုင်ရှင်များ၊ ကုန်တင်ယာဉ် အငှားလိုက်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# သာပေါင်းမြို့နယ် ဇီးပင်ကွင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**သာပေါင်း ဩဂုတ် ၃၁**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် သာပေါင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဇီးပင်ကွင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ဩဂုတ် ၃၀ ရက် နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သာပေါင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်နွယ်က ဇီးပင်ကွင်းကျေးရွာရှိ စီမံကိန်းအသင်းသား၊ အသင်းသူများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ မြစိမ်းရောင်ကျေးရွာ စီမံကိန်း၏ရည်ရွယ်ချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်း၏ အကျိုးကျေးဇူးများ၊ လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ဇီးပင်ကွင်းကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် သိန်း ၄၀၀ လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်နွယ်နှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ဇီးပင်ကွင်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၅ ဦးကို ငွေကျပ် သိန်း ၁၃၀၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ခုနစ်ဦးကို ငွေကျပ် ၂၂ သိန်း၊ ရေလုပ်ငန်းလုပ်ကိုင်သူ ၅၂ ဦးကို ငွေကျပ် ၁၄၆ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၂၆ ဦးကို ငွေကျပ် ၁၀၂ သိန်း စုစုပေါင်းအသင်းသား၊ အသင်းသူဦးရေ ၁၁၀ ကို စီမံကိန်းရန်ပုံငွေကျပ်သိန်း ၄၀၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **နွဲ့ယဉ်**






# ကြို့ပင်ကောက်မြို့နယ် စိန်တွင်းမြိုင်ကျေးရွာ၌ VDP စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်း ပြုလုပ်



**ကြို့ပင်ကောက် ဩဂုတ် ၃၁**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စိန်တွင်းမြိုင်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း(VDP) စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဩဂုတ် ၃၀ ရက် နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သီသီအောင်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းလုပ်ငန်းစဉ်များ၊ စီမံကိန်းမူဘောင်များ၊ ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းချက်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် ကျေးရွာသူ၊ ကျေးရွာသားများက အများသဘောဆန္ဒနှင့်အညီ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင် ကိုးဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

စိန်တွင်းမြိုင်ကျေးရွာ၌ ယခုဘဏ္ဍာနှစ်တွင် (VDP)စီမံကိန်းရန်ပုံငွေကျပ်သိန်း ၁၅၀၊ ကျေးရွာနေ ပြည်သူများ၏လုပ်အား၊ ငွေအားထည့်ဝင်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ကျေးရွာ၏ အဓိကလိုအပ်ချက်များပါဝင်သော ဖွံ့ဖြိုးရေးစီမံချက်များရေးဆွဲပြီး စီမံချက်ပါ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဦးစားပေးအလိုက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နည်းပညာများပံ့ပိုးကာ တိုးချဲ့အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။ **သန်းလွင်(မကွေး)**








ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲတို့တွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

**❑ ဆုများပေးအပ်ချီးမြှင့်မှု**

ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသားမိဘများ၊ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင် စာမေးပွဲတို့တွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ အခမ်းအနားကို စတင်ကျင်းပရာ နိုင်ငံတော်သမ္မတနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံအား အလေးပြုကြသည်။

ထို့နောက် အမှတ်(၁၁) အခြေခံပညာအထက်တန်းကျောင်း နေပြည်တော်ကောင်စီနယ်မြေမှ ကျောင်းသား၊ ကျောင်းသူ လူငယ်မောင်မယ်လေးများက "ပညာဂုဏ်ရည်မြင့်မားနိုင်ငံ့ကြယ်ပွင့်များ" တေးသီချင်းဖြင့် သရုပ်ဖော်ကပြတင်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက အမှာစကားပြောကြားရာတွင် နိုင်ငံကို ခေတ်မီနိုင်ငံအဖြစ် ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ခံ့ညားထည်ဝါစွာရပ်တည်နိုင်စေရန်အတွက် အရည်အသွေးပြည့်ဝသည့် ပညာတတ်လူငယ်များ၏ စွမ်းရည်စွမ်းအားမြင့်မားမှုသည် ပဓာနကျကြောင်း၊ အတွေးအခေါ် မြင့်မားပြီး ဗလငါးတန်နှင့် ပြည့်ဝသည့် ထူးချွန်လူငယ်များသည် နိုင်ငံတော်အတွက် အဖိုးအနဂ္ဃထိုက်တန်သည့် အမြဲတေရတနာများပင်ဖြစ်ကြောင်း၊ နိုင်ငံတည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသည့် စွမ်းဆောင်နိုင်စွမ်း၊ ဖန်တီးနိုင်စွမ်းရှိကြသည့် အရင်းအမြစ်များလည်းဖြစ်ကြကြောင်း။

ယခု ဆုနှင်းသဘင် ခန်းမအတွင်း၌ ရောက်ရှိနေကြသည့် ဆုရကျောင်းသား၊ ကျောင်းသူများသည် အခြေခံပညာနှင့် အသိဉာဏ်ပြည့်စုံကြွယ်ဝကြသူများ၊ ရည်မှန်းချက်မြင့်မားကြသူများဖြစ်ကြပြီး ဇွဲလုံ့လ ဝီရိယနှင့် တစိုက်မတ်မတ်ကြိုးစားအားထုတ်ခဲ့ကြသဖြင့် ယခုကဲ့သို့ထူးချွန်စွာအောင်မြင်ခဲ့ကြခြင်းဖြစ်ကြောင်း၊ ထို့ပြင် ခိုင်မာတည်ကြည်သည့်စိတ်ဓာတ်နှင့် အဆင့်မြင့်ပညာကို အပတ်တကုတ်သင်ယူပြီး ဘဝအောင်မြင်ရေးအတွက် ထူးချွန်ထက်မြက်အောင် ဆက်လက်ကြိုးစားသွားကြလိမ့်မည်ဟုလည်း ယုံကြည်မျှော်လင့်ကြောင်း။

ယခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အခြေခံပညာကျောင်းများမှ ကျောင်းသားများအပြင် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးကျောင်းများမှ ကျောင်းသားများလည်း ဝင်ရောက်ဖြေဆိုခဲ့ကြကြောင်း၊ ယခုနှစ်၏ တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက်ရာခိုင်နှုန်းသည် ၅၂ ဒသမ ၃၇ ရာခိုင်နှုန်းဖြစ်သဖြင့် ယခင်နှစ်များထက် အောင်ချက်ရာနှုန်းတိုးတက်လာသည်ကိုတွေ့ရှိရကြောင်း၊ ထို့ပြင် ယခုနှစ်တွင် စတင်ကျင်းပသည့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက်ရာခိုင်နှုန်းသည်လည်း ၄၉ ဒသမ ၇ ရာခိုင်နှုန်းရရှိခဲ့ခြင်းဖြစ်သဖြင့် နိုင်ငံ့ပညာရေးအတွက် အားရဂုဏ်ယူစရာပင်ဖြစ်ကြောင်း၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးရရှိသူ ၆၇၄ ဦး၊ တစ်နိုင်ငံလုံးဘာသာတွဲအလိုက် အမှတ်အများဆုံးရရှိသူ ၃၂ ဦးနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲတွင်လည်း ဘာသာစုံဂုဏ်ထူးရရှိသူ သုံးဦး၊ တစ်နိုင်ငံလုံးဘာသာတွဲအလိုက် အမှတ်အများဆုံးရရှိသူဦးရေ ၅၀ ပေါ်ထွက်ခဲ့ကြောင်း။

ယနေ့အခမ်းအနားတွင် တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲများတွင် တစ်နိုင်ငံလုံး အမှတ်အများဆုံးရရှိခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူ ၃၀၇ ဦးကို ရွှေစင်တစ်ကျပ်သား ဒင်္ဂါးပြားများနှင့် ထိုက်ထိုက်တန်တန် ဂုဏ်ပြုဆုချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း၊ ထူးချွန်ကျောင်းသား၊ ကျောင်းသူများ၏ ကြိုးပမ်းအားထုတ်မှုနှင့် အောင်မြင်မှုရလဒ်များကို မှတ်ကျောက်တင်ဂုဏ်ပြုပေးခြင်းဖြစ်သဖြင့် အဆင့်မြင့်ပညာကို ဆက်လက်ထူးချွန်အောင်ကြိုးစားရန် မြှောက်စားအားပေးခြင်းလည်းဖြစ်သည်ကို ပြောကြားလိုကြောင်း။

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတစ်ခုကို ဦးတည်လျှောက်လှမ်းရာတွင် နိုင်ငံသားများ၏ အသိဉာဏ်ပညာပြည့်စုံကြွယ်ဝမှု၊ အခြေခံစိတ်ဓာတ်ကောင်းမွန်မှု၊ ဆန်းသစ်တီထွင်နိုင်စွမ်းရှိမှု၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို တန်ဖိုးထားထိန်းသိမ်းတတ်မှုစသည့် အရည်အချင်းများသည်အဓိကကျပါကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်မှသာလျှင် ဘက်စုံထူးချွန်ပြီး စွမ်းဆောင်ရည်ပြည့်ဝသည့်နိုင်ငံသားများ၏ စွမ်းပကားနှင့် ခေတ်မီနိုင်ငံတော်သစ်ကို

**ယနေ့အခမ်းအနားတွင် တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲများတွင် တစ်နိုင်ငံလုံး အမှတ်အများဆုံးရရှိခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူ ၃၀၇ ဦးကို ရွှေစင်တစ်ကျပ်သား ဒင်္ဂါးပြားများနှင့် ထိုက်ထိုက်တန်တန် ဂုဏ်ပြုဆုချီးမြှင့်ပေးသွားမည်၊ ထူးချွန်ကျောင်းသား၊ ကျောင်းသူများ၏ ကြိုးပမ်းအားထုတ်မှုနှင့် အောင်မြင်မှုရလဒ်များကို မှတ်ကျောက်တင်ဂုဏ်ပြုပေးခြင်းဖြစ်သဖြင့် အဆင့်မြင့်ပညာကို ဆက်လက်ထူးချွန်အောင်ကြိုးစားရန် မြှောက်စားအားပေးခြင်းလည်းဖြစ် . . .**



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဝိဇ္ဇာဘာသာတွဲတွင် မြန်မာတစ်နိုင်ငံလုံး အမှတ်အများဆုံးဆုရရှိသည့် ကျောင်းသူတစ်ဦးကို ဆုပေးအပ်ချီးမြှင့်စဉ်။



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး စက်မှုစိုက်ပျိုးမွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာတွဲအလိုက် အမှတ်အများဆုံးရရှိသည့် ကျောင်းသားတစ်ဦးကို ဆုပေးအပ်ချီးမြှင့်စဉ်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အမှတ်အများဆုံးရရှိသည့် ကျောင်းသားတစ်ဦးကို ဆုပေးအပ်ချီးမြှင့်စဉ်။

ခိုင်ခိုင်မာမာ တည်ဆောက်နိုင်မည်ဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့် စက်မှုလက်မှု၊ ကုန်ထုတ်လုပ်မှုကဏ္ဍများ တိုးမြှင့်နိုင်ရေးအတွက် အရည်အသွေးပြည့်ဝသည့် ကျွမ်းကျင်လုပ်သားများမွေးထုတ်ပေးနိုင်ရေး အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းများကို ၂၀၂၃-၂၀၂၄ ပညာသင်နှစ်ကစပြီး ဖွင့်လှစ်ပေးခဲ့ကြောင်း၊ ယခုဆိုပါက ၉၂ ကျောင်းထိ ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး ယင်းကျောင်းများမှ သင်ယူပြီးမြောက်သည့် ကျောင်းသား၊ ကျောင်းသူများလည်း ပေါ်ထွက်လာခဲ့ပြီဖြစ်ကြောင်း၊ ထို့ပြင် ယခုပညာသင်နှစ်ကစပြီး အခြေခံပညာအလယ်တန်းဆင့်၌ပါ သက်မွေးပညာရပ်များကို ထည့်သွင်းသင်ကြားပေးနေပြီဖြစ်ကြောင်း။

ထူးချွန်ကျောင်းသား၊ ကျောင်းသူများကို အလေးအနက်ထား မှာကြားလိုသည်မှာ မိမိတို့နိုင်ငံ၏ ရေမြေတောတောင်သဘာဝပထဝီဝင်နှင့် ယဉ်ကျေးမှုဓလေ့ထုံးတမ်းများ၊ သမိုင်းကြောင်းနှင့် လက်ရှိအခြေအနေများကို သေသေချာချာသိရှိအောင်လေ့လာစေလိုကြောင်း၊ မိမိတို့နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တည်ဆဲဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများကို သိရှိလိုက်နာပြီး မှန်ကန်သည့်လုပ်ရပ်များနှင့် နိုင်ငံကိုအကျိုးပြုနိုင်အောင် ကြိုးစားကြစေလိုကြောင်း၊ အချင်းချင်းအပြန်အလှန်လေးစားမှုရှိပြီး မတူကွဲပြားမှုများကို အမျိုးသားရေးစွမ်းအားအဖြစ် ရှုမြင်သုံးသပ်နိုင်သည့်စိတ်ထားရှိအောင် ကြိုးစားသွားကြရမည်ဖြစ်ကြောင်း၊ အနာဂတ်နိုင်ငံ

**အချင်းချင်းအပြန်အလှန်လေးစားမှုရှိပြီး မတူကွဲပြားမှုများကို အမျိုးသားရေးစွမ်းအားအဖြစ် ရှုမြင်သုံးသပ်နိုင်သည့်စိတ်ထားရှိအောင် ကြိုးစားသွားကြရမည်၊ အနာဂတ်နိုင်ငံကို ဦးဆောင်ကြမည့်သူများဖြစ်သဖြင့် ပြောဆိုလုပ်ကိုင်မှုမှန်သမျှတွင် သေသေချာချာ စဉ်းစားသုံးသပ်ပြီး နိုင်ငံ့အကျိုးစီးပွားအတွက် အကျိုးဖြစ်ထွန်းစေမည့်အရာများကို ဖော်ဆောင်ကြရန်နှင့် ထိခိုက်စေမည့်အရာများကို ရှောင်ကြဉ်ကြရန် မှာကြားလို . . .**

ကို ဦးဆောင်ကြမည့်သူများဖြစ်သဖြင့် ပြောဆိုလုပ်ကိုင်မှုမှန်သမျှတွင် သေသေချာချာ စဉ်းစားသုံးသပ်ပြီး နိုင်ငံ့အကျိုးစီးပွားအတွက်အကျိုးဖြစ်ထွန်းစေမည့်အရာများကို ဖော်ဆောင်ကြရန်နှင့် ထိခိုက်စေမည့်အရာများကို ရှောင်ကြဉ်ကြရန် မှာကြားလိုကြောင်း။

ထိုကဲ့သို့ အခြေခံသဘောတရားများကို သိရှိနားလည်ရန်၊ စဉ်းစားဆင်ခြင်သုံးသပ်နိုင်ရန်အတွက် အဓိကအနေဖြင့် အသိပညာဗဟုသုတပြည့်စုံရန်လိုကြောင်း၊ အသိပညာမရှိပါက မှန်မှန်ကန်ကန်ဆုံးဖြတ်နိုင်စွမ်းမဲ့ပြီး လွဲမှားသည့်အယူအဆများနှင့် မိမိကိုသာမက ပတ်ဝန်းကျင်ကိုပါ အကျိုးယုတ်ပျက်စီးစေနိုင်ကြောင်း၊ ထို့ကြောင့် အသိဉာဏ်ပညာပြည့်ဝပြီး အကျင့်စာရိတ္တကောင်းမွန်ရန် စာများများဖတ်သည့် အလေ့အကျင့်ကို မွေးမြူကြရန်နှင့် သုတ၊ ရသ စာပေအမျိုးမျိုးကိုလေ့လာဖတ်ရှုကြရန်၊ စိတ်ထဲတွင် စွဲမြဲအောင်မှတ်သားပြီး ဘဝအတွက် ကျင့်သုံးလိုက်နာသွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

ယနေ့ခေတ်သည် နည်းပညာခေတ်ဖြစ်သည်နှင့်အညီ ဒစ်ဂျစ်တယ်စီးပွားရေးနှင့် AI အခြေပြုဝန်ဆောင်မှုလုပ်ငန်းများ အရှိန်အဟုန်ဖြင့် အားကောင်းလာသည်ကို တွေ့ရကြောင်း၊ လူငယ်များအနေဖြင့် ကမ္ဘာ့အခြေအနေအရပ်ရပ်ကို မျက်ခြည်မပြတ်သိရှိပြီး သိပ္ပံနှင့်နည်းပညာအခြေပြု စွန့်ဦးတီထွင်မှုများ ပိုမိုဆောင်ရွက်ကြစေလိုကြောင်း၊ ခေတ်မီပညာရပ်များကို လက်လှမ်းမီရှာဖွေနိုင်ရန် လူမှုကွန်ရက်နှင့် အင်တာနက်များကို မှန်မှန်ကန်ကန်၊ အကျိုးရှိရှိအသုံးချရန်လိုအပ်ကြောင်း၊ အကျိုးမရှိသည့် တလွဲအသုံးပြုမှုများနှင့် အမှားမလုပ်မိကြရေးကိုလည်း သတိပေးမှာကြားလိုကြောင်း။

နိုင်ငံတိုးတက်ရေး လူတိုင်းအလုပ်လုပ်ကြရန် အရေးကြီးပြီး မိမိတို့အသက်အရွယ်အလိုက် ကျွမ်းကျင်ရာလိမ္မာရာ သင့်လျော်သည့်လုပ်ငန်းဆောင်တာများကို သမ္မာအာဇီဝရှိရှိ၊ အတ္တနှင့်ပရ မျှမျှတတဆောင်ရွက်ကြရန်လိုကြောင်း၊ အချိန်ကိုအချည်းနှီးမဖြစ်စေရေး အကျိုးရှိရှိ အသုံးချကြရမည်ဖြစ်ပြီး ပျင်းရိနေပါက အရာရာနောက်ကျကျန်ခဲ့မည်ဖြစ်ကြောင်း၊ မိမိကိုယ်မိမိယုံကြည်ပြီး တိုးတက်အောင်လုပ်ကြရန်နှင့် ရည်မှန်းချက်မြင့်မြင့်ထားပြီး စဉ်ဆက်မပြတ်အားထုတ်ဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း။

ကျောင်းသားလူငယ်များ အနေဖြင့် ကျန်းမာရေးနှင့် ညီညွတ်အောင်နေထိုင်တတ်သည့်အလေ့အကျင့်ကောင်းများရှိရန်လိုကြောင်း၊ ကိုယ်လက်လှုပ်ရှားအားကစားမှုနှင့်အတူ ဝါသနာပါရာ အားကစားတစ်မျိုးမျိုးကိုလေ့လာလိုက်စားသင့်ကြောင်း၊ ကျန်းမာကြံ့ခိုင်ပြီး ကိုယ်ရည်ကိုယ်သွေးမြင့်မားသူများဖြစ်အောင် ကြိုးစားကြရမည်ဖြစ်ကြောင်း၊ မိမိကိုယ်ကို အကောင်းဆုံးဖြစ်အောင် လေ့ကျင့်ပျိုးထောင်ခြင်းသည် နိုင်ငံတော်ကို အကျိုးပြုရာရောက်ပြီး ပညာရေး၊ ကျန်းမာရေး၊ အားကစား စသည်တို့သည် တစ်ခုနှင့်တစ်ခုဆက်စပ်နေပြီး ဘဝအတွက် အားနည်း၍မရနိုင်သည့် အခြေခံလိုအပ်ချက်များဖြစ်သည်ကို အားလုံးကသတိရှိကြရန် မှာကြားလိုကြောင်း။

နိုင်ငံတော်အနေဖြင့် လူငယ်များ၏ အခန်းကဏ္ဍကို ထိထိရောက်ရောက်အာရုံစိုက်ပြီး အဘက်ဘက်က ဖြည့်ဆည်းပံ့ပိုးပေးမည်ဖြစ်ကြောင်း၊ ထို့ကြောင့်လည်း ယခုမိမိတို့အစိုးရသစ်ကာလတွင် လူငယ်ရေးရာဝန်ကြီးဌာနကို အသစ်ဖွဲ့စည်းပြီး လူငယ်ရေးရာမူဝါဒများချမှတ်ကာ လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း၊ လူငယ်များတိုင်းတစ်ပါးနိုင်ငံများကို သွားရောက် အလုပ်လုပ်ကိုင်နေကြခြင်းသည် နိုင်ငံတော်အတွက် အလွန်နစ်နာပြီး နိုင်ငံ့အရင်းအမြစ်များ များစွာဆုံးရှုံးရကြောင်း၊ ထို့ကြောင့် လူငယ်များအနေဖြင့် မိမိတို့နိုင်ငံက သင်ပေးလိုက်သည့်ပညာရပ်များဖြင့် မိမိနိုင်ငံ၊ မိမိလူမျိုးကို အပြည့်အဝအကျိုးပြုပြီး ပြန်လည်ကျေးဇူးဆပ်နိုင်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

ဘဝရှင်သန်ရပ်တည်ရေးအတွက်အတတ်ပညာတစ်ရပ်ရပ်ကို ကျွမ်းကျင်လိမ္မာရန်လိုသကဲ့သို့ ဘာသာတရား၏ အဆုံးအမနှင့်အညီ ကိုယ်၊ နှုတ်၊ နှလုံး ယဉ်ကျေးသိမ်မွေ့သူများဖြစ်ကြရန်လည်း သင်ယူကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့်လည်း အခြေခံပညာကျောင်းများတွင် စိတ်ဓာတ်၊ စည်းကမ်း၊ ပညာဟူသည့်ပြည့်စုံရမည့် ဦးတည်ချက်များကို ချမှတ်သင်ကြားလေ့ကျင့်ပေးနေခြင်းဖြစ်ကြောင်း၊ ထို့ပြင် မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်ကိုတန်ဖိုးထားမြတ်နိုးပြီး အမျိုး၊ ဘာသာ၊သာသနာကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရန်လည်း လိုကြောင်း၊ ထိုသို့ဆောင်ရွက်မှသာ အဘက်ဘက်က ထူးချွန်ပြည့်စုံသည့် နိုင်ငံတော်က အားကိုးထိုက်သည့် လူတော်လူကောင်းများဖြစ်လာမည်ဖြစ်ကြောင်း။

နိုင်ငံသားတစ်ယောက်၏ ကျင့်ဝတ်သိက္ခာနှင့်အညီ တန်ဖိုးရှိစွာနေထိုင်တတ်ပြီး ထူးချွန်ထက်မြက်သည့် လူရည်ချွန်လူရည်မွန်များဖြစ်အောင် ဆက်လက်ကြိုးစားကြရန်၊ နိုင်ငံနှင့်လူမျိုးအကျိုးကို နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်များနှင့် သစ္စာရှိရှိအားမာန်အပြည့်ဖြင့် သယ်ပိုးထမ်းရွက်ကြရန်၊ နိုင်ငံ့အနာဂတ်ကို ပညာဖြင့်ထုဆစ်ပုံဖော်နိုင်သည့် ရှေ့ဆောင်လမ်းပြကောင်းများဖြစ်စေရေး ဘဝတွင် အောင်မြင်မှုများရအောင် ကြိုးပမ်းကြရန်၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးတည်ဆောက်ရာတွင်လည်း

စာမျက်နှာ ၁၈ သို့



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ သိပ္ပံဘာသာတွဲတွင် မြန်မာတစ်နိုင်ငံလုံး အမှတ်အများဆုံးဆုရရှိသည့် မောင်စည်သူဗိုလ်အား ဆုပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ သိပ္ပံဘာသာတွဲတွင် မြန်မာတစ်နိုင်ငံလုံး အမှတ်အများဆုံးဆုရရှိသည့် မခင်ငြိမ်းစုအား ဆုပေးအပ်ချီးမြှင့်စဉ်။



ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဝိပ္ပံဘာသာတွဲတွင် မြန်မာတစ်နိုင်ငံလုံး အမှတ်အများဆုံးဆုရရှိသည့်ကျောင်းသူတစ်ဦးကို ဆုပေးအပ်ချီးမြှင့်စဉ်။



၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲတို့တွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများကိုယ်စား အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း (ပုသိမ်)မှ မနှင်းဝင့်ထည်က ကျေးဇူးတင်စကားပြောကြားစဉ်။






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသူများက အမှတ်(၁၁)အခြေခံပညာအထက်တန်းကျောင်း နေပြည်တော်ကောင်စီနယ်မြေမှ ကျောင်းသား၊ ကျောင်းသူ လူငယ်မောင်မယ်လေးများက “ပညာဂုဏ်ရည်မြင့်မား နိုင်ငံ့ကြယ်ပွင့်များ” တေးသီချင်းဖြင့် သရုပ်ဖော်ကပြတင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။

**ယနေ့ခေတ်သည် နည်းပညာခေတ်ဖြစ်သည်နှင့်အညီ ဒစ်ဂျစ်တယ်စီးပွားရေးနှင့်AI အခြေပြု ဝန်ဆောင်မှုလုပ်ငန်းများ အရှိန်အဟုန်ဖြင့် အားကောင်းလာသည်ကိုတွေ့ရ၊ ကမ္ဘာ့အခြေအနေ အရပ်ရပ်ကို မျက်ခြည်မပြတ်သိရှိပြီး သိပ္ပံနှင့်နည်းပညာအခြေပြု စွန့်ဦးတီထွင်မှုများ ပိုမိုဆောင်ရွက်ကြစေလို၊ ခေတ်မီပညာရပ်များကို လက်လှမ်းမီရှာဖွေနိုင်ရန် လူမှုကွန်ရက်နှင့် အင်တာနက်များကို မှန်မှန်ကန်ကန်၊ အကျိုးရှိရှိအသုံးချရန်လိုအပ်၊ အကျိုးမရှိသည့် တလွဲအသုံးပြုမှုများနှင့် အမှားမလုပ်မိကြရေးကိုလည်း သတိပေးမှာကြားလို . . .**

စာမျက်နှာ ၁၇ မှအဆက်

ကျရာကဏ္ဍမှ တစ်တပ်တစ်အား တာဝန်ကျေပွန်အောင် ပူးပေါင်းပါဝင်သွားကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတက ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ သိပ္ပံဘာသာတွဲတွင် မြန်မာတစ်နိုင်ငံလုံးအမှတ်အများဆုံးဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများဖြစ်ကြသော မသီရိစိုး၊ မအေးချမ်းမြေ့၊ မောင်စည်သူဗိုလ်၊ မသက်နှင်းစံ၊ မောင်ဉာဏ်ဟိန်းဇေ၊ မမေဇင်ဖုန်းမြတ်၊ မအိကေဇင်၊ မသင်းပျံ့ပြည့်စုံခင်၊ မောင်ဘုန်းတေဇာသွေး၊ မဆောင်းနှင်းဖြူနှင့် မခင်ငြိမ်းစုတို့ကို ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးက ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဝိပ္ပံဘာသာတွဲတွင် မြန်မာတစ်နိုင်ငံလုံး အမှတ်အများဆုံးဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူ ၁၁ ဦးကိုလည်းကောင်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီက ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဝိဇ္ဇာဘာသာတွဲတွင် မြန်မာတစ်နိုင်ငံလုံးအမှတ်အများဆုံးဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူ ၁၀ ဦးကိုလည်းကောင်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးက စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲတွင်ဘာသာတွဲအလိုက် အမှတ်အများဆုံးရရှိသည့် ကျောင်းသား၊ ကျောင်းသူ ငါးဦးနှင့် ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အမှတ်အများဆုံးရရှိသည့် ကျောင်းသား၊ ကျောင်းသူ ငါးဦးကိုလည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးက ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အမှတ်အများဆုံးရရှိသည့် ကျောင်းသား၊ ကျောင်းသူ ၁၀ ဦးကိုလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးတို့က ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အမှတ်အများဆုံးရရှိသည့် ကျောင်းသား၊ ကျောင်းသူများကို ဆုများပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲတို့တွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများကိုယ်စား အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း(ပုသိမ်)မှ မနှင်းဝင့်ထည်က ကျေးဇူးတင်စကားပြောကြားရာတွင် ယခုကဲ့သို့နိုင်ငံတော်အစိုးရအနေဖြင့် ကျောင်းသားလူငယ်များကို အရည်အသွေးမြင့် ပညာတတ်လူသားကောင်းများဖြစ်စေရန်အတွက် အဘက်ဘက်မှ စေတနာထားဖြည့်ဆည်းပံ့ပိုးပေးလျက်ရှိနေသည်ကို မိမိတို့အနေဖြင့် လက်တွေ့ခံစားခဲ့ရပြီဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့လူငယ်များအနေဖြင့်ရရှိခဲ့သည့်အခွင့်အရေးကို အပြည့်အဝအသုံးချပြီး ကိုယ်စွမ်း၊ဉာဏ်စွမ်းရှိသမျှ ကြိုးပမ်း အားထုတ်ခဲ့ကြသည့်အတွက် ယခုကဲ့သို့ အောင်မြင်မှုများကိုရရှိခဲ့ခြင်းဖြစ်ပါကြောင်း၊ မိမိတို့၏ကြိုးစားအားထုတ်မှုနှင့် အောင်မြင်မှုများကို အသိအမှတ်ပြုပြီး နိုင်ငံတော်အဆင့်အခမ်းအနားဖြင့် ဂုဏ်ပြုချီးမြှောက်ပေးသည့်အတွက် နိုင်ငံတော်သမ္မတကြီးနှင့်တကွ တာဝန်ရှိပုဂ္ဂိုလ်များ အားလုံးကိုအထူးကျေးဇူးတင်ရှိပါကြောင်း၊ မိမိတို့ယခုကဲ့သို့အောင်မြင်မှုများရရှိခဲ့ခြင်းသည် နိုင်ငံတော်အစိုးရ၏ စေတနာနှင့် အထောက်အပံ့ကောင်းများကြောင့်ဖြစ်သည်ကို လေးစားစွာတင်ပြလိုပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အစိုးရ၏ ကျေးဇူးတရားကို လေးလေးနက်နက်ခံယူပြီး နိုင်ငံနှင့် လူမျိုးအပေါ် သစ္စာစောင့်သိသည့် နိုင်ငံ့သားကောင်းများဖြစ်အောင် နေထိုင်သွားမည်ဟုသန္နိဋ္ဌာန်ပြုပါကြောင်း၊ မိမိတို့လေ့လာသင်ယူခဲ့သည့် ပညာရပ်ဗဟုသုတများနှင့် အများအကျိုးသယ်ပိုးပြီး နိုင်ငံ့ဂုဏ်ဆောင်နိုင်သည့် ပညာတတ်လူလိမ္မာများဖြစ်အောင် ကျင့်ကြံနေထိုင်သွားမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၊ မိမိတို့လူမျိုးကို ချစ်မြတ်နိုးပြီး မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို တန်ဖိုးထားထိန်းသိမ်းစောင့်ရှောက်ပြီး နိုင်ငံတော်ကပေးအပ်သည့် တာဝန်များကို ကျေပွန်စွာထမ်းဆောင်သွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံ့ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျရာကဏ္ဍမှ စွမ်းစွမ်းတမံ ပါဝင်ဆောင်ရွက်သွားမည်ဟု ထူးချွန်ကျောင်းသား၊ ကျောင်းသူများ ကိုယ်စား ကတိပြုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း နေပြည်တော်ကောင်စီနယ်မြေမှ ကျောင်းသား၊ ကျောင်းသူ လူငယ်မောင်မယ်လေးများက “ထူးချွန်သူတို့ ဂုဏ်ပြုစို့” တေးသီချင်းဖြင့် သရုပ်ဖော်ကပြတင်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ဆုရ ကျောင်းသား၊ ကျောင်းသူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး နိုင်ငံတော်သမ္မတက ထူးချွန်ကျောင်းသား၊ ကျောင်းသားများကို ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသူများက ဆုရကျောင်းသား၊ ကျောင်းသူများနှင့်အတူ ဂုဏ်ပြုနေ့လယ်စာ အတူတကွသုံးဆောင်ကြစဉ်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတနှင့်အခမ်းအနားတက်ရောက်လာကြသူများသည် ဆုရကျောင်းသား၊ ကျောင်းသူများနှင့်အတူ ဂုဏ်ပြုနေ့လယ်စာကိုအတူတကွ သုံးဆောင်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

PPIB News

ရှေ့ဖုံးမှအဆက်

ထို့ပြင် မြန်မာ-ဗီယက်နမ် စီးပွားရေးဖိုရမ်သို့ တက်ရောက်ရန်ရှိပြီး ဗီယက်နမ်နိုင်ငံရှိ ဒစ်ဂျစ်တယ်နည်းပညာနှင့် စက်မှုလုပ်ငန်းများကိုသွားရောက်လေ့လာသွားမည်ဖြစ်သည်။ ခရီးစဉ်အတွင်း မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးသည့်ဆက်ဆံရေးကို ပိုမိုခိုင်မာလာစေရေးကိစ္စရပ်များ၊ နှစ်နိုင်ငံအစိုးရများကြား၊ လွှတ်တော်များကြား နှင့် ပြည်သူများကြားပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန်ကိစ္စများ၊စီးပွားရေး၊ ယဉ်ကျေးမှုနှင့်ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးသွားမည်ဖြစ်သည်။

အဆိုပါခရီးစဉ်တွင် နိုင်ငံတော်သမ္မတနှင့်ဇနီးတို့နှင့်အတူ ပြည်ထောင်စုဝန်ကြီးများ၊ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါသွားမည်ဖြစ်သည်။ (သတင်းစဉ်)

# ဒုတိယသမ္မတ ဦးညိုစော ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗလာဒီဗော့စတော့မြို့၌ ကျင်းပမည့် ၁၁ ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်သို့ တက်ရောက်ရန် ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ထွက်ခွာ

နေပြည်တော် ဩဂုတ် ၃၁

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗလာဒီဗော့စတော့မြို့၌ ကျင်းပမည့် ၁၁ ကြိမ်မြောက် အရှေ့ဖျားစီးပွားရေး ဖိုရမ်သို့ တက်ရောက်ရန် ဒုတိယသမ္မတ ဦးညိုစောသည် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်၊ ဒစ်ဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းဇေယျာလှိုင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်တို့နှင့်အတူ ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ထွက်ခွာသည်။

ဒုတိယသမ္မတဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဒုတိယသမ္မတ ဦးညိုစော ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်စဉ်။



# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံ



နေပြည်တော် ဩဂုတ် ၃၁

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးသည် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Tor Saralamba ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-ထိုင်း နှစ်နိုင်ငံ လွှတ်တော်နှစ်ရပ်ကြား လွှတ်တော်ချင်းချစ်ကြည်ရင်းနှီးရေး၊ နိုင်ငံတကာဆက်ဆံရေးနှင့် ဥပဒေပြုရေးဆိုင်ရာ အတွေ့အကြုံများ ဖလှယ်ရေး၊ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ခိုင်မာစေရေးတို့နှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌနှင့်အတူ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ Jeng Phang နော်တောင်၊ အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများနှင့် ထိုင်းနိုင်ငံသံရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H. E. Mr. Tor Saralamba ကို လက်ခံတွေ့ဆုံစဉ်။

# ရထားပြေးဆွဲမှုယာယီရပ်နားခဲ့ရသည့် ပြင်ဦးလွင်-ဂုတ်ထိပ် အစုန်၊အဆန်ရထားခရီးစဉ်ကို လာမည့် စနေနေ့မှစ၍ အပတ်စဉ် ပုံမှန်ပြန်လည်ပြေးဆွဲပေးသွားမည်

နေပြည်တော် ဩဂုတ် ၃၁

နောင်ချိုမြို့နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် နောင်ချို-ဂုတ်ထိပ် ရထားလမ်းပိုင်း ရေကျော်နစ်မြုပ်မှုဖြစ်ပွားခဲ့ပြီး ယခုအခါ လမ်းပိုင်းပြုပြင်ပြီးစီးပြီဖြစ်၍ ရထားပြေးဆွဲမှုယာယီရပ်နားခဲ့ရသည့် ပြင်ဦးလွင်-ဂုတ်ထိပ် အစုန်၊ အဆန်ရထားခရီးစဉ်ကို လာမည့်စနေနေ့မှစ၍ အပတ်စဉ် ပုံမှန် ပြန်လည်ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယနေ့နံနက်ပိုင်းတွင် ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒစ်ဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးသည် ဒုတိယဝန်ကြီး၊ မန္တလေးတိုင်းဒေသကြီး စက်မှု၊ လျှပ်စစ်နှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ ပို့ဆောင်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ တာဝန်ရှိသူများနှင့်အတူ ပြင်ဦးလွင်ဘူတာမှ ဂုတ်ထိပ်ဘူတာသို့ RBE ရထားဖြင့် လိုက်ပါစီးနင်းပြီး ပြင်ဦးလွင်-ဂုတ်ထိပ် ရထားလမ်းပိုင်းအတွင်း ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက ရထားလမ်းဘေးဝဲယာ တောချုံခုတ်ရန်၊ မြက်ပင်ပေါင်းပင်များ ရှင်းလင်းရန်၊ တောင်ကြားဖြတ်သန်းသည့် နေရာများတွင် သံလမ်းဘေးဝဲယာ၌ ရေများမဝပ်စေရန် ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများပြုလုပ်ရန်၊ တောင်မြေပြိုပြီး သံလမ်းကို မြေကြီးများမဖုံးစေရေး ဆောင်ရွက်ထားရန်၊ နောင်ချိုနှင့် ဂုတ်ထိပ်ဘူတာကြား တံတားအမှတ်(၂၃၂)အနီးတွင် တောင်ကျရေများကြောင့် သံလမ်းပေါ် ရေကျော်ခဲ့ခြင်းများမဖြစ်စေရန် ရေစီးရေလာကောင်းမွန်စေရေးအတွက် ကျောက်စီရေမြောင်းဖြင့် စနစ်တကျဆောင်ရွက်ထားရှိရန် မှာကြားသည်။

ထို့ပြင် ဂုတ်ထိပ်ဘူတာသို့ ရောက်ရှိပြီး ဘူတာသန့်ရှင်းသာယာရေးနှင့် ဝန်ထမ်းလိုင်းခန်းများ ကောင်းမွန်ရေးအတွက်



ပြုပြင်ဆောင်ရွက်ပေးရန်၊ တံတား၏ ပြင်ဦးလွင်ဘက်အခြမ်း တံတားအဝင် ညာဘက်ခြမ်း မြေသားထပ်မံဖို့ရန်၊ သမိုင်းဝင်ဂုတ်ထိပ်တံတားပေါ်သို့ RBE ရထားဖြင့် လိုက်ပါစီးနင်းကာ တံတား ကြံ့ခိုင်ရေးနှင့် သန့်ရှင်းသပ်ရပ်ရေးတို့အတွက် ဆေးသုတ်ပြုပြင်ထားရှိမှု၊ တံတားတိုင်အောင်ခြေပတ်လည်တွင် ခြံစည်းရိုးကာရံခြင်းလုပ်ငန်း ဆောင်ရွက်ထားရှိမှုများကို ပျက်စီးမှုမရှိစေရေး စနစ်တကျ ထိန်းသိမ်းသွားရန်၊ တံတားကြမ်းခင်းပေါ်တွင် ရေတင်နေသဖြင့် ရေထွက်ပေါက်ပြုလုပ်ရန်၊ တံတားဇလီဖားဆွေးများ လဲလှယ်ရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။


၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကိုကာကွယ်ပေးခြင်းဖြစ်သည်။

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံ

နေပြည်တော် ဩဂုတ် ၃၁

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Tor Saralamba ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။



တွေ့ဆုံစဉ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက မြန်မာ-ထိုင်း နှစ်နိုင်ငံသံတမန်ဆက်ဆံရေးကို ၁၉၄၈ ခုနှစ် ဩဂုတ် ၁ ရက် မှစ၍ တရားဝင်သံတမန်ဆက်ဆံရေး ထူထောင်ခဲ့ကြသည်မှာ ၇၈ နှစ် ပြည့်မြောက်ခဲ့ပြီဖြစ်၍ တိုးတက်ခိုင်မြဲသည့် ဆက်ဆံရေးရှိပါကြောင်း၊ အဆွေတော် တာဝန်ထမ်းဆောင်စဉ် ကာလအတွင်း နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုများ ပိုမိုတိုးတက်ခိုင်မာလာမည်ဟု ယုံကြည်ပါကြောင်း၊ မိမိတို့နှစ်နိုင်ငံသည် အိမ်နီးချင်းနိုင်ငံများဖြစ်ရုံသာမက သမိုင်းကြောင်း၊ ယဉ်ကျေးမှု၊ နှစ်နိုင်ငံပြည်သူချင်း အကျိုးတူပူးပေါင်းဆောင်ရွက်မှုများအရ နက်ရှိုင်းသည့် ဆက်ဆံမှုများရှိပါကြောင်း၊ နှစ်နိုင်ငံကြား နိုင်ငံဖြတ်ကျော်မှုခင်းများ၊ မူးယစ်ဆေးဝါးများ၊ လူကုန်ကူးမှုများ၊ အွန်လိုင်းလိမ်လည်မှုများပပျောက်ရေး၊ နှစ်နိုင်ငံကုန်သွယ်မှုလုပ်ငန်းများတွင် ထဲထဲဝင်ဝင် အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံတွင် အဆွေတော်တို့နိုင်ငံကဲ့သို့ပင် လွှတ်တော်နှစ်ရပ်ဖြစ်သည့် Bicameral System ဖြစ်ပြီး ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ဟူ၍ရှိပါကြောင်း၊ မြန်မာ-ထိုင်း လွှတ်တော်နှစ်ရပ်ကြား လွှတ်တော်အချင်းချင်း၊ကော်မတီအချင်းချင်း၊ လူငယ်နှင့် အမျိုးသမီးပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်ရေးအတွက် ပြည်သူ့လွှတ်တော်တွင် မြန်မာ-ထိုင်း လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအဖွဲ့ ဖွဲ့စည်းထားရှိပြီးဖြစ်ပါကြောင်း၊ မိမိတို့နှစ်နိုင်ငံသည် အာဆီယံပါလီမန်များညီလာခံ (AIPA) နှင့် နိုင်ငံတကာပါလီမန်များအဖွဲ့(IPU)တို့တွင် အဖွဲ့ဝင်နိုင်ငံများ ဖြစ်ပါကြောင်းနှင့် (AIPA)တွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်နိုင်ရေး ထဲထဲဝင်ဝင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် မိမိတို့လွှတ်တော်အနေဖြင့် ထိုင်းကုမ္ပဏီများအပါအဝင် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ စီးပွားရေးလုပ်ကိုင်ရာတွင် ပိုမိုလွယ်ကူချောမွေ့စေရေးအတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြန်လည်သုံးသပ်မှုများဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုင်းနိုင်ငံတွင် သွားရောက်လုပ်ကိုင်နေသည့် မြန်မာအလုပ်သမားများ၏ တရားဝင်အခွင့်အရေးများရရှိရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ကူညီဆောင်ရွက်ပေးစေလိုပါကြောင်း၊ မိမိတို့နှစ်နိုင်ငံသည် အာဆီယံမိသားစုဖြစ်သည့်အတွက် အချင်းချင်း နားလည်မှုများ၊ ယုံကြည်မှုများဖြင့် အပြန်အလှန် ပူးပေါင်းဆောင်ရွက်သွားရန် လိုကြောင်း ပြောကြားသည်။

ထို့နောက် ထိုင်းနိုင်ငံသံအမတ်ကြီးက ထိုင်း-မြန်မာ သံတမန်ဆက်ဆံရေး ထူထောင်ခဲ့သည်မှာ ၇၈ နှစ် ပြည့်မြောက်ပြီးဖြစ်၍ မိမိတာဝန်ထမ်းဆောင်စဉ်ကာလတွင် နှစ် ၈၀ ပြည့် အခမ်းအနားကိုပြုလုပ်ရမည်ဖြစ်သည့်အတွက် ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း၊ ထိုင်းနိုင်ငံအောက်လွှတ်တော်ဥက္ကဋ္ဌကလည်း အဆွေတော်ထံ နှုတ်ခွန်းဆက်သကြောင်းကို အမှာစကားပါးလိုက်ပါကြောင်း၊ နှစ်နိုင်ငံလွှတ်တော်ချင်း ပူးပေါင်းဆောင်ရွက်ရေးအတွက်လည်း အခါအခွင့်သင့်သည့်အချိန်တွင် အဆွေတော်အား ထိုင်းနိုင်ငံသို့ တရားဝင် ချစ်ကြည်ရေးခရီးလာရောက်ရန် ဖိတ်ကြားလိုပါကြောင်း၊ မြန်မာနိုင်ငံတွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပပြီးနောက် အစိုးရနှင့် လွှတ်တော်များပေါ်ပေါက်လာခဲ့ပါကြောင်း၊ အဆွေတော်အနေဖြင့် ပြည်သူ့လွှတ်တော်တွင် ဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့်အတွက်လည်း ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ မြန်မာ-ထိုင်း လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအဖွဲ့ ဖွဲ့စည်းထားသည်ကိုသိရှိရသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ လူငယ်နှင့် အမျိုးသမီးကိုယ်စားလှယ်များ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးတို့ကို ကူညီဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ထိုင်းနိုင်ငံတွင် မြန်မာနိုင်ငံမှ လာရောက်လုပ်ကိုင်နေသည့် အလုပ်သမားများအရေးနှင့်စပ်လျဉ်း၍ ကူညီစောင့်ရှောက်မှုပေးသွားမည်ဖြစ်ပါကြောင်း၊ ထိုင်းနိုင်ငံအနေဖြင့် အာဆီယံပါလီမန်များ ညီလာခံ (AIPA)နှင့် နိုင်ငံတကာပါလီမန်များအဖွဲ့ (IPU)တို့တွင် အဖွဲ့ဝင်နိုင်ငံဖြစ်၍ ပေါင်းစပ်ဆောင်ရွက်နိုင်ရေး အလေးထားဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ ပြည်သူ့လွှတ်တော် မြန်မာ-ထိုင်း လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအဖွဲ့ အတွင်းရေးမှူး ဦးအောင်ကျော်သူ၊ ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ထိုင်းနိုင်ငံသံအမတ်ကြီးနှင့်အတူ ထိုင်းနိုင်ငံသံရုံးမှတာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အမျိုးသားပြတိုက်(နေပြည်တော်)၊ တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)တို့ကို ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများ၊ မိဘအုပ်ထိန်းသူများ၊ ဆရာ၊ ဆရာမများ သွားရောက်လေ့လာ



နေပြည်တော် ဩဂုတ် ၃၁

၂၀၂၆ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများ၊ မိဘအုပ်ထိန်းသူများ၊ ဆရာ၊ ဆရာမများသည် ယနေ့မွန်းလွဲပိုင်းတွင် အမျိုးသားပြတိုက်(နေပြည်တော်)၊ တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)တို့ကို သွားရောက်လေ့လာကြသည်။

အမျိုးသားပြတိုက်(နေပြည်တော်) သို့ ရောက်ရှိစဉ် မြန်မာ့ကျောက်ခေတ်ယဉ်ကျေးမှု၊ မြန်မာနိုင်ငံကျောက်ခေတ်သစ်ယဉ်ကျေးမှု၊ အညာသားယဉ်ကျေးမှုထွန်းကားရာဒေသများ၊ နံရံဆေးရေးပန်းချီများ၊ မြန်မာ့တူရိယာများသမိုင်းအကျဉ်း၊ ခေတ်အဆက်ဆက်ရုပ်သေးများ၊ တိုင်းရင်းသားရိုးရာတူရိယာများ၊ ခေတ်အဆက်ဆက်သမိုင်းမှတ်တမ်းများ၊ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များကို ကြည့်ရှုလေ့လာကြပြီး ပြတိုက်တာဝန်ရှိသူများက ပရိုင်းမိတ်နှင့်ကျောက်ဖြစ် ရုပ်ကြွင်းပြခန်း၊ ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်ပြခန်း၊ ပန်းချီပြခန်း၊ မြန်မာ့အနုသုခမပြခန်း၊ သမိုင်းမတင်မီခေတ် ပြခန်းတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းပြသကြသည်။

ထို့အတူ တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ရောက်ရှိစဉ် ပြတိုက် တာဝန်ရှိသူများက တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်သမိုင်းပြတိုက်သမိုင်းနှင့်ပြခန်းများ၊ တိုက်ခိုက်ရေးလေယာဉ်များ၊ကင်းထောက်လေယာဉ်များ၊ သယ်ယူပို့ဆောင်ရေးလေယာဉ်များ၊ ရဟတ်ယာဉ်များ၊ တပ်မတော်ဖရီဂိတ်စစ်ရေယာဉ်များ၊ စစ်ရေယာဉ်များ ပုံပြုလေ့ကျင့်မောင်းနှင်ခြင်း၊ တိုက်ပွဲသမိုင်းမှတ်တမ်းများအကြောင်း ရှင်းလင်းပြသကြပြီး ကျောင်းသား၊ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြကာ ပြခန်းများနှင့် ပြင်ပတွင် ခင်းကျင်းပြသထားသည့် တပ်မတော် (ကြည်း၊ ရေ၊ လေ) တပ်ဖွဲ့များ၏ စစ်သဘော်များ၊ လေယာဉ်များ၊ စစ်လက်နက်ပစ္စည်းများကိုလည်း လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ် သဘာဝဘေးအန္တရာယ်ဆိုင်ရာအသိပညာပေးလက်ကမ်းစာစောင်နှင့် Animation ဗီဒီယိုပြိုင်ပွဲဖိတ်ခေါ်ခြင်း


၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာသဘာဝဘေး အန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ်အဖြစ်ကျင်းပမည့် သဘာဝဘေး အန္တရာယ်ဆိုင်ရာအသိပညာပေး **လက်ကမ်းစာစောင် ဒီဇိုင်းရေးဆွဲခြင်းပြိုင်ပွဲ** (လျောင်၊ လေပြင်း၊ ရေဘေး) နှင့် Animation ဗီဒီယိုဖန်တီးခြင်းပြိုင်ပွဲ (မိုးခေါင်ရေရှား၊ မိုးကြိုး၊ အယ်လ်နီညို) တို့အတွက် ပြိုင်ပွဲဝင်ဒီဇိုင်း Hard Copy နှင့်Soft Copy များကို စက်တင်ဘာ ၁၅ ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ရုံးအမှတ်(၂၃) နေပြည်တော် အီးမေးလ် myanmareoc.ddm@gmail.com သို့ ပေးပို့ယှဉ်ပြိုင်နိုင်ပါကြောင်း ထပ်မံနှိုးဆော်အပ်ပါသည်။

သဘာဝဘေးအန္တရာယ်များကြောင့် အများပြည်သူ၏ အသက်အိုးအိမ်ထိခိုက်ဆုံးရှုံးမှုကို လျှော့ချပေးနိုင်မည့် မွန်မြတ်သောလုပ်ငန်းစဉ်တွင် မိမိ၏ ကျွမ်းကျင်မှုနည်းပညာ၊ ဖန်တီးနိုင်မှုစွမ်းအားတို့ဖြင့် ပါဝင်ဆောင်ရွက်နိုင်သော အခွင့်အလမ်းကို အပြည့်အဝအသုံးချနိုင်ရေးအတွက် အချိန်မီ ယှဉ်ပြိုင်ပေးပို့ပေးနိုင်ပါရန် တန်ဖိုးထားဖိတ်ခေါ်အပ်ပါသည်။

ဘာသာရပ်ဆိုင်ရာအချက်အလက်များနှင့် နမူနာလက်ကမ်းစာစောင်များ သိရှိလိုပါက အောက်ပါ QR Code ကို ဖတ်ရှု၍ ရယူသုံးစွဲနိုင်ပါသည်။

(အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၃၄၀၄၆၆၀ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။)

ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E.Mr. Tor Saralmba တို့ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

❖ **လက်ခံတွေ့ဆုံမှုအဆက်**

မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်နှင့်အတူ သံရုံးမှတာဝန်ရှိသူများတက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံရာတွင် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးနှင့်အတူ တပ်မတော်နှစ်ရပ်ကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာကိစ္စရပ်များ၊ အွန်လိုင်းလိမ်လည်လောင်းကစားမှုများကို ထိရောက်စွာ တားဆီးနှိမ်နင်းရေးဆိုင်ရာ ကိစ္စရပ်များ၊ လက်နက်၊ ခဲယမ်း၊ မူးယစ်ဆေးဝါးနှင့် ထိန်းချုပ်ဓာတုပစ္စည်းများ တရားမဝင်သယ်ဆောင် ရောင်းဝယ်ဖောက်ကားမှု တားဆီးထိန်းချုပ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီးတို့သည် လက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

(ဧပ္ပ)

## နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များ ရဲဝံ့စွန့်စားစွာ ထမ်းဆောင်ခဲ့ကြသည့် ရှေ့တန်းပြန် တပ်မတော်သားများကို ဂုဏ်ပြုကြိုဆိုပွဲကျင်းပ

**နေပြည်တော် ဩဂုတ် ၃၁**

နိုင်ငံတော် တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် လုံခြုံရေးတာဝန်များ သက်စွန့်ကြိုးပမ်း ထမ်းဆောင်ပြီး ပြန်လည်ရောက်ရှိလာသော အောင်ပွဲရ ရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများ ဂုဏ်ပြုကြိုဆိုခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွဋ်နှင့်တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများက လှိုက်လှဲဝမ်းသာစွာ ဂုဏ်ပြုကြိုဆိုကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ် စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးနှင့် လုံခြုံရေးတာဝန်များကို အသက်ကိုပင်ပဓာနမထားဘဲ ကိုယ်ကျိုးစွန့်အနစ်နာခံကာ နေ့မအား ညမအား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန် တပ်မတော်သားများကို တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အောင်သပြေခက်များဖြင့်လည်းကောင်း၊ အတီးအမှုတ်၊ အကအခုန်များဖြင့် လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။ ထို့နောက် တိုင်းမှူးက အောင်ပွဲရ ရှေ့တန်းပြန် တပ်မတော်သားများကို ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကာ နေ့လယ်စာ အတူတကွသုံးဆောင်ခဲ့ကြကြောင်း သတင်းရရှိသည်။

(ဧပ္ပ)



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွဋ် ရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်စဉ်။

## နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များ သက်စွန့်ကြိုးပမ်း ထမ်းဆောင်ခဲ့ကြသည့် ရှေ့တန်းပြန် တပ်မတော်သားများကို ဂုဏ်ပြုကြိုဆို



ရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများကို ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများက ဂုဏ်ပြုကြိုဆိုစဉ်။

**နေပြည်တော် ဩဂုတ် ၃၁**

နိုင်ငံတော် တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် လုံခြုံရေးတာဝန်များ သက်စွန့်ကြိုးပမ်း ထမ်းဆောင်ပြီး ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများ ဂုဏ်ပြုကြိုဆိုခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ နယ်မြေခံတပ်ရင်း၌ပြုလုပ်ရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ်နှင့် တာဝန်ရှိသူများ၊ ရဟန်းသံဃာတော်များ၊ အနုပညာရှင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံပြည်သူများက လှိုက်လှဲဝမ်းသာစွာ ဂုဏ်ပြုကြိုဆိုကြသည်။

နိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်း သာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးနှင့် လုံခြုံရေးတာဝန်များကို နေ့မအား ညမအား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန် တပ်မတော်သားများကို တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အောင်သပြေခက်များဖြင့်လည်းကောင်း၊ အတီးအမှုတ်၊ အကအခုန်များဖြင့် လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။ ထို့နောက် တိုင်းမှူးက အောင်ပွဲရ ရှေ့တန်းပြန် တပ်မတော်သားများကို ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(ဧပ္ပ)

## ရေတာရှည်မြို့ရှိ အဆင့်မြင့်စစ်မှုထမ်းဟောင်းအိမ်ရာ(ရွှေပြည်ကုန်း)ရှိ စစ်မှုထမ်းဟောင်းမိသားစုဝင်များကို တွေ့ဆုံ



တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးကျော်ထက် အဆင့်မြင့်စစ်မှုထမ်းဟောင်းအိမ်ရာ(ရွှေပြည်ကုန်း)အတွင်း ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် ဩဂုတ် ၃၁**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့ရှိ အဆင့်မြင့် စစ်မှုထမ်းဟောင်းအိမ်ရာ (ရွှေပြည်ကုန်း) စစ်မှုထမ်းဟောင်းမိသားစုဝင်များကို ယနေ့နံနက်ပိုင်းတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးကျော်ထက်နှင့် တာဝန်ရှိသူများက အဆိုပါအိမ်ရာ၌ သွားရောက်တွေ့ဆုံသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက စစ်မှုထမ်းဟောင်းမိသားစုများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး စစ်မှုထမ်းဟောင်းမိသားစုများအတွက် စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်သည်။

ယင်းနောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် အဆင့်မြင့်စစ်မှုထမ်းဟောင်းအိမ်ရာ (ရွှေပြည်ကုန်း)ရှိ အိမ်ခန်းများအတွင်း ထည့်ဝင်မည့် ပရိဘောဂပစ္စည်းများကို လိုက်လံကြည့်ရှု စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(ဧပ္ပ)

✱ **မက်ဆီမှအဆက်**

လက်ရွေးစင်အသင်းနှင့်အတူ နှစ်ပေါင်း ၂၁ နှစ်ကြာကစားခဲ့ပြီးနောက် အာဂျင်တီးနားအသင်း ကစားသမားဘဝမှ အနားယူရန်အတွက် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

မက်ဆီက အာဂျင်တီးနားအသင်း ကစားသမားဘဝမှ အနားယူရန်အတွက် ပြီးခဲ့သည့် ၂၀၂၆ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲပြီးကတည်းက စီစဉ်ထားသော်လည်း ယနေ့မှသာ အတည်ပြုကြေညာခဲ့ခြင်းဖြစ်သည်။

မက်ဆီသည် အာဂျင်တီးနားအသင်းနှင့်အတူ ၂၀၂၂ ခုနှစ်တွင် ကမ္ဘာ့ဖလား ချန်ပီယံဆု တစ်ကြိမ်၊ ၂၀၂၁ ခုနှစ်နှင့် ၂၀၂၅ ခုနှစ်တို့တွင် ကိုပါအမေရိကဖလား ချန်ပီယံဆု နှစ်ကြိမ်၊ ၂၀၂၂ ခုနှစ်တွင် Finalissima ဆုဖလား တစ်ကြိမ်၊ ၂၀၀၈ ခုနှစ်တွင် အိုလံပစ်ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုတစ်ကြိမ် ဆွတ်ခူးနိုင်ခဲ့ပြီး ၂၀၁၀ ပြည့်နှစ်နှင့် ၂၀၂၆ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲတို့တွင် ဒုတိယဆု ဆွတ်ခူးနိုင်ခဲ့သကဲ့သို့ ၂၀၁၀ ပြည့်နှစ်နှင့် ၂၀၂၂ ကမ္ဘာ့ဖလား ပြိုင်ပွဲတို့တွင် သွင်းဂိုးအများဆုံးဆုဖြစ်သည့် ရွှေဖိနပ်ဆုတို့ကို ဆွတ်ခူးနိုင်ခဲ့သည်။

အလားတူ မက်ဆီသည် အာဂျင်တီးနားအသင်းနှင့်အတူ နိုင်ငံတကာပြိုင်ပွဲစုံ ၂၀၇ ပွဲပါဝင်ကစားခဲ့ပြီး ၁၂၅ ဂိုးထိသွင်းယူနိုင်ခဲ့ကာ အသင်းတွင် သွင်းဂိုးအများဆုံးကစားသမား၊ နိုင်ငံတကာပွဲအများဆုံး ကစားသမားအဖြစ်လည်း ရပ်တည်နိုင်ခဲ့သူဖြစ်သည်။

မက်ဆီသည် အာဂျင်တီးနားအသင်း ကစားသမားဘဝမှ အနားယူကြောင်း အတည်ပြုကြေညာခဲ့သော်လည်း ကလပ်အသင်းကစားသမားဘဝမှ အနားယူမည့်အချိန်ကို ကြေညာထားခြင်းမရှိသေးဘဲ အင်တာမီယာမီအသင်းနှင့် ယခုနှစ်ဘောလုံးရာသီကုန်ထိ စာချုပ်သက်တမ်း ကျန်ရှိနေသေးကြောင်း သိရသည်။

STA

# မြန်မာနိုင်ငံတွင် ပထမဆုံးငလျင်ဒဏ်လျှော့ချသည့်နည်းပညာ (Base Isolation System) အသုံးပြု၍ အဆောက်အအုံအောက်ခြေတွင် Base Isolator များ တပ်ဆင်ထည့်သွင်း တည်ဆောက်သွားမည့်အဆောက်အအုံ ပန္နက်တင်အခမ်းအနားကျင်းပ



**မန္တလေး ဩဂုတ် ၃၁**

မြန်မာနိုင်ငံတွင် ပထမဆုံး ငလျင်ဒဏ်လျှော့ချသည့်နည်းပညာ (Base Isolation System)အသုံးပြု၍ အဆောက်အအုံအောက်ခြေတွင် Base Isolator များ တပ်ဆင်ထည့်သွင်းတည်ဆောက်သွားမည့် အဆောက်အအုံ ပန္နက်တင်အခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းမြသာစည်မြို့နယ်ရှိ မင်္ဂလာမန္တလေးစီမံကိန်းအတွင်း ကျင်းပသည်။

အခမ်းအနားသို့မန္တလေးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသောင်းနိုင်၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ New Starlight Construction Co.,Ltd ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်၊ အထပ်မြင့်နှင့် အများပြည်သူသုံးအဆောက်အအုံ တည်ဆောက်ရေးစီမံကိန်းများကြီးကြပ်စစ်ဆေးရေးပညာရှင်အဖွဲ့၊ ငလျင်ကော်မတီ၊ အာရှနှင့် ပစိတ်ဖိတ်ဒေသ အင်ဂျင်နီယာအသင်းများအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မြို့ပြအင်ဂျင်နီယာများအသင်းတို့မှ တာဝန်ရှိသူများ၊ New Starlight Construction Co.,Ltd မှ အင်ဂျင်နီယာများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး New Starlight Construction Co., Ltd ဥက္ကဋ္ဌ ဦးကျော်ကျော်ဝင်းက တည်ဆောက်မည့် အဆောက်အအုံ၌ အဆောက်အအုံနှင့် မြေပြင်ကြားတွင် တပ်ဆင်ထည့်သွင်းသွားမည့် Base Isolator များကို လိုက်လံရှင်းလင်းပြသသည်။

ယင်းနောက် ပန္နက်တင်မင်္ဂလာအခမ်းအနားကို ဆက်လက်ကျင်းပရာ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက သတ်မှတ်နေရာများတွင် နေရာယူကြပြီး မင်္ဂလာအချိန်တွင် ပန္နက်တင်၍ တွင်းတော်ဝန်းပြီး အမွှေးနံ့သာများပက်ဖျန်းပေးကြကာ အခမ်းအနားကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပခဲ့သည်။

အဆိုပါအဆောက်အအုံသည် မြန်မာနိုင်ငံတွင် အင်အားပြင်းငလျင်ကြီး လှုပ်ခတ်မှုကြောင့် အဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ပြီး အဆောက်အအုံများပျက်စီးမှုကို လျှော့ချနိုင်ရေးအတွက် ပြည်တွင်းမှ ပညာရှင်များက တရုတ်နိုင်ငံတွင် ၂၀၀၈ ခုနှစ်က စီချွမ်ငလျင်လှုပ်ခတ်ခဲ့သည့် နေရာများ၊ Safetyinside Company ၏ Base Isolator ထုတ်လုပ်သည့် စက်ရုံနေရာများသို့ သွားရောက်လေ့လာပြီး စတင်အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်သည်။

အဆောက်အအုံနှင့်မြေပြင်ကြားတွင် Base Isolator များကို တပ်ဆင်ထည့်သွင်းတည်ဆောက်သွားမည်ဖြစ်ပြီး ငလျင်လှုပ်ခတ်မှုကြောင့် အဆောက်အအုံပေါ်ကို သက်ရောက်လာနိုင်သည့် ငလျင်အင်အားနှင့် လှုပ်ရှားမှုများကို လျှော့ချပေးသည့် ခေတ်မီ နည်းပညာတစ်ရပ်ဖြစ်ကြောင်း၊ ယခုတည်ဆောက်မည့် ၇၇ ပေ x ၈၃ ပေ မြေဧရိယာ၌ တစ်ထပ်လျှင် ၁၁ ပေ အမြင့်ရှိ Basement အပါ ငါးထပ်သံကူကွန်ကရစ်အဆောက်အအုံတွင် ငလျင်ဒဏ်လျှော့ချသည့်နည်းပညာ(Base Isolation System)ကိုအသုံးပြု၍ Base Isolator ဆောက်လုပ်ရေးပစ္စည်းများကို တပ်ဆင်ထည့်သွင်း တည်ဆောက်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ **"ပြည်သူ့ကြားကပြည်သူ့စကား"** အစီအစဉ်မှ **"ခမ္မနဲ့အခမ္မကြားမှာ ကြားနေမရှိဆိုပြီး ဒလန်ခေါင်းစဉ်နဲ့ လူမဆန်စွာသတ်ဖြတ်ခဲ့ကြတဲ့အကြမ်းဖက် NUG၊ PDF "**ခေါင်းစဉ်ဖြင့် ၂-၉-၂၀၂၆ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ၉-၉- ၂၀၂၆ ရက် မွန်းလွဲ ၁ နာရီတွင် **" ဘာသာတရားနဲ့ ရဟန်းသံဃာတော်တွေကို ခုတုံးလုပ်သွေးခွဲသတ်ဖြတ်နေကြတဲ့ အကြမ်းဖက် PDF များ "**ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်ပါသည်။ အထက်ပါအစီအစဉ်ကို အပတ်စဉ်ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

## တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး တက်ရောက်ရန်အတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ သတင်းပို့ကြရန် ပြည်သူ့လွှတ်တော်ထုတ်ပြန်

**နေပြည်တော် ဩဂုတ် ၃၁**

တတိယအကြိမ်ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေးကို နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ၂၀၂၆ ခုနှစ် စက်တင်ဘာ ၂၁ ရက် (တနင်္လာနေ့) နံနက် ၁၀ နာရီတွင် စတင်ကျင်းပမည်ဖြစ်ကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ကြေညာထားရာ အဆိုပါအစည်းအဝေးသို့ တက်ရောက်ရန် ဖိတ်စာများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထံသို့ ပေးပို့ထားပါသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အစည်းအဝေးအတွက် လိုအပ်သည့်ပြင်ဆင်မှုများပြုလုပ်နိုင်ရန် ဖိတ်စာလက်ခံရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ နေပြည်တော် ပြည်သူ့လွှတ်တော်ရုံး ရေးရာဆောင်အမှတ်(၁) (I-1)သို့ **၂၀၂၆ ခုနှစ် စက်တင်ဘာ ၁၈ ရက် (သောကြာနေ့)ထက်မစော၊ စက်တင်ဘာ ၁၉ ရက် (စနေနေ့) ထက် နောက်မကျစေဘဲ** ရုံးချိန်အတွင်းသတင်းပို့ကြရန်နှင့် လွှတ်တော်ကိုယ်စားလှယ်စိစစ်ရေးကတ်ပြားယူဆောင်လာကြရန်ဖြစ်ပါသည်။ (သတင်းစဉ်)

## တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး တက်ရောက်ရန်အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ သတင်းပို့ကြရန် အမျိုးသားလွှတ်တော် ထုတ်ပြန်

**နေပြည်တော် ဩဂုတ် ၃၁**

တတိယအကြိမ်အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေးကို နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ၂၀၂၆ ခုနှစ် စက်တင်ဘာ ၂၂ ရက် အင်္ဂါနေ့ နံနက် ၁၀ နာရီတွင် စတင်ကျင်းပရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ခေါ်ယူထားရာ အဆိုပါအစည်းအဝေးသို့ တက်ရောက်ရန် ဖိတ်စာများကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံသို့ ပေးပို့ထားပါသည်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အစည်းအဝေးအတွက် လိုအပ်သည့်ပြင်ဆင်မှုများ ပြုလုပ်နိုင်ရန် ဖိတ်စာလက်ခံရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ နေပြည်တော် အမျိုးသားလွှတ်တော်ရုံး ရေးရာဆောင်အမှတ်(၁၉) (I –19)သို့ **၂၀၂၆ ခုနှစ် စက်တင်ဘာ ၁၉ ရက် (စနေနေ့)ထက်မစော စက်တင်ဘာ ၂၀ ရက် (တနင်္ဂနွေနေ့) ထက် နောက်မကျစေဘဲ** ရုံးချိန်အတွင်းသတင်းပို့ကြရန်နှင့် လွှတ်တော်ကိုယ်စားလှယ်စိစစ်ရေးကတ်ပြားယူဆောင်လာကြရန်ဖြစ်ပါသည်။ (သတင်းစဉ်)

## တရားမအထူးအယူခံမှု ငါးမှုတို့ကို စီရင်ချက်ချ၊ တရားမအထူးအယူခံမှု လေးမှုကို ရုံးထိုင်ကြားနာ

**နေပြည်တော် ဩဂုတ် ၃၁**

ပြည်ထောင်စု တရားသူကြီးချုပ် ဦးသာဋ္ဌေးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးသောင်းနိုင်၊ ဦးသိန်းကိုကို၊ ဒေါ်သင်းသင်းနွဲ့၊ ဦးဝင်းမြင့်တို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် မင်္ဂလာဒီပရပ်ကွက်ချင်းတွင်းလမ်းရှိ ဇေယျာသီရိခရိုင်တရားရုံး ရုံးခန်းအမှတ်(၁)၌ ပြည်ထောင်စုတရားလွှတ်တော်ချုပ် အထူးအယူခံခုံရုံး ရုံးထိုင်၍ တရားမအထူးအယူခံမှုအမှတ် ၁၀/၂၀၂၆(မန္တလေး)၊ ၁၂/၂၀၂၆(ရန်ကုန်)၊ ၁၃/၂၀၂၆ (မန္တလေး)၊ ၂၀/၂၀၂၆(ဧရာဝတီ) နှင့် ၂၄/၂၀၂၆(မွန်) စုစုပေါင်း တရားမအထူးအယူခံမှု ငါးမှုတို့ကို စီရင်ချက်ချမှတ်သည်။

ထို့ပြင် တရားမအထူးအယူခံမှုအမှတ် ၂၃/၂၀၂၆(မန္တလေး)၊ ၂၅/၂၀၂၆(မွန်)၊ ၂၆/၂၀၂၆(ရှမ်း)နှင့် ၃၀/၂၀၂၆(ရန်ကုန်) စုစုပေါင်း တရားမအထူးအယူခံမှု လေးမှုကို ရုံးထိုင်ကြားနာခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ၂၀၂၆ ခုနှစ် ဩဂုတ် ၃၁ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး(Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၇၁၅၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ဒီဇယ်ဆီတင်သွင်းမှုအပေါ် အခွန်ကင်းလွတ်ခွင့် တိုးမြှင့်ခွင့်ပြု

**အများပြည်သူသို့ အသိပေးကြေညာချက်**

၁။ အရှေ့အလယ်ပိုင်းဒေသပဋိပက္ခများကြောင့် ကမ္ဘာ့စက်သုံးဆီ ဈေးနှုန်းမြင့်တက်နေချိန်တွင် စက်သုံးဆီ(ဒီဇယ်ဆီ) အသုံးပြုမောင်းနှင်ရသည့်မော်တော်ယာဉ်များဖြင့် သယ်ဆောင်အသုံးပြုလျက်ရှိသည့် အခြေခံစားသောက်ကုန်၊ ကုန်စည်ဈေးနှုန်းများကို ထိန်းညှိပေးရန်လိုအပ်လျက်ရှိသည့်အတွက် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအနေဖြင့် ဒီဇယ်ဆီ HSD (500 ppm)တင်သွင်းမှုအပေါ် ကောက်ခံသော အကောက်ခွန်၊ အထူးကုန်စည်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်နှင့် ကြိုတင်ဝင်ငွေခွန်(နှစ်ရာခိုင်နှုန်း)တို့ကို ဧပြီ ၁ ရက်မှ ဩဂုတ် ၃၁ ရက်ထိ ကင်းလွတ်ခွင့်ပြုသွားမည်ဖြစ်ကြောင်း နိုင်ငံပိုင်သတင်းစာများမှ တစ်ဆင့် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါသည်။ ယင်းအခွန်ကင်းလွတ်ခွင့်ကာလကို စက်တင်ဘာ ၁ ရက်မှ ၃၀ ရက်ထိ ထပ်မံ၍ တိုးမြှင့်ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

၂။ သို့ဖြစ်ရာ အခွန်ကင်းလွတ်ခွင့်သည် စက်တင်ဘာ ၃၀ ရက်ထိ အကောက်ခွန်ဦးစီးဌာန၌ Import Declaration (ID) ဖွင့်လှစ်၍ တင်သွင်းသည့် ဒီဇယ်ဆီ HSD (500 ppm)အပေါ် အကျုံးဝင်စေမည် ဖြစ်ပါသည်။

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန

## သဘာဝဓာတ်ငွေ့ရည်တင်သွင်းမှုအပေါ် အခွန်ကင်းလွတ်ခွင့် တိုးမြှင့်ခွင့်ပြု

**အများပြည်သူသို့ အသိပေးကြေညာချက်**

၁။ အရှေ့အလယ်ပိုင်းဒေသ ပဋိပက္ခများကြောင့် ကမ္ဘာ့စက်သုံးဆီ ဈေးနှုန်းမြင့်တက်နေချိန်တွင် သဘာဝဓာတ်ငွေ့ရည် (Liquefied Natural Gas) ဈေးနှုန်းများလည်း မြင့်တက်လျက်ရှိရာ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကို အားပေးမြှင့်တင်နိုင်ရန်နှင့် ဓာတ်အားခ ဈေးနှုန်းများသက်သာစေနိုင်ရန်တို့အတွက် သဘာဝဓာတ်ငွေ့ရည် (Liquefied Natural Gas) တင်သွင်းမှုအပေါ်ကောက်ခံသော အကောက်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်နှင့် ကြိုတင်ဝင်ငွေခွန်တို့ကို မေ ၁ ရက်မှ ဩဂုတ် ၃၁ ရက်ထိ ကင်းလွတ်ခွင့်ပြုသွားမည်ဖြစ်ကြောင်း နိုင်ငံပိုင်သတင်းစာများမှတစ်ဆင့် ထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်ပါသည်။ ယင်းအခွန်ကင်းလွတ်ခွင့်ကို စက်တင်ဘာ ၁ ရက်မှ ၃၀ ရက်ထိ ထပ်မံ၍တိုးမြှင့်ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

၂။ သို့ဖြစ်ရာ အခွန်ကင်းလွတ်ခွင့်သည် စက်တင်ဘာ ၃၀ ရက်ထိ အကောက်ခွန်ဦးစီးဌာန၌ Import Declaration(ID) ဖွင့်လှစ်၍ တင်သွင်းသည့်သဘာဝဓာတ်ငွေ့ရည်အပေါ် အကျုံးဝင်စေမည် ဖြစ်ပါသည်။

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန

## ဓာတ်မြေသြဇာများတင်သွင်းမှုအပေါ် အခွန်ကင်းလွတ်ခွင့် တိုးမြှင့်ခွင့်ပြု

**အများပြည်သူသို့ အသိပေးကြေညာချက်**

၁။ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိက အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်နိုင်စေရန်နှင့် တောင်သူလယ်သမားများ၏ ကုန်ထုတ်လုပ်မှုစရိတ်များ လျော့ကျနိုင်စေရန်တို့အတွက် ဓာတ်မြေသြဇာများ တင်သွင်းမှုအပေါ်ကောက်ခံသည့် ကြိုတင်ဝင်ငွေခွန်(နှစ်ရာခိုင်နှုန်း) ကို ဧပြီ ၁ ရက်မှ ဩဂုတ် ၃၁ ရက်ထိ ကင်းလွတ်ခွင့်ပြုသွားမည်ဖြစ်ကြောင်း နိုင်ငံပိုင်သတင်းစာများမှတစ်ဆင့် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါသည်။ ယင်းအခွန်ကင်းလွတ်ခွင့်ကာလကို စက်တင်ဘာ ၁ ရက်မှ ၃၀ ရက်ထိ ထပ်မံ၍တိုးမြှင့်ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

၂။ သို့ဖြစ်ရာ အခွန်ကင်းလွတ်ခွင့်သည် စက်တင်ဘာ ၃၀ ရက်ထိ အကောက်ခွန်ဦးစီးဌာန၌ Import Declaration(ID) ဖွင့်လှစ်၍ တင်သွင်းသည့် ဓာတ်မြေသြဇာများအပေါ် အကျုံးဝင်စေမည် ဖြစ်ပါသည်။

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန

# ၁၉ ကြိမ်မြောက် တပ်ဖွဲ့တွင်း အဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲ ဆဋ္ဌမနေ့ ဆက်လက်ကျင်းပ





နေပြည်တော် ဩဂုတ် ၃၁

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး၏ ၁၉ ကြိမ်မြောက် တပ်ဖွဲ့တွင်း အဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲ ဆဋ္ဌမနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် စစ်ကြောရေးနှင့် တည်းခိုရေးစခန်းရှိ ဆင်ဖြူရှင်ခန်းမ၌ ဆက်လက်ကျင်းပသည်။

၁၉ ကြိမ်မြောက် တပ်ဖွဲ့တွင်း အဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲမှ မျက်လှည့်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင် အဖွဲ့ လေးဖွဲ့က သိပ္ပံဆိုင်ရာ သဘောတရားများနှင့် လက်လှည့်ပညာများကိုအသုံးပြု၍ ပရိသတ်၏အမြင်နှင့် အာရုံကိုလှည့်စားကာ မဖြစ်နိုင်ဟုထင်ရသော ဖျော်ဖြေတင်ဆက်မှုများကို ပြုစားသည့် မှော်စွမ်းအားမဟုတ်ဘဲ လေ့ကျင့်မှု၊ နည်းပညာများဖြင့် ပေါင်းစပ်ကာ တစ်ဦးချင်း အနီးကပ်ပြကွက်၊ စင်တင်အလတ်စားနှင့် အကြီးစားပြကွက်များကို အားပါးတရ ဖျော်ဖြေတင်ဆက်ကြသည်။

အဆိုပါပြိုင်ပွဲသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးမှ တာဝန်ရှိသူများ၊ အကဲဖြတ်ဒိုင်အဖွဲ့ဝင် အနုပညာရှင်ကြီးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် ပြိုင်ပွဲဝင်စစ်သည်၊ စစ်သမီးများ၊ တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ တက်ရောက်ကြည့်ရှုအားပေးကြကြောင်း သတင်းရရှိသည်။

(၅၀၁)



၁၉ ကြိမ်မြောက် တပ်ဖွဲ့တွင်း အဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲမှ မျက်လှည့်ပြိုင်ပွဲ ယှဉ်ပြိုင်ကြစဉ်။

# နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်


နေပြည်တော် ဩဂုတ် ၃၁

ယနေ့ နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေခြင်းကြောင့်လည်းကောင်း၊ အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်နှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဩရိဿပြည်နယ် မြောက်ပိုင်းကမ်းခြေနှင့် ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော အားကောင်းသောလေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှုအားကောင်းနေခြင်းကြောင့်လည်းကောင်း ယနေ့နံနက်မှ စက်တင်ဘာ ၄ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်ထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၂ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေခြင်းကြောင့်လည်းကောင်း၊ အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်နှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဩရိဿပြည်နယ်မြောက်ပိုင်းကမ်းခြေနှင့် ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော အားကောင်းသော လေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များ ဖြစ်ထွန်းမှုအားကောင်းနေခြင်းကြောင့်လည်းကောင်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများ အနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ရန် အသိပေးနှိုးဆော်ထားသည်။

(မိုး/ဇလ)



# “အနာဂတ်ရည်မှန်းချက်ဖြစ်တဲ့ Mechanical Engineering တစ်ယောက်ဖြစ်အောင်ကြိုးစားပြီး နိုင်ငံတော်ရဲ့ လိုအပ်တဲ့နေရာတွေမှာ အကျိုးပြုလုပ်ငန်းတွေကို ဂုဏ်ယူစွာနဲ့ဆောင်ရွက်သွားပါ့မယ်”

မောင်ကောင်းထက်စံ



မသီရိစိုး



မောင်ကောင်းထက်စံ



မဆောင်းနှစ်သစ်ဦး



ဒေါ်သန်းနုနုစိန်

**နေပြည်တော် ဩဂုတ် ၃၁**

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲတို့တွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများကို ဩဂုတ် ၃၁ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ Naypyitaw State Academy ဘွဲ့နှင်းသဘင်ခန်းမ၌ နိုင်ငံတော်အဆင့် ဂုဏ်ပြုချီးမြှင့်ခဲ့ရာ အဆိုပါအခမ်းအနားသို့ တက်ရောက်လာကြသည့် တာဝန်ရှိသူ၊ ထူးချွန် ကျောင်းသား၊ကျောင်းသူများ၏ ဝမ်းသာပီတိစကားသံများကို ဖော်ပြလိုက်ရပါသည်-

**မသီရိစိုး (၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲ(STEAMS- 1) အမှတ်အများဆုံး ဆုရရှိသူ)**

“ကျွန်မကတော့ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်မှာ မြန်မာတစ်နိုင်ငံလုံး ပထမကို CAE ကိုယ်ပိုင်အထက်တန်းကျောင်းကနေ ရရှိခဲ့တာဖြစ်ပါတယ်။ စာသင်နှစ်အစကတည်းက ကျောင်းစာတွေကို တစ်ရက်စာ တစ်ရက် ပုံမှန်လေးပဲလုပ်ခဲ့ပါတယ်။ နောက်ပြီး ဆရာ၊ ဆရာမတွေ စာပေးသင်ကြားပေးတဲ့အချိန်နဲ့ စာရှင်းပြတဲ့အချိန်တွေမှာလဲ ဂရုတစိုက်နဲ့ အကောင်းဆုံးကြိုးစားခဲ့လို့ အောင်မြင်မှုရရှိခဲ့တာဖြစ်ပါတယ်။ ဒီနေ့ပွဲမှာ အခုလို နိုင်ငံတော်အခမ်းအနားကြီးနဲ့ ဂုဏ်ပြုချီးမြှင့်ပေးတဲ့အတွက် နိုင်ငံတော်သမ္မတကြီးနဲ့ တာဝန်ရှိသူတွေကိုလဲ အလွန်ကိုမှကျေးဇူးတင်ပြီး ဝမ်းသာပီတိဖြစ်မိပါတယ်။ ကိုယ့်ကိုယ်ကိုယ်လဲဂုဏ်ယူမိပါတယ်။ ဆေးတက္ကသိုလ်ဆက်တက်ပြီး နိုင်ငံတော်နဲ့ပြည်သူ့အကျိုးကိုတတ်နိုင်တဲ့ဘက်က ပါဝင်ထမ်းဆောင်သွားပါမယ်”ဟု ပြောသည်။

**မောင်ကောင်းထက်စံ (၂၀၂၆ ခုနှစ် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲတွင် စက်မှု(စက်ပစ္စည်း) ဘာသာတွဲ အမှတ်အများဆုံးဆုရရှိသူ)**

“ကျွန်တော်ကတော့ အစိုးရနည်းပညာအထက်တန်းကျောင်း(တောင်ကြီး)က ကျောင်းသားတစ်ယောက်ဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ရည်မှန်းချက်ကတော့ ငယ်ငယ်ကတည်းက အင်ဂျင်နီယာဖြစ်ချင်တဲ့ စိတ်ဆန္ဒရှိခဲ့တာပါ။ အဲ့ဒီဆန္ဒအတိုင်းပဲ နိုင်ငံတော်က အသစ်ဖွင့်လှစ်ပေးထားတဲ့ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးကျောင်းကို ရွေးချယ်တက်ရောက်ခဲ့ခြင်းဖြစ်ပါတယ်။ ကျောင်းက ဆရာ၊ ဆရာမတွေရဲ့ ကောင်းမွန်တဲ့ သင်ကြားပေးမှုကြောင့် အခုလို အောင်မြင်မှုကို ရရှိခဲ့တာဖြစ်ပါတယ်။ ဒီလို ကျွန်တော်တို့ရဲ့ အောင်မြင်မှုကို အသိအမှတ်ပြုပေးပြီး ဆုချီးမြှင့်ပေးတဲ့အတွက် နိုင်ငံတော်က တာဝန်ရှိသူတွေကိုလဲ အင်မတန်မှ ကျေးဇူးတင်ရှိပါတယ်။ ဒီလို ဂုဏ်ပြုချီးမြှင့်မှုကြောင့်လဲ ကျောင်းသားလူငယ်တွေ ပိုမိုအားတက်ပြီး ကြိုးစားချင်စိတ်တွေ ဖြစ်လာမယ်လို့ယုံကြည်ပါတယ်။ ကျွန်တော့်ရဲ့ အနာဂတ်ရည်မှန်းချက်ဖြစ်တဲ့ Mechanical Engineering တစ်ယောက်ဖြစ်အောင် ကြိုးစားပြီး နိုင်ငံတော်ရဲ့ လိုအပ်တဲ့နေရာတွေမှာ အကျိုးပြုလုပ်ငန်းတွေကို ဂုဏ်ယူစွာနဲ့ ဆောင်ရွက်သွားပါ့မယ်”ဟု ပြောသည်။

**မဆောင်းနှစ်သစ်ဦး (၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အမှတ်အများဆုံး ဆုရရှိသူ)**

“ကျွန်မအနေနဲ့ ဒီလိုအောင်မြင်မှုရရှိဖို့ စာသင်နှစ်စကတည်းက အစွမ်းကုန်ကြိုးစားလာခဲ့ရတာပါ။ အခုတော့ ကြိုးစားခဲ့သမျှတွေ အရာထင်လာခဲ့တဲ့အတွက် အလွန်ကို ဝမ်းသာဂုဏ်ယူမိပါတယ်။ အခုလိုမျိုး ကျွန်မတို့ရဲ့ကြိုးစားမှုရလဒ်ကို အသိအမှတ်ပြုတဲ့အနေနဲ့ ဂုဏ်ပြုပွဲကို နိုင်ငံတော်အဆင့်ကျင်းပချီးမြှင့်ပေးတဲ့အတွက် တာဝန်ရှိသူတွေအားလုံးကို ကျေးဇူးတင်ပါတယ်။ နောင်အနာဂတ်မှာလဲ နိုင်ငံတော်အတွက် အကျိုးပြုပြီးတော့ လူတွေအားလုံးကို ကူညီပေးနိုင်တဲ့ ဆရာဝန်တစ်ယောက်ဖြစ်အောင်လို့ ဆက်လက်ကြိုးစားသွားပါ့မယ်”ဟု ပြောသည်။

**ဒေါ်သန်းနုနုစိန်(ညွှန်ကြားရေးမှူး အခြေခံပညာဦးစီးဌာန)**

“ပညာကိုတန်ဖိုးထားတဲ့ ကျောင်းသားလူငယ်တွေ၊ ကြိုးစားလိုစိတ်ရှိတဲ့ ကလေးတွေ အများထက်သာလွန်ပြီး ထူးချွန်ထက်မြက်တဲ့ ကလေးတွေကို ဂုဏ်ပြုပေးတဲ့ပွဲဖြစ်တဲ့အပြင် ပညာကို ဆက်လက် သင်ယူလိုစိတ်ရှိဖို့အတွက် နိုင်ငံတော်အဆင့် အခမ်းအနားအနေနဲ့ ကျင်းပပေးတာဖြစ်ပါတယ်။ ကျောင်းသား၊ ကျောင်းသူတွေအောင်မြင်မှု ရရှိဖို့အတွက် ဆရာ၊ ဆရာမတွေ၊ မိဘတွေ၊ ပညာရေးဝန်ထမ်းတွေရဲ့ ပံ့ပိုးမှုကတော့ ၁၀၀ ရာခိုင်နှုန်းအရေးကြီးပါတယ်။ ဒါ့ပြင် ထူးချွန်ကျောင်းသား၊ ကျောင်းသူတွေ ထွက်ပေါ်လာဖို့ နိုင်ငံတော်ရဲ့ ဖြည့်ဆည်းပေးမှုနဲ့ ပြုစုပျိုးထောင်ပေးလိုတဲ့ စိတ်စေတနာကလဲ ၁၀၀ ရာခိုင်နှုန်း အရေးကြီးပါတယ်။ ဒါ့ကြောင့် ထူးချွန်ထက်မြက်တဲ့ လူငယ်တွေကို ဒီနေ့လို နိုင်ငံတော်အဆင့်အခမ်းအနားမှာ တစုတစည်းတည်း မြင်တွေ့ရတဲ့အတွက် ဝမ်းသာဂုဏ်ယူမိပါတယ်”ဟု ပြောသည်။

(သတင်းစဉ်)

◆ **ပိုက်ကျော်ခြင်းပြိုင်ပွဲမှ**

အလားတူ ပိုက်ကျော်ခြင်း အမျိုးသမီး လေးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ အုပ်စုပတ်လည် နောက်ဆုံးပွဲစဉ်များအဖြစ် ပဲခူးတိုင်းဒေသကြီးအသင်းက ရှမ်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်၊ မွန်ပြည်နယ်အသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်၊ ကွာတားဖိုင်နယ်ပွဲစဉ်များအဖြစ် ရန်ကုန်တိုင်းဒေသကြီးအသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်၊ ဧရာဝတီတိုင်းဒေသကြီးအသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်၊ မွန်ပြည်နယ်အသင်းက ရှမ်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ကရင်ပြည်နယ်အသင်းကို နှစ်ပွဲ တစ်ပွဲ၊ ချင်းပြည်နယ်အသင်းက ဧရာဝတီတိုင်းဒေသကြီး အသင်းကို နှစ်ပွဲပြတ်၊ မွန်ပြည်နယ်အသင်းက ရခိုင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်၊ စစ်ကိုင်းတိုင်းဒေသကြီး အသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်၊ ကွာတားဖိုင်နယ်ပွဲစဉ်များအဖြစ် ကချင်ပြည်နယ်အသင်းက ရခိုင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်၊ မန္တလေးတိုင်းဒေသကြီးအသင်းက ရှမ်းပြည်နယ်အသင်းကို နှစ်ပွဲ တစ်ပွဲ၊ ရန်ကုန်တိုင်းဒေသကြီး အသင်းက မွန်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်၊ ပဲခူးတိုင်းဒေသကြီးအသင်းက စစ်ကိုင်းတိုင်းဒေသကြီး အသင်းကို နှစ်ပွဲ တစ်ပွဲဖြင့် ယှဉ်ပြိုင်အနိုင်ရရှိခဲ့ကြသည်။

အလားတူ ပိုက်ကျော်ခြင်း အမျိုးသမီး လေးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ အုပ်စုပတ်လည် နောက်ဆုံးပွဲစဉ်များ အဖြစ် ပဲခူးတိုင်းဒေသကြီးအသင်းက ရှမ်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်၊ မွန်ပြည်နယ်အသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်၊ ကွာတားဖိုင်နယ်ပွဲစဉ်များအဖြစ် ရန်ကုန်တိုင်းဒေသကြီးအသင်းက ပဲခူးတိုင်းဒေသကြီး အသင်းကို နှစ်ပွဲပြတ်၊ ဧရာဝတီတိုင်းဒေသကြီးအသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်၊ မွန်ပြည်နယ်အသင်းက ရှမ်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်၊ စစ်ကိုင်းတိုင်းဒေသကြီး အသင်းက ကရင်ပြည်နယ်အသင်းကို နှစ်ပွဲ တစ်ပွဲဖြင့် ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

၂၀၂၆ ခုနှစ် စက်တင်ဘာ ၁ ရက်**(ယနေ့)** နံနက် ၉ နာရီမှစတင်၍ ပိုက်ကျော်ခြင်း အမျိုးသား လေးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ အကြိုဗိုလ်လုပွဲ ပွဲစဉ်များအဖြစ် ကချင်ပြည်နယ်အသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်း၊ ရန်ကုန်တိုင်းဒေသကြီး အသင်းနှင့် ပဲခူးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး အကြိုဗိုလ်လုပွဲ ပွဲစဉ်များအပြီးတွင် တတိယလုပွဲ ပွဲစဉ်ကို ဆက်လက်ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။

အလားတူ ပိုက်ကျော်ခြင်း အမျိုးသမီး လေးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ အကြိုဗိုလ်လုပွဲ ပွဲစဉ်များအဖြစ် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ဧရာဝတီတိုင်းဒေသကြီးအသင်း၊ မွန်ပြည်နယ်အသင်းနှင့် စစ်ကိုင်းတိုင်း ဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ပြီး အကြိုဗိုလ်လုပွဲ ပွဲစဉ်များအပြီးတွင် တတိယလုပွဲ ပွဲစဉ်ကို ဆက်လက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်၍ အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို အခမဲ့လာရောက် ကြည့်ရှုအားပေးနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



## ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့က မွေးဖွားလာသော အသက်နှစ်နှစ်အောက် ကလေးသူငယ်များကို ငွေကြေးထောက်ပံ့ခြင်း (MCCT)အစီအစဉ်နှင့်ပတ်သက်၍ အသိပေးခြင်း

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနက ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့ကမွေးဖွားလာသော အသက်နှစ်နှစ်အောက် ကလေးသူငယ်များ ငွေကြေးထောက်ပံ့ခြင်း (MCCT)အစီအစဉ်ကို တိုင်းဒေသကြီး၊ ပြည်နယ် ခုနစ်ခုတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် ဘဏ္ဍာနှစ်အလိုက်ထောက်ပံ့ကြေးပေးရန် စာရင်းကောက်ယူမည့်အချိန် မတိုင်မီ MCCT အစီအစဉ်နှင့်စပ်လျဉ်း၍ အများပြည်သူများသိရှိနိုင်ရန် နိုင်ငံပိုင်မီဒီယာများဖြစ်သည့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ မြဝတီရုပ်မြင်သံကြား၊ ရေဒီယိုအစီအစဉ်များနှင့် နေ့စဉ်ထုတ်သတင်းစာများမှတစ်ဆင့် **“MCCT အစီအစဉ်တွင် အကျိုးခံစားခွင့်ရရှိရန် သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူး သို့မဟုတ် နီးစပ်ရာလူမှုဝန်ထမ်းရုံးများသို့ စာရင်းပေးသွင်းနိုင်ပါကြောင်း”** နှိုးဆော်ခဲ့သည်။

ယခုအခါ MCCT အစီအစဉ်၏နာမည်ကို အလွဲသုံးစားပြု၍ Online မှတစ်ဆင့် ငွေကြေးလိမ်လည်မှုများ ပေါ်ပေါက်လျက်ရှိရာ လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် MCCT အစီအစဉ်တွင် အကျုံးဝင်သူများ၏စာရင်းကို သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများက ကောက်ယူခြင်းကိုသာဆောင်ရွက်လျက်ရှိပြီး Online မှတစ်ဆင့် စာရင်းကောက်ယူခြင်း လုံးဝ(လုံးဝ)မပြုလုပ်ပါကြောင်း၊ အကျိုးခံစားသူစာရင်းသွင်းရန် လျှောက်ထားပုံစံ(Registration Form)များနှင့်စပ်လျဉ်း၍လည်း ငွေကြေးတစ်စုံတစ်ရာ ကောက်ခံခြင်းမရှိပါကြောင်းနှင့် လက်ရှိ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွင်း အကျိုးခံစားခွင့်ရှိသူများစာရင်းကောက်ခံခြင်း အဆင့်ပြီးဆုံးပြီဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

# ဝေနန်မြစ်ရေကာတာ၏အောက်ခံ မြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် ရောဝတီတိုင်းဒေသကြီးအတွင်း မြို့နယ် ခြောက်မြို့နယ်ရှိ ရပ်ကွက် ၁၉ ခုနှင့် ကျေးရွာအချို့ ရေဝင်ရောက်မှုဖြစ်ပွား၊ ကူညီကယ်ဆယ်ရေးနှင့် တားဆီးကာကွယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ



အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက ရေဘေးသင့်ပြည်သူများအတွက် စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးစဉ်။



အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ လူမှုကူညီရေးအသင်းအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ ရေဘေးကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။



အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက အခြေခံပညာကျောင်းဝင်းအတွင်း တင်ကျန်ခဲ့သည့် နုန်းများ ရှင်းလင်းဆောင်ရွက်ပေးစဉ်။

နေပြည်တော် ဩဂုတ် ၃၁

ရောဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အတွင်း ပြီးခဲ့သည့် ဇူလိုင် ၃၀ ရက် ညပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ဝေနန်မြစ်ရေကာတာ၏အောက်ခံ မြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရပ်ကွက်ကျေးရွာများအတွင်း ရေဖြတ်သန်းစီးဆင်းဝင်ရောက်မှု စတင်ဖြစ်ပွားခဲ့သည်။ အဆိုပါ ရေဝင်ရောက်မှုကြောင့် ယနေ့ထိ လေးမျက်နှာမြို့ပေါ် ရပ်ကွက် ငါးခုနှင့် ကျေးရွာအချို့အပြင် ဟင်္သာတ၊ ရေကြည်၊ ငါးသိုင်းချောင်း၊ ကျုံပျော်၊ ကျောင်းကုန်း မြို့နယ်တို့ရှိ ရပ်ကွက် ၁၄ ခုနှင့် ကျေးရွာအချို့တို့တွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

ထိုသို့ ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့သော်လည်း ရေကြည်မြို့နယ်၌ ဩဂုတ် ၂၄ ရက်တွင် ၁၁ ပေ ၂ လက်မခန့်ထိ အမြင့်ဆုံးဝင်ရောက်ခဲ့ပြီး ယနေ့တွင် ၈ ပေ ၅ လက်မခန့်သာ ကျန်ရှိတော့သဖြင့် ၂ ပေ ၉ လက်မခန့် ဆက်လက်ကျဆင်းသွားခဲ့ကြောင်း၊ ငါးသိုင်းချောင်းမြို့တွင် ဝေနန်မြစ်ရေသည် ဩဂုတ် ၂၃ ရက်တွင် ၁၀ ပေ ၉ လက်မခန့်ထိ အမြင့်ဆုံးဝင်ရောက်ခဲ့ပြီး ယနေ့တွင် ၈ ပေ ၁၁ လက်မခန့်သာ ကျန်ရှိသဖြင့် ၁ ပေ ၁၀ လက်မခန့်ထိ ကျဆင်းသွားခဲ့ကြောင်း၊ ကျုံပျော်မြို့တွင် ဝေနန်မြစ်ရေသည် ဩဂုတ် ၃၀ ရက်တွင် ၈ ပေ ၁ လက်မခန့်ထိ အမြင့်ဆုံးဝင်ရောက်ခဲ့ပြီး ယနေ့တွင် ၇ ပေ ၁၁ လက်မခန့်သာကျန်ရှိသဖြင့် နှစ်လက်မခန့် ကျဆင်းသွားခဲ့ကြောင်း သိရသည်။

အဆိုပါဒေသများရှိ ရေဘေးသင့်ပြည်သူများအတွက် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှုနှင့်အတူ ရေဘေးကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ထားရှိပြီး အရေးပေါ်ကူညီကယ်ဆယ်နိုင်ရေးအတွက် အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီဆောင်ရွက်ပေးခြင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခြင်းတို့ကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ရေပြန်လည်ကျဆင်းသွားသည့် လေးမျက်နှာမြို့နယ် ရေလဲကျေးရွာ အခြေခံပညာမူလတန်း ကျောင်းဝင်းအတွင်းရှိ စာသင်ခန်းများ၊ အဆောက်အအုံများ၊ စာသင်ခုံများ၊ လူသွားစင်္ကြံများတွင် တင်ကျန်ခဲ့သည့်နုန်းများ၊အမှိုက်များ ရှင်းလင်းဆောင်ရွက်ပေးခြင်း၊ ဝေနန်ပန်းတာရေဝင်ရောက်မှုကို ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် နည်းပညာများအသုံးပြုရန် Geobags သဲအိတ်ကြီးများ ချခြင်း၊ မျောတုတ်တန်းများအတွင်း သဲအိတ်များဖြည့်၍ ကာကွယ်ခြင်းနှင့် Steel Sheet Pile ရိုက်သွင်းခြင်းစသည့် ဝေနန်ပန်းတာတမံ နိမ့်ကျနေရာများ ပြန်လည်ခိုင်မာရေးလုပ်ငန်းများကို စက်ယန္တရားများနှင့် လုပ်အားစုများ အသုံးပြု၍ အင်တိုက်အားတိုက် အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ကူညီကယ်ဆယ်ရေးနှင့် ရေဝင်ရောက်မှု တားဆီးကာကွယ်ရေးလုပ်ငန်းဆောင်ရွက်နေမှုများကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(၅၀၁)

☆ **ကျောဖုံးမှအဆက်**

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေးကို နေပြည်တော်၌ ၁၃၈၈ ခုနှစ် တော်သလင်းလပြည့်ကျော် ၃ ရက် (၂၀၂၆ ခုနှစ် စက်တင်ဘာ ၂၉ ရက်) အင်္ဂါနေ့ နံနက် ၁၀ နာရီတွင် စတင်ကျင်းပရန် ခေါ်ယူကြောင်း ကြေညာအပ်ပါသည်။

(ပုံ) အောင်လင်းဒွေး
နာယက

■ **ပြည်သူ့လွှတ်တော်မှ**

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေးကို နေပြည်တော်၌ ၁၃၈၈ ခုနှစ် တော်သလင်းလဆန်း ၁၀ ရက် (၂၀၂၆ ခုနှစ် စက်တင်ဘာ ၂၁ ရက်) တနင်္လာနေ့ နံနက် ၁၀ နာရီတွင် စတင်ကျင်းပရန် ခေါ်ယူကြောင်း ကြေညာအပ်ပါသည်။

(ပုံ) ခင်ရီ
ဥက္ကဋ္ဌ

● **အမျိုးသားလွှတ်တော်မှ**

တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေးကို နေပြည်တော်၌ ၁၃၈၈ ခုနှစ် တော်သလင်းလဆန်း ၁၁ ရက် (၂၀၂၆ ခုနှစ် စက်တင်ဘာ ၂၂ ရက်) အင်္ဂါနေ့ နံနက် ၁၀ နာရီတွင် စတင်ကျင်းပရန် ခေါ်ယူကြောင်း ကြေညာအပ်ပါသည်။

(ပုံ) အောင်လင်းဒွေး
ဥက္ကဋ္ဌ

## ၃၁-၈-၂၀၂၆ တွင် နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၆၂.၇ ~ ၃၆၆၈ | ၅၅၇.၈ ~ ၅၅၈.၇ | ၁၂၅.၅ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၁၀,၉၀၆,၉၃၉.၈၉ | ၄,၄၀၄,၀၀၈.၁၀ | ၆၁,၉၉၇,၂၅၂.၇၁ | - |

○ **ညောင်တုန်းမြို့နယ်မှ**

ညောင်တုန်းကျွန်းတာ (ရောဝတီမြစ်ခွဲ)တွင် ဩဂုတ် ၂၅ ရက် နံနက်ပိုင်းမှစ၍ အလျား ပေ ၃၀၀၊ အနံ ၄၅ ပေခန့် တာကိုယ်ထည် တိုက်စားမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ထိုသို့ တာကိုယ်ထည်တိုက်စားခံရမှုအပေါ် ယာယီကာကွယ်နိုင်ရန်အတွက် တာမိုင် ၁၁/၅ နှင့် ၁၁ / ၆ ကြားတွင် အလျား ပေ ၃၅၀ ခန့်ကို တုတ်တန်းရိုက်သဲအိတ်ဖြည့်၍ မူရင်းတာ၏တာခြေထောက် Second Bund Level ကို မူလနိမ့်မြင့်မှတ် ၁၅ ပေမှ ပေ ၂၀ သို့ မြှင့်တင်ခြင်းလုပ်ငန်းများဆောင်ရွက်ခြင်း၊ တုတ်တန်းကို အတွင်းဘက်မှ သဲအိတ်ဖြင့် Slope အခြေထောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ တာခြေတွင် တုတ်တန်းရိုက် သဲအိတ်ဖြည့်ခြင်း၊ တာလမ်းကြောင်းရှင်းခြင်းတို့ကို နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ စက်ယန္တရားများဖြင့် အင်တိုက်အားတိုက် အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်နေမှုများကို ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)



နယ်မြေခံတပ်မတော်သားများ၊လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး တာကိုယ်ထည်တိုက်စားခံရမှု ကာကွယ်နိုင်ရန် ဆောင်ရွက်ကြစဉ်။

# PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက လက်နက်များဖြင့် ရက်စက်စွာ ပစ်ခတ်သတ်ဖြတ်ခြင်းကြောင့် မလှိုင်မြို့နယ် ထမ္ဘုကြီးကျေးရွာမှ အပြစ်မဲ့အရပ်သားပြည်သူ ၁၂ ဦးသေဆုံး

**နေပြည်တော် ဩဂုတ် ၃၁**

NUGအမည်ခံ အကြမ်းဖက်အဖွဲ့နှင့် ၎င်းတို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက် သောင်းကျန်းသူများသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိခိုက်ပျက်ပြားစေရန်ရည်ရွယ်၍ ဌာနဆိုင်ရာရုံးအဆောက်အအုံများကို ပစ်ခတ်တိုက်ခိုက်ခြင်း၊ အေးချမ်းစွာနေထိုင်လျက်ရှိသော ဒေသခံပြည်သူများနေထိုင်ရာ မြို့၊ ရပ်ကွက်၊ ကျေးရွာများအတွင်းသို့ Drop Bomb များဖြင့် ပစ်ချတိုက်ခိုက်ခြင်း၊ ရှေ့ဘတိုက်ဒုံးများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းများအပြင် မြို့၊ ရပ်ကွက်၊ ကျေးရွာများအတွင်း၌ တိုက်ပွဲများဖော်ဆောင်၍ ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နေသည့် အုပ်ချုပ်ရေးဆိုင်ရာ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားလျက်ရှိသော ကျောင်းသား၊ ကျောင်းသူများကို လက်နက်အားကိုးဖြင့် ခြိမ်းခြောက်ခြင်း၊ အနိုင်ကျင့်၊ ဗိုလ်ကျ၊ ဖမ်းဆီးနှိပ်စက် ပစ်ခတ်သတ်ဖြတ်ခြင်းများကို နည်းမျိုးစုံဖြင့် ယုတ်မာရိုင်းစိုင်းစွာ ဥပဒေမဲ့ကျူးလွန်လျက်ရှိကြသည်။

ထိုသို့ ယုတ်မာရိုင်းစိုင်းသည့်လုပ်ရပ်များကို ကျူးလွန်လျက်ရှိရာ ယနေ့ နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး၊ မလှိုင်မြို့နယ် ထမ္ဘုကြီးကျေးရွာ၏ အနောက်မြောက်ဘက်မှ လက်နက်ကိုင်ဆောင်ထားသည့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူ ၂၅ ဦးခန့်သည် မော်တော်ယာဉ် သုံးစီး၊ မော်တော်ဆိုင်ကယ်များဖြင့် ကျေးရွာအတွင်းသို့




မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် ထမ္ဘုကြီးကျေးရွာ၌ PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက ရက်စက်စွာ ပစ်ခတ်သတ်ဖြတ်ခဲ့မှုကြောင့် အပြစ်မဲ့ပြည်သူ ၁၂ ဦးသေဆုံးခဲ့ရမှု တည်နေရာပြမြေပုံ။

ဝင်ရောက်လာကာ ကျေးရွာအတွင်း အေးချမ်းစွာနေထိုင်လျက်ရှိသည့် အပြစ်မဲ့ အရပ်သား ပြည်သူများဖြစ်ကြသော ကျေးရွာအုပ်ချုပ်ရေးမှူး ဦးစိုးလင်းထိုက် ၄၄ နှစ်၊ ဦးမောင်သိန်း ၄၃ နှစ်၊ ဦးချစ်စမ်းမောင် ၄၄ နှစ်၊ ဦးဗိုလ်သက်လင်း ၄၀ နှစ်၊ ဦးသန်းဌွေးအောင် ၃၉ နှစ်၊ ဦးဝေယံစိုး ၃၂ နှစ်၊ ဦးဇော်ခက် ၄၅ နှစ်၊ ဦးဟိန်းဝဏ္ဏဇော် ၂၂ နှစ်၊ ဦးဝင်းနိုင် ၄၄ နှစ်၊ ဦးအုန်းမောင် ၆၃ နှစ်၊ ဒေါ်ခင်မူ ၄၄ နှစ်နှင့် ဒေါ်လဲ့လဲ့ဝင်း ၄၄ နှစ် တို့ဖြစ်ပြီး အမျိုးသား ၁၀ ဦးနှင့် အမျိုးသမီး နှစ်ဦး စုစုပေါင်း ၁၂ ဦးတို့ကိုလက်နက်အားကိုးဖြင့်အကြောင်းမဲ့ ယုတ်မာရိုင်းစိုင်းစွာ လက်နက်ငယ်များဖြင့် ရက်ရက်စက်စက် ဝိုင်းဝန်းပစ်ခတ်သတ်ဖြတ်ခဲ့ကြပြီး ကျေးရွာအတွင်းသို့ ဝင်ရောက်လာခဲ့သည့် လမ်းကြောင်းအတိုင်း ပြန်လည်ထွက်ခွာသွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်ဖြစ်ပွားမှုကို သိလျှင်သိချင်း လုံခြုံရေးတပ်ဖွဲ့ဝင်များက အဆိုပါ ကျေးရွာသို့သွားရောက်၍ လိုအပ်သည့် စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ PDF အကြမ်းဖက်သောင်းကျန်းသူများ ယုတ်မာရက်စက်စွာ ပစ်ခတ်သတ်ဖြတ်ခဲ့သည့် အပြစ်မဲ့ပြည်သူ ၁၂ ဦး၏ ရုပ်အလောင်းများတွေ့ရှိခဲ့ရပြီး အဆိုပါသေဆုံးသူများ၏ ရုပ်အလောင်းများကို မလှိုင်မြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်းနှင့် လိုအပ်သည့် နယ်မြေလုံခြုံရေး လုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယခုကဲ့သို့ ဆင်ခြင်တုံတရားမဲ့စွာဖြင့် အပြစ်မဲ့ အရပ်သားပြည်သူများကို လူမဆန်စွာ ပစ်ခတ်သတ်ဖြတ်ခဲ့ခြင်းသည် ဂျီနီဗာကွန်ဗင်းရှင်းနှင့် အပြည်ပြည်ဆိုင်ရာဥပဒေတို့အရ စစ်ရာဇဝတ်မှု (War Crime)ကို ကျူးလွန်ခြင်းဖြစ်ပြီး PDF အကြမ်းဖက် သောင်းကျန်းသူများ၏ ဆင်ခြင်တုံတရားမဲ့စွာ ဥပဒေမဲ့အကြမ်းဖက်လုပ်ဆောင်ခဲ့မှုအပေါ် ဒေသခံပြည်သူများက စက်ဆုပ်ရွံရှာမုန်းတီးစွာ ဝိုင်းဝန်းကန့်ကွက် ရှုတ်ချလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြမ်းဖက်သမားများကို ဖမ်းဆီးဖော်ထုတ်အရေးယူနိုင်ရေး လိုအပ်သည့်နယ်မြေလုံခြုံရေး လုပ်ငန်းများကို ဒေသခံပြည်သူများနှင့် အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)



မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် ထမ္ဘုကြီးကျေးရွာ၌ အပြစ်မဲ့အရပ်သား ပြည်သူ ၁၂ ဦးတို့ကို PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက ရက်စက်စွာ ပစ်ခတ်သတ်ဖြတ်ခဲ့မှု မှတ်တမ်းဓာတ်ပုံ။

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့ ဌက္ကဋ္ဌရုံး (နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှတစ်ဆင့်(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှတစ်ဆင့်(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄
- (၂) မိုဘိုင်းဖုန်းမှတစ်ဆင့်(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၅၅၃၄

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၆၆၈၇၈၈၁၁၉
- (၂) မိုဘိုင်းဖုန်းမှတစ်ဆင့်(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၃၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှတစ်ဆင့်(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှတစ်ဆင့်ပေးပို့ရန်(SMS)၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှတစ်ဆင့်(SMS)ပေးပို့ရန် ၀၉-၄၀၁၆၆၅၂၅၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှတစ်ဆင့်(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှတစ်ဆင့်(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှတစ်ဆင့်(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှတစ်ဆင့်(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှတစ်ဆင့်(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှတစ်ဆင့်(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှတစ်ဆင့်(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှတစ်ဆင့်(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှတစ်ဆင့်(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာ ဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများ ပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့

**အိမ်ပြင်ပ၌ထွန်းသောမီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

# ဘေးရန်တွေ ဝေးကွာပါစေ

မောင်ချစ်ခိုင်(ရွှေပြည်အေးဆောင်)

**❖ တက္ကသိုလ်တွင် ပါမောက္ခချုပ်လုပ်ရသော တာဝန်ကား သင်ကြားရေးနှင့်အနာဂတ်တည်ဆောက်ရေးအမြော်အမြင်သာမက လက်တွေ့နေ့စဉ်ဘဝ အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေးစသည်များလည်း ရှုပ်ထွေးလှသဖြင့် ခက်ခဲကြီးမားသည့်တာဝန်မျိုးဖြစ်လေသည်။ ဤကဲ့သို့ လူကြီးလူကောင်းပီသသူမျိုးသာလျှင် ခေါင်းဆောင်ကောင်းပီသသည့်အရည်အသွေးကြောင့် အနှောင့်အယှက်အခက်အခဲအမျိုးမျိုးကို ကျော်နင်းဖြေရှင်းနိုင်ခဲ့ခြင်းပင်ဖြစ်လေသည်။ ❖**

စာရေးသူတစ်ကြိမ်တစ်ခါမျှ မစဉ်းစားမိဖူးသော အတွေးတစ်ခုကို ဆရာကြီးဒေါက်တာခင်အေး၊ စာရေးဆရာ မောင်ခင်မင်(ဓနုဖြူ)က ရေးပြမှ သိမြင်ရရှိလိုက်ပါသည်။ အံ့လည်းအံ့သြရ၏။ ကြည်နူးဝမ်းသာသတိပြုမိလိုက်သဖြင့် ထိုတွေးထောင့်ကို ကျေနပ်လှစွာပြုံးမိပါ၏။ **"ရှေ့ရထား နောက်ရထား"**တဲ့။

**ဘဝကိုရှာ**
**ဘယ်မှာမှ မတွေ့၊**
**တစ်နေ့အချိန်တန်တော့**
**ဆူညံညံ ငိုသံကြားရတယ်**
**ရထားရွေ့ရွေ့။**

ကဗျာဆရာဒေါင်းနွယ်ဆွေ(၁၉၃၁-၁၉၈၅)၏ ဒွေးချိုးကဗျာလေးတစ်ပုဒ်ကို ရှေ့ကအဖွင့်နေရာမှာ တင်လျက် **"ရှေ့ရထား နောက်ရထား"**ဟူသော ဆောင်းပါးကို ၂၀၀၁ ခုနှစ် မြန်မာစာဌာန(ရန်ကုန်တက္ကသိုလ်)၏ နှစ် ၆၀ ပြည့်စာစောင်မှာ အမှတ်တရ ရေးသားခဲ့သည်။ လွန်ခဲ့သော ၂၅ နှစ်ကဖြစ်ပါသည်။ ကွယ်လွန်ခြင်း၊ သေဆုံးခြင်း၊ အနိစ္စရောက်ခြင်း၊ ဘဝတစ်ပါးသို့ ကူးပြောင်းသွားခြင်း စသောဝေါဟာရများ တစ်လုံးမှမပါသလောက် ရေးထားသော်လည်း ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနနှင့် မြန်မာစာအသိုက်အဝန်းမှ ဆရာများ၊ လုပ်ဖော်ကိုင်ဖက်များ၊ ဆက်နွယ်ရာများ ရှေ့ရထားပမာ စော၍ထွက်ခွာသွားကြသည့်နောက်ဆုံးခရီးကို သူတို့အကြောင်းအကျဉ်းအမြွက်မျှဖော်ပြလျက် လွမ်းဆွတ်သတိရစရာ ရေးသားဖော်ပြထားခြင်းဖြစ်လေသည်။

ဆရာမောင်ခင်မင်(ဓနုဖြူ)သည် ငယ်စဉ်ကျောင်းသားဘဝကပင် စာတော်သူ၊ စာကြိုးစားသူဖြစ်ပါ၏။ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် သင်္ချာနှင့် မြန်မာစာ ဂုဏ်ထူးနှစ်ဘာသာဖြင့် အောင်မြင်ခဲ့သူဖြစ်၏။ မြန်မာတစ်နိုင်ငံလုံးမှာ မြန်မာစာပထမရသဖြင့် မြန်မာစာဘာသာတွင် ထူးထူးခြားခြားအမှတ်အများဆုံးရသူကို ဂုဏ်ပြုချီးမြှင့်သောအားဖြင့် ငွေတာရီဆု၊ လှသမိန်ဆု စသောရွှေတံဆိပ်များချီးမြှင့်ခံရသည့်အပြင် အစိုးရက ကျောင်းလခလွတ်ငြိမ်းခွင့်နှင့်ပညာသင်ထောက်ပံ့စရိတ်ပါ ပေးခဲ့လေသည်။

သူက မြန်မာစာဌာနမှာ နည်းပြဆရာ၊ ကထိက၊ ပါမောက္ခ စသဖြင့် မြန်မာစာအသိုက်အဝန်းမှာပင် ဘဝတစ်လျှောက်လုံး ကျင်လည်ဖြတ်သန်းသွားခဲ့သူဖြစ်ပေသည်။ ပါမောက္ခတာဝန်မျိုးအပြင် မြန်မာစာ မြန်မာစကားနှင့်ပတ်သက်၍ ကြီးမားစွာအထောက်အပံ့ဖြစ်စေသော စာအုပ်ပေါင်းများစွာကိုလည်း ဖွဲ့ကြိုးစွာအပတ်တကုတ်ပြုစုခဲ့သည်။ တစ်သက်တာစာပေဆု၊ အမျိုးသားစာပေဆုရ စာရေးဆရာကြီးလည်းဖြစ်ပါသည်။ "စကားပြေသဘောတရား၊ စကားပြေအတတ်ပညာ"ဆိုသော စာအုပ်ကို ကျမ်းကိုးစာအုပ်ပေါင်း ၂၀၀ ကျော် လေ့လာလျက် ၁၀ နှစ်ကြာပြုစုခဲ့၏။

ဆရာကြီးမောင်ခင်မင်(ဓနုဖြူ) (၁၉၄၂-၂၀၂၅)က မြန်မာစာမိသားစုထဲမှ သူနှင့်ရင်းနှီးစွာထိတွေ့ဆက်ဆံခဲ့ရသူများဖြစ်ကြသည့် မန္တလေးတက္ကသိုလ်ပါမောက္ခချုပ်ဦးကျော်ရင်၊ မြန်မာစာပါမောက္ခ ဦးမောင်မောင်ကြီး၊ မန္တလေးတက္ကသိုလ်ပါမောက္ခချုပ် ဦးလှရွှေ၊ မြန်မာစာပါမောက္ခ ဦးအေးမောင်၊ မြန်မာစာဌာနမှ ပါဠိပါရဂူ ဦးအောင်မိုး၊ မြန်မာစာကထိက ဦးဖိုးကျော်မြင့် အစရှိသဖြင့် ကျေးဇူးရှင်ဆရာများ၊ လုပ်ဖော်ကိုင်ဖက်များထဲမှ ကွယ်လွန်သွားနှင့်ကြသူတို့၏ ရုပ်ပုံလွှာကို အမှတ်တရရေးသားဖော်ပြခဲ့ပေသည်။

မန္တလေးတက္ကသိုလ်မှာ ပါမောက္ခချုပ်အဖြစ် တာဝန်ထမ်းဆောင်သွားခဲ့ဖူးသော ဆရာကြီးဦးလှရွှေသည် ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနမှဖြစ်ခဲ့ကြောင်း၊ ပုသိမ်ကောလိပ်ကျောင်းအုပ်ကြီးလည်း ဖြစ်ခဲ့ဖူးကြောင်း၊ အသံအောင်အောင်မြင်မြင်၊ စကားလုံးပီပီသသ၊ ရှင်းရှင်းလင်းလင်းနှင့် မိုက်ကရိုဖုန်းတို့၊ ဆောင်းဘောက်တို့၊ အသံချဲ့စက်မလိုသောအသံဖြင့် စာသင်ကောင်းသဖြင့် တပည့်များ၏ ချစ်ခင်လေးစားမှုကိုခံရသော ဆရာကြီးတစ်ဦးဖြစ်ကြောင်း ထိုစာအုပ်၏ ဆောင်းပါးနှစ်ပုဒ်၊ သုံးပုဒ်ထဲတွင် ပေါ်လွင်အောင်ရေးသားဖော်ပြထားသည်ကို ဖတ်ရသည်။

စာရေးသူ မန္တလေးတက္ကသိုလ်ကျောင်းသားဘဝ၌ ပါမောက္ခချုပ်ဦးကျော်ရင်(လေထီးဦးကျော်ရင်ဟုလည်း တော်လှန်ရေးခေတ်က အိန္ဒိယမှာ သင်တန်းသွားတက်ခဲ့ပြီး သမ္မတကြီးမန်းဝင်းမောင်၊ လေထီးဦးအုန်းမောင်(ဖျာပုံသား)၊ ဗိုလ်မှူးချစ်ကောင်း(မြင်းခြံသား)တို့နှင့်အတူ မြန်မာပြည်ကျေးလက်တောရွာသို့ လေထီးဖြင့် လေးယောက်တစ်ဖွဲ့ဆင်းခဲ့ကြသော သမိုင်းဝင် မျိုးချစ်တော်လှန်ရေးလူငယ်များဖြစ်ခဲ့သည်။ စကားပြောကောင်း၊ စာရေးကောင်း၊ ပေါင်းသင်းဆက်ဆံရေးကောင်းသဖြင့် မန္တလေးမြို့မိမြို့ဖများနှင့် လူထုဦးလှစသော မန္တလေးစာပေသမား၊ သတင်းစာသမားများကလည်း လေးစားချစ်ခင်ကြသည်။ ၁၉၆၆ ခုနှစ် မိမိမန္တလေးတက္ကသိုလ်တက်ရတော့ ပါမောက္ခချုပ်ဦးကျော်ရင်က ကွယ်လွန်သွားရှာပြီ။ ပါမောက္ခဦးဘတုတ်၊ ပါမောက္ခဦးနက် စသောဝါရင့်ပါမောက္ခကြီးများ တစ်ဦးပြီးတစ်ဦး ခေတ္တပါမောက္ခချုပ်လုပ်နေကြရသောအချိန်ဖြစ်ခဲ့သည်။

နောက်မှ အတည်တကျပါမောက္ခချုပ်အဖြစ် ဆရာကြီးဦးလှရွှေ မန္တလေးတက္ကသိုလ်ပါမောက္ခချုပ်အဖြစ် အမိန့်ထွက်လာခဲ့ပေသည်။ ပါမောက္ခချုပ်ဆရာကြီးဦးလှရွှေကိုသာ စာရေးသူက ရင်းနှီးစွာအနီးကပ်ထိတွေ့စကားပြောခဲ့ရဖူးပါသည်။ မန္တလေးတက္ကသိုလ် ပါမောက္ခချုပ် ဆရာကြီးဦးလှရွှေအကြောင်း ဆရာကြီးမောင်ခင်မင်(ဓနုဖြူ)က ပုံရိပ်လွှာပေါ်လွင်ထင်ရှားအောင် ဖော်ပြထားသည့်အတိုင်းကိုပင် မိမိလည်း သက်ရှိထင်ရှားမှတ်မှတ်ရရ နှစ်ကြိမ်မျှ ဆုံတွေ့စကားပြောခဲ့ရပါ၏။

ပထမအကြိမ်မှာ ၁၉၆၈ ခုနှစ်လောက်က ဖြစ်လောက်ပါသည်။ မန္တလေးတက္ကသိုလ်ပါမောက္ခချုပ်အသစ် ဆရာကြီးဦးလှရွှေ ရောက်ရှိရုံးထိုင်နေပြီဟူသောသတင်းကို ကြားသိရသည်နှင့် မိမိတို့စိတ်ပညာဌာနမှ လက်ထောက်ကထိက ဆရာကြီးဦးအုန်းဖေ(စိုးရိမ်သောကစာအုပ်နှင့် ဆက်ဆံရေးစိတ်ပညာစာအုပ်များရေးသူ) MA (ဂုဏ်ထူး)M.S.,B.L. စာရေးဆရာဖြစ်ပါသည်။ ဆရာက မိမိကို တပည့်တစ်ယောက်အနေနှင့်သာမက စိတ်ချင်းနားလည်ကြသော သားသမီးရင်းတစ်ယောက်လိုလည်း စောင့်ရှောက်ပါသည်။ ရွှေပြည်အေးကျောင်းသားအဆောင်အဆောင်မှူးလည်းဖြစ်သည်။ မိမိကလည်း ရွှေပြည်အေးကျောင်းဆောင်မှာနေသူပင်ဖြစ်၏။ ညနေခင်းသို့မဟုတ် ည ၇ နာရီခန့်မှာ ဆရာက မိမိကိုအဆောင်မှူးရုံးခန်း၌ အာယုဝဍ္ဎနစိန္တနာဗေဒင်ကျမ်းကို သင်ကြားပါသည်။ ဂဏိတ ခေါ် ဂြိုဟ်နက္ခတ်အတွက်ပိုင်းနှင့် မဟာဘုတ်အပါအဝင် အဟောပိုင်း ဖလိတဟောပြောနည်းသဘောသဘာဝတို့ကိုပါ သင်ရိုးစာအုပ်အပြင် အထွေထွေအတွေ့အကြုံများနှင့် သေချာစွာစေတနာထားလျက်သင်ပြပါသည်။

ထို့နေ့က "ငါပါမောက္ခချုပ်အသစ် ဆရာကြီးဦးလှရွှေနဲ့သွားတွေ့မယ်ကွ။ မင်းလည်းလိုက်ခဲ့"ဆိုပြီး ခေါ်သွားသည်။ ပါမောက္ခချုပ်ရုံးခန်းထဲသို့ ပထမဦးဆုံးအကြိမ်ရောက်ဖူးခြင်းပင်။ ပါမောက္ခချုပ်ရုံးခန်းကျွန်းသားပြားဆိုင်းဘုတ်လေးအဝင် တံခါးအထက်နားမှာချိတ်ဆွဲထားသော်လည်း ရှေ့တည့်တည့်ပင်မဆောင်ကြီး အလယ်လှေကားမှတက်လာပြီး အရှေ့ဘက်(ဘယ်ဘက်ချိုး)ဝင်လိုက်လျှင် ရောက်ပါ၏။ တစ်ခုသောနံနက်ခင်းမှာဖြစ်ပါသည်။ မိမိတို့ဝင်သွားသောအခါ ပါမောက္ခချုပ်က ရုံးစားပွဲကြီးနောက်မှာထိုင်နေရာမှ ဧည့်စားပွဲဆက်တီခုံသို့ မိမိတို့ကိုထိုင်စေပြီး သူလည်းလာ၍ အတူထိုင်ပါသည်။

ပါမောက္ခချုပ်ဦးလှရွှေနှင့် မိမိတို့စိတ်ပညာဌာန လက်ထောက်ကထိက ဦးအုန်းဖေတို့သည် ရန်ကုန်တက္ကသိုလ်မှာ ဆရာတပည့်ဖြစ်ခဲ့ကြပုံရပါသည်။ အလွန်ပင် ရင်းနှီးခင်မင်ခဲ့ကြသူချင်း နှစ်အတော်ကြာခွဲခွာကွဲကွာနေခဲ့ရာမှ ပြန်လည်ဆုံတွေ့ရသဖြင့် ရှေးဟောင်းနှောင်းဖြစ်တွေ စကားပြောလို့မကုန်နိုင်ပါ။ စကားလက်ဆုံကျသွားသဖြင့် အချိန်ကုန်၍ ကုန်မှန်းမသိကြပါ။ မိမိကတော့ နံဘေးမှဆရာကြီးနှစ်ဦးကိုငေးကြည့်ရင်းပင် သူတို့ပြောဆိုကြသော ရန်ကုန်တက္ကသိုလ်အကြောင်း၊ ဘယ်သူဘယ်ဝါဘယ်မှာဘာဖြစ်၊ ဘာလုပ်နေပြီ စသည်တို့ကို မေးကြဖြေကြ၊ ရယ်မောကြ။

တစ်နာရီခွဲ၊ နှစ်နာရီလောက်ကြာမှ မိမိဘက်ကိုလှည့်၍ ဒါကျွန်တော့်တပည့် မောင်ချစ်နိုင်၊ စိတ်ပညာကျောင်းသားပါဟု မိတ်ဆက်ပေးပါသည်။ ပါမောက္ခချုပ်က ပြုံးပြုံးရွှင်ရွှင်နှင့် ဘာအခက်အခဲရှိသလဲမေးပါသည်။ အခက်အခဲမရှိပါကြောင်း၊ ပါမောက္ခချုပ်အသစ်ကို မြင်ဖူးချင်လို့လိုက်လာခြင်းဖြစ်ကြောင်း လက်အုပ်ချီ၍တင်ပြသောအခါ ဆရာကြီးက အားရပါးရပြုံးပါသည်။ အသံအောင်ခြင်း၊ အသံချိုခြင်း၊ စကားပြောပုံက တိကျစေ့စပ်ပြီးပြတ်သားခြင်း၊ သီလ၊ သမာဓိ၊ ပညာတို့နှင့်ပြည့်စုံသည့် ဆရာကြီးတစ်ဦးဟု ထင်ရှားပါသည်။ တစ်ချိန်က ဆရာကြီးဒေါက်တာခင်အေးတို့ကို ရန်ကုန်တက္ကသိုလ်၊ မြန်မာစာဌာနမှာ မြန်မာစာသင်ကြားပေးခဲ့စဉ်ကအတိုင်း ရိုးသားပွင့်လင်း၍ စိတ်ရင်းဖြောင့်မတ်ဖြူစင်သူဖြစ်သည့် ဆရာကောင်းတစ်ဦး၏ ဥပဓိရုပ်က ပေါ်လွင်လေသည်။ ဆရာကြီးမောင်ခင်မင်(ဓနုဖြူ) ရေးသားခဲ့သည့်အတိုင်း မန္တလေးတက္ကသိုလ် ပါမောက္ခချုပ်ဆရာကြီးဦးလှရွှေ၏ အမည်၊ ဆရာကြီးပါမောက္ခချုပ်ဘဝတွင် မန္တလေးတက္ကသိုလ်ကျောင်းသားဆူပူလှုပ်ရှားမှုကို ဆရာကြီးကိုင်တွယ်ဖြေရှင်းပုံ၊ မန္တလေးတက္ကသိုလ်နှင့် မန္တလေးဆေးတက္ကသိုလ်၊ စိုက်ပျိုးရေးတက္ကသိုလ်တို့ ခေတ္တကျောင်းပိတ်လိုက်ပုံတို့ကို စာရေးဆရာကျော်ဝင်း(ထိုစဉ်က မန္တလေးဆေးတက္ကသိုလ်ကျောင်းသား) အမြင်ဖြင့်ရေးထားသည်ကို ဖတ်ရပါသည်။ မကြိုက်သော်လည်း မကောင်းကြောင်းတော့ ဘာမျှမရေးပါ။ မနှစ်သက်ပုံရသော်လည်း အပြစ်ဆိုလောက်စရာ မန္တလေးတက္ကသိုလ်ပါမောက္ခချုပ် ဆရာကြီးဦးလှရွှေမှာ ဘာမျှမရှိခဲ့ပါချေ။ သမိုင်းကြောင်းကောင်းခဲ့သော ဆရာကြီးဖြစ်လေသည်။

ဆရာကြီးဦးလှရွှေ၏အပေါ်တွင် တွေ့ဖူးသူ၊ ကြုံဖူးသူ၊ ထိတွေ့ဆက်ဆံခဲ့ရသူ လုပ်ဖော်ကိုင်ဖက်၊ တပည့်တပန်း၊ ကျောင်းသား၊ ကျောင်းသူအားလုံးက ဆရာကြီး ဦးအုန်းဖေ၊ ဆရာကြီးဒေါက်တာခင်အေးနှင့် မိမိအပါအဝင် လေးစားရိုသေလောက်သည့် ဂုဏဝုဍ္ဎိ၊ ဝယဝုဍ္ဎိသီလဂုဏ်၊ ပညာဂုဏ်ပြည့်စုံသည့်ပုဂ္ဂိုလ်ဟု ယုံကြည်ချစ်ခင်ကြပါ၏။ လူတစ်ယောက်၏ ရိုးဂုဏ်သည် အရှည်အကြာတည်တံ့ခိုင်မာကြောင်း တွေ့မြင်ရသောသာဓကပင်ဖြစ်ပေသည်။

တက္ကသိုလ်မှာ ဆရာလုပ်ရသည်မှာ မလွယ်လှပါ။ တက္ကသိုလ်တွင် ပါမောက္ခချုပ်လုပ်ရသော တာဝန်ကား သင်ကြားရေးနှင့်အနာဂတ်တည်ဆောက်ရေး အမြော်အမြင်သာမက လက်တွေ့နေ့စဉ်ဘဝ အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေး စသည်များလည်းရှုပ်ထွေးလှသဖြင့် ခက်ခဲကြီးမားသည့်တာဝန်မျိုးဖြစ်လေသည်။ ဤကဲ့သို့ လူကြီးလူကောင်းပီသသူမျိုးသာလျှင် ခေါင်းဆောင်ကောင်းပီသသည့် အရည်အသွေးကြောင့် အနှောင့်အယှက်အခက်အခဲအမျိုးမျိုးကို ကျော်နင်းဖြေရှင်းနိုင်ခဲ့ခြင်းပင်ဖြစ်လေသည်။

ရှေ့ရထားများကား ဘူတာစဉ်အတိုင်း ခုတ်မောင်းသွားခဲ့ကြပေပြီ။ မိမိတို့သည်လည်း ရောက်ရာနေရာ၊ ကျရာတာဝန်အသီးသီးမှာ အောင်မြင်အဆင်ပြေစေရန် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ထမ်းဆောင်ခဲ့ကြပြီးလေပြီ။ မွေးခြင်း၊ အိုခြင်းဘူတာများကိုကျော်လွန်လျက် နာခြင်း၊ သေခြင်းဘူတာများဆီ တရွေ့ရွေ့သွားနေဆဲပင်။

လွန်လေပြီးသော နှစ်ပေါင်း ၆၀ ကာလဆီက စာရေးသူ မန္တလေးတက္ကသိုလ် ကျောင်းသားဘဝတွင် ပါမောက္ခချုပ် ဆရာကြီးဦးလှရွှေရုံးခန်းသို့ ပါမောက္ခချုပ်အသစ်ရောက်စ မိမိဌာနက ဆရာကြီးဦးအုန်းဖေက ခေါ်သွားသဖြင့် ပထမအကြိမ်ရောက်ခဲ့ဖူးသည်။ ဆရာကြီးနှင့် အေးအေးဆေးဆေးတရင်းတနှီးသိခွင့်မြင်ခွင့်ရခဲ့သည်။

ဒုတိယအကြိမ်နှင့် နောက်ဆုံးအကြိမ် ဆရာကြီးရုံးခန်းသို့ ထပ်မံရောက်ရှိပြန်ရခြင်းမှာ မိမိ၏သူငယ်ချင်း(မြန်မာစာအဓိကကျောင်းသား) ရွှေပြည်အေးဆောင် အတူနေသူမှာ ကျောင်းသားဆူပူလှုပ်ရှားဆန္ဒပြပွဲတွင်ပါဝင်သဖြင့် ကျောင်းထုတ်ပယ်(အဆောင်နေခွင့်လည်းရုပ်စဲ)ခံရသဖြင့် ပါမောက္ခချုပ်ထံ အသနားခံလွှာတင်လိုပါသည်၊ အဖော်လိုက်ပါပေးပါဆိုသဖြင့် ရောက်ရခြင်းပါတည်း။ အကူအညီ။

ပါမောက္ခချုပ်က ထိုကျောင်းသားနှင့် မိမိကို မိဘနှင့်သားသမီး အိပ်ရာဝင်ခါနီး ရင်းရင်းနှီးနှီးချစ်ချစ်ခင်ခင်ပြောဆိုကြသလို ရှင်းလင်းပြောဆိုခဲ့ပါသည်။ ကျောင်းထုတ်ပယ်ခြင်းကိုတော့ ပြန်ပြင်လက်ခံပေးနိုင်ခြင်းမရှိတော့ပေ။ စာမေးပွဲဖြေခွင့်ရဖို့တော့ စဉ်းစားပေးမည်၊ အသနားခံစာတင်ခဲ့ပါဟု ကြင်နာစွာနှစ်သိမ့်အားပေးရင်း ပြောကြားလိုက်ပါသည်။ မိမိက စာရေးသူဖြစ်လာခဲ့သလိုပင် ထိုသူငယ်ချင်းသည်လည်း ကဗျာဆရာဝင်းလတ်ဟု ဖြစ်လာခဲ့ပါသည်။

မိမိတို့နောက်က ရထားများ လမ်းချော်တိမ်းစောင်းခြင်းနှင့် ဗုံးဒဏ်မိုင်းဒဏ်တွေ ကင်းရှင်းဝေးကွာကြပါစေ။




**ယမန်နေ့မှအဆက်**

သူရောက်လာလို့ နောက်တစ်ရက်မှာကျုပ်က သူ့ထင်းလှေကြီးထဲဆင်းပြီး ထင်းတွေလဲကြည့်ရင်း သူနဲ့လဲ စကားပြောမလို့ ဆင်းလာခဲ့တာ ကုန်းပေါင်ပေါ်ကနေ လှမ်းလဲတက်ရော "ဟော့ကောင်တွေ လူစိမ်းလာတယ် ထကြည့်စမ်း၊ ဟော့ကောင်တွေ လူစိမ်းလာတယ် ထကြည့်စမ်း"ဆိုပြီး အော်ပြောလိုက်တဲ့ အသံသြသြကြီး ရုတ်တရက် ကြားလိုက်ရတော့ ကျုပ်လဲ ကြောင်ပြီးရပ်နေမိတယ်။ ဘာလဲ ဘာသဘောလဲပေါ့။ အဲဒီအချိန်မှာ လှေသမား တစ်ယောက်ထွက်လာပြီး ကျုပ်ကို မြင်တော့ "ဟာ အုတ်ဖိုသူကြီးပါလား။ လာပါခင်ဗျာ ဦးစံဖေ အထဲမှာ ရှိပါတယ်"လို့ ပြောတာကိုးဗျ။ အဲဒီအချိန်မှာ "ထင်းတွေ ကောင်းတယ်ဝယ်ကြပါ။ ထင်းတွေကောင်းတယ် ဝယ်ကြပါ"ဆိုပြီး အော်သံထွက်လာပြန်ရော၊ ကျုပ်က လှမ်းကြည့်လိုက်တော့ တော်တော်လှတဲ့ ကြက်တောကြီးဗျ။ ကြီးကလဲ ကြီးပါဘိနဲ့ လှေအမိုးအောက်က ဝါးလုံးတန်းလေးပေါ်ကနေ အော်နေတာကိုး။

အဲဒီအချိန်မှာပဲ လှေသမားက "တယ်နားငြီးတယ်ကွာ၊ ဟော့ကောင် မတိတ်သေးဘူးလား"ဆိုပြီး အနားမှာရှိတဲ့ ထင်းတစ်ချောင်းကောက်ပြီး ရိုက်မဲ့ဟန်နဲ့ ရွယ်တော့ "အဖေရေလာပါ။ ငါ့ကို သတ်တော့မယ်။ အဖေရေလာပါ ငါ့ကို သတ်တော့မယ်"လို့ ကြက်တောကြီးက အော်ပါလေရောဗျို့။ အဲဒီတော့မှ ကျုပ်ကော၊ လှေသမား ကောင်ကလေးကော ရယ်လိုက်ရတာဗျာ၊ အူကိုနှိပ်ရော။

အဲဒီနေ့ကတည်းက ကျုပ်လဲ သားပုနဲ့စပြီး သံယောဇဉ်ဖြစ်ရတော့တာပဲ။ ကြက်တောကြီးရဲ့ နာမည်က သားပုတဲ့ဗျာ။ ဒါနဲ့ပဲ ကျုပ်လဲ အားတဲ့ အချိန်တိုင်း သားပုဆီသွား စကားတွေ သင်ပေးနဲ့ သားပုဟာ ကျုပ်နဲ့တော်တော်ကို ရင်းနှီးလာတယ်ဗျ။ ကျုပ် ဘယ်ခေါ် ခေါ်လိုက်တာပဲ။ ကျုပ်ဘာကျွေးကျွေး စားတာပဲ။ ကျုပ်က သားပုကို လိုချင်တော့ ကျုပ်ကို ရောင်းပါ ကိုစံဖေရယ်။ ခင်ဗျားကြိုက်တဲ့ ဈေးပြောပါ" ဆိုပေမဲ့ "မလုပ်ပါနဲ့ ဦးသံဒိုင်ရယ်။ သားပုက ကျုပ်ရဲ့သားသမီးလိုဖြစ်နေတာပါ။ ကျုပ် မိန်းမက ကျုပ်ထက်ပိုဆိုးပါတယ်။ အောက်တောမှာ ကြက်တောတွေ၊ ကြက်တူရွေးတွေပေါပါတယ်။ ဒါပေမဲ့ သင်လို့ကြားလို့တတ်တဲ့ လိမ္မာတဲ့အကောင်ကရှားတယ်။ ခင်ဗျားလိုချင်ရင် နောက်တစ်ခါ ကျုပ်လာရင် သုံးလေးကောင်လောက် ယူလာပေးပါ့မယ်။ သားပုကိုတော့ မလုပ်ပါနဲ့ဗျာ။ ဟောဟိုက ခင်ဗျားပိုင်တဲ့ အုတ်တစ်သိန်းဖိုကြီးနဲ့ လဲပါဆိုရင်တောင် ကျုပ်က မလဲနိုင်ပါဘူးဗျာ"တဲ့။ ပြောပုံက။ အဲဒီလိုနဲ့ နေလာလိုက်ကြတာ ဦးစံဖေရဲ့ လံထင်းတွေလဲ ချလို့ပြီးပြီ၊ ငွေလဲ ရှင်းပြီးပြီဆိုတော့ အောက်တောဘက် ပြန်ကြမယ်အလုပ် တစ်ညမှာ ဘာတွေအစားမှားသလဲတော့ မပြောတတ်ဘူး။ အောင့်တယ်အောင့်တယ်ဆိုပြီး ကျုပ်တို့နဲ့ ဆယ့်ငါးမိုင်လောက်ဝေးတဲ့ မြို့ကလေးကဆေးရုံကို ပို့ရတော့တာပဲဗျို့၊ ကျုပ်ရဲ့ မြို့ရွာမှာ ဖြစ်တာဆိုတော့ ကျုပ်ကပဲ အားလုံးတာဝန်ယူစီမံပေးရတာပေါ့လေ။

ရှေးရေစက်လို့ပဲပြောရမယ် ထင်ပါရဲ့။ သားပုနဲ့ ကျုပ်က တစ်နေ့တခြားပိုလို့သာ သံယောဇဉ်တွယ်လာကြတော့တာပဲ။ အမယ် လူ့စိတ်ဆိုတာ အဆန်းသားဗျ။ ကျုပ်စိတ်ထဲမှာ ဘယ်လိုဖြစ်သလဲဆိုတော့ ဦးစံဖေဆေးရုံတက်ရတာကို ကျုပ်က ဝမ်းသာသလိုဖြစ်မိပါရဲ့။ တကယ်ပြောတာ။ သူဆေးရုံတက်နေလို့ သားပုကို ကျုပ်ခေါ်ထားလို့ ရတာကိုး။ ကံအားလျော်စွာပဲ ကိုစံဖေဟာ အစာအိမ်ပေါက်တယ်ဆိုပြီး ဗိုက်ခွဲရတော့ ဆေးရုံမှာ ရက်ကြာနေတာပေါ့။ ဆေးရုံမှာ သားပုကိုခေါ်ထားလို့ မရလို့သာ ကျုပ်ဆီမှာ ထားရပေမဲ့ ကိုစံဖေခမျာ စိတ်က မချရှာဘူးဗျ။ ကျုပ်သွားတိုင်း သားပုကို ဂရုစိုက်ဖို့ အကြောင်းသာ တဖွဖွမှာတော့တာပဲ။

ကျုပ်အရက်သောက်တိုင်းလဲ သားပုဟာ ကျုပ်ပေါင်ပေါ်မှာပဲဖြစ်ဖြစ်၊ ပခုံးပေါ်မှာပဲဖြစ်ဖြစ် နားနေရင်း အမြည်းအဖြစ် ကျုပ်စားတဲ့ ပဲလှော်ကလေး၊ မြေပဲကြော်ကလေး တခွပ်ခွပ်စားရင်း ကျုပ်နဲ့ စကားပြောနေတော့တာပဲ။

တစ်နေ့မှာတော့ မြို့က အုတ်လာဝယ်တဲ့ ပွဲစားတွေနဲ့ ကျုပ်ကလဲ အတော်ကလေးမူးနေချိန်မှာ ပွဲစားတစ်ယောက်က သားပုစကားပြောတတ်တာကို သဘောကျရင်းက "သားပုအရက်သောက်မလား" လို့ ဆိုတော့ သားပုက "ဘုရားမကြိုက်ဘူး၊ ဘုရားမကြိုက်ဘူး"ဆိုပြီး အော်ပါလေရော။ အဲဒီမှာတင် အားလုံးက ဝိုင်းရယ်လိုက်ကြတာဗျာ ဘယ်ပြောကောင်းမလဲ။ ဒါနဲ့ ကျုပ်ကဇွန်းထဲ အရက်ထည့်ပြီး ဇွန်းဖင်ကလေးကို သားပု နှုတ်သီးဖြဲပြီး လောင်းထည့်လိုက်တော့ ခေါင်းကလေးကို ခါခါပြီး ရုန်းလိုက်တာလေ။

ပြီးလဲပြီးရော၊ ကြမ်းပေါ်မှာ လျှောက်သွားနေလိုက်တာ။ ယိုင်ထိုးယိုင်ထိုးနဲ့။ လူများ အရက်မူးပြီးတော့ လမ်းလျှောက်သလိုမျိုးဗျို့။ တော်ကြာ လဲသွားလိုက်၊ ပြန်ထပြီးလျှောက်လိုက်နဲ့ ကျုပ်တို့မှာဆိုတာ သားပုကိုကြည့်ကြည့်ပြီးသဘောကျလိုက်ကြတာလေ။

အဲဒီလိုနဲ့ နောက်နေ့တွေ ကျုပ်တို့အရက်သောက်တဲ့အချိန်ဆို သားပုဟာ သူတွယ်တက်နေတတ်တဲ့ သံဆန်ခါကွက်ပေါ်ကဖြစ်ဖြစ်၊ အိမ်ထုပ်တန်းပေါ်ကဖြစ်ဖြစ် ဆင်းလာတော့တာပဲ။ ဝိုင်းဝိုင်းစက်စက်မျက်လုံးကြီး ကလယ်ကလယ်နဲ့ အနားက မခွာတော့ဘူး။ ဇွန်းထဲအရက်ထည့်ပြီး ဇွန်းဖင်ကလေးနဲ့ တေ့ပေးလိုက်ရင် သောက်တော့တာပဲ။ ပြီးရင် ယိုင်ထိုးယိုင်ထိုးနဲ့လျှောက်သွား။ မပီမသ ဗလုံးဗထွေးအသံကြီးနဲ့ ဘာတွေမှန်းမသိပြောတော့တာပဲ။ သံဆန်ခါကွက်ပေါ်လဲ တွယ်မတက်နိုင်တော့ဘူး။ သူသာတကယ်ပျံမယ်ဆိုရင် ပျံနိုင်တယ်ဗျ။ သူ့အတောင်ပံတွေကို ညှပ်ထားတာမှ မဟုတ်တာ။

တစ်နေ့တော့ ကျုပ်လဲ မင်္ဂလာဆောင်တစ်ခု သွားစရာရှိတာနဲ့ အိမ်ရှေ့ထမင်းစားပွဲပေါ်က အရက်ကလေးတစ်ခွက်လောက်ကောက်မော့ တံခါးပိတ်ပြီး ထွက်လာခဲ့တယ်။ သားပုကိုလဲ အိမ်ထဲမှာပဲ ထားခဲ့တယ်။ အိမ်နီးနားချင်းတွေကိုတော့ မှာခဲ့တယ်။ အိမ်ကို ခဏကြည့်လိုက်ပါပေါ့။ ကျုပ်က သိပ်ကြာမှာမှ မဟုတ်တာကိုး။ တစ်နာရီလောက်ပဲကြာမယ်။ ကျုပ်လဲ ကျုပ်သားပုကို စိတ်မချတာနဲ့ ခပ်မြန်မြန်ပဲပြန်လာခဲ့တယ်။

ကျုပ် အိမ်နားရောက်တော့ ဆူဆူညံညံအသံတွေ ကြားရပြီး အိမ်နီးနားချင်း သုံးလေးယောက်လဲ ကျုပ်အိမ်ရှေ့မှာ ဝိုင်းပြီးကာထားတဲ့ သံဆန်ခါကွက်ကို တဝုန်းဝုန်းထုရိုက်ပြီး အော်နေကြတယ်။ အိမ်ရှေ့လဲ ရောက်ရော အိမ်ထဲမှာ ဝုန်းဒိုင်းကြဲနေတာပဲဗျို့၊ သားပုက ထပျံလိုက်၊ ပြန်ကျလိုက်နဲ့ ရှေ့ကပြေး၊ ကြောင်ဖားကြီးတစ်ကောင်က နောက်ကလိုက်နဲ့ ဖန်ခွက်တွေ၊ ပန်းကန်တွေလဲ ကွဲလို့။ ငှက်မွေးတွေကလဲ ဟိုတစ်စ ဒီတစ်စနဲ့ ပြန့်ကျဲလို့။

ကျုပ်လဲ ကြောင်ကို အော်ပြီးမောင်း အိမ်တံခါးသော့ကိုလဲ အမြန်ဖွင့်တာပေါ့။ အရေးကြီးပါတယ်ဆိုမှ သော့ကတော်တော်နဲ့ ဖွင့်လို့မရဘူး။ ကျုပ်အသံကိုကြားတော့ သားပုလဲ "အဖေရေ မြန်မြန်လာပါ။ ငါ့ကို သတ်တော့မယ်။ အဖေရေ မြန်မြန်လာပါ ငါ့ကို သတ်တော့မယ်"ဆိုပြီး အော်တော့တာပဲဗျို့။

ကြောက်အားလန့်အားနဲ့ အော်နေရှာတဲ့ သားပုရဲ့အသံကို ကြားလိုက်ရတော့ ကျုပ်ရင်ထဲမှာဗျာ မချိလိုက်တာ။ သော့လဲ အပွင့်၊ ကျုပ်လဲ အိမ်ထဲပြေးအဝင်၊ ကြောင်ဖားကြီးကလဲ သားပုကို ဆတ်ခနဲ အကိုက် အားလုံးဟာ ကွက်တိပါပဲဗျာ။

ဦးသံဒိုင်သည် ပြောရင်းက အသံတိမ်၍ ဝင်သွားသည်။ သက်ပြင်းကြီးတစ်ချက်ကို ချပြီး မျက်ရည်များဝေ့နေသောမျက်လုံးများကို ပုတ်ခတ်ပုတ်ခတ်လုပ်ပြီး ကောင်းကင်ကို မော့ကြည့်လျက်ရှိသည်။ ကိုအောင်ဝေသည် ဦးသံဒိုင်ကို ငေးကြည့်နေရင်း အနားမှာ ငြိမ်သက်စွာပဲရှိနေသည်။ တိမ်ညိုတစ်အုပ်က ထိန်ထိန်သာနေသော လမင်းကြီးကို ပြေးဝင်၍ ကွယ်သွားလိုက်၊ လွတ်သွားလိုက်၊ နောက်ထပ်တိမ်ညိုတစ်အုပ်က ပြေးဝင်လာပြန်ကာ ကွယ်သွားလိုက်၊ လွတ်သွားလိုက်နဲ့ ဘုရားကုန်းတော်ကလေးသည် လင်းချည်တစ်လှည့်၊ မှောင်ချည်တစ်ခါနှင့် စိတ်လှုပ်ရှားစရာကောင်းနေတော့သည်။

"ဦးသံဒိုင် မှာထားလို့ ကျွန်တော်တို့လဲ သတိထားနေကြပါတယ်။ ဝုန်းဂလွမ်းဆိုတဲ့အသံကြားတော့ ဘာများဖြစ်ပါလိမ့်ဆိုပြီး လာကြည့်တော့ သားပုရယ်ဗျာ။ ဦးသံဒိုင်ထားခဲ့တဲ့စားပွဲပေါ်က ဖန်ခွက်ထဲက အရက်တွေကို ငုံ့သောက်ရင်း ဖန်ခွက်လဲသွားတာနေမှာ။ ဖိတ်ကျနေတဲ့အရက်တွေ လိုက်သောက်နေတာတွေ့ရတယ်။ ပြီးလဲပြီးရော ယိုင်တိုင်ယိုင်တိုင်နဲ့ ကြမ်းပြင်ပေါ်လျှောက်သွားနေတုန်း။ ဘယ်အိမ်က မှန်းမသိနိုင်ဘူး ကြောင်ဖားကြီးဝင်လာပြီး ကိုက်တော့တာပဲဗျို့။ သားပုလဲ အော်လိုက်၊ ထပျံလိုက်နဲ့ အရက်ကမူးနေတော့ ခပ်ဝေးဝေးလဲ မပျံနိုင်ဘူး။ ကျုပ်တို့လဲ အပြင်ကနေ ခြောက်တာပဲ။ မောင်းထုတ်တာပဲ။ မရဘူးဗျ။ ကြောင်ဖားကြီးက အစာမာန်တက်ပြီး အတင်းလိုက်ခုပ်နေတုန်း ဦးသံဒိုင်ရောက်လာတာပဲ။ သနားစရာဗျာ။ သူ့ခမျာမသေခင် အော်လိုက်တာ"တဲ့။

အိမ်ဘေးနားကလူတွေရဲ့ စကားကို ကျုပ်နားထောင်နိုင်စွမ်း၊ မရှိတော့ဘူးဗျာ။ အားလုံးဟာ ကျုပ်ရဲ့ အပြစ်တွေချည်းပဲ။ ဘာမှမသိရှာတဲ့ တိရစ္ဆာန် သားပုကိုသတ်တာ ကြောင်ဖားကြီးမဟုတ်ဘူး။ ကျုပ်ဗျ၊ ကျုပ် သိရဲ့လား။

အဲဒီနေ့ကစပြီး ကျုပ် ညညအိပ်လို့လဲ မရတော့ဘူး။ "အဖေရေ မြန်မြန်လာပါ၊ ငါ့ကို သတ်တော့မယ်"ဆိုတဲ့ သားပုရဲ့သနားစဖွယ် အကူအညီတောင်းတဲ့အသံဟာ ကျုပ်နားထဲမှာ ပဲ့တင်ထပ်သလို အဆက်မပြတ်ကြားနေရတော့တာပဲ။ ဘာအလုပ်မှလဲ ဖြောင့်အောင် မလုပ်နိုင်တော့ဘူး။ အချိန်ရှိသရွေ့ သားပုရဲ့အသံကိုပဲ နားထဲမှာ မပြတ်ကြားနေရတယ်။ သေသွားတဲ့ သားပုဟာ ကျုပ်ကို အမြဲတမ်းခြောက်လှန့်နေသလိုပဲ ခံစားနေရတယ်။ ဒါနဲ့ ကျုပ်အရက်ကို ဖြတ်လိုက်တယ်။ မိတ်ဆွေတွေ အကြံပေးတဲ့အတိုင်း စိတ်တည်ငြိမ်အောင် တရားထိုင်တယ် မရဘူး။ ခရီးတွေထွက်တယ်။ စိတ်အေးချမ်းစရာကောင်းတဲ့ ဆိတ်ငြိမ်တဲ့နေရာတွေမှန်သမျှ ကျုပ်ရောက်တယ်။ မြန်မာတစ်ပြည်လုံး နှံ့ခဲ့ပြီ။ ကျုပ်စိတ်ကို တည်ငြိမ်အောင် ဘယ်လိုမှ လုပ်လို့မရဘူး။

**စာမျက်နှာ ၂၉ သို့ á**

# ကလေးဝမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၅၁၈၈ ဧက စိုက်ပျိုးမည်



ယခင်နှစ်က မြေပဲစိုက်ခင်းကို တွေ့ရစဉ်။

**ကလေးဝ ဩဂုတ် ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးဝမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၅၁၈၈ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ကလေးဝမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကလေးဝမြို့နယ်တွင် မြေပဲ ၅၁၈၈ ဧက စိုက်ပျိုးရန် လျာထားပြီး အောက်တိုဘာလမှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ကလေးဝမြို့နယ်မှာ မြေပဲ ဧက ၅၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ အတွက် ဆောင်ရွက်ပေးသွားပါမယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ အောင်မြင် ဖြစ်ထွန်းကြပါတယ်။ ဆီထွက်သီးနှံအနေနဲ့ ကတော့ အောင်မြင်တဲ့ အနေအထားမှာရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု ကလေးဝမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးနိုင်က ပြောပြသည်။

ကလေးဝမြို့နယ်တွင် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းရေး၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရေး၊ ပေါင်းမြက်ကင်းစင်စေရေးအတွက် စိုက်ခင်းများအတွင်း ကင်းထောက်မှတ်တမ်းယူခြင်းလုပ်ငန်းများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း ကလေးဝမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးနိုင်က ပြောပြ၍ သိရသည်။

(၂၀၆)

# နတ်တလင်းမြို့နယ် နွယ်ခွေကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**နတ်တလင်း ဩဂုတ် ၃၁**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် နတ်တလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နွယ်ခွေကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဩဂုတ် ၃၀ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နတ်တလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဟိန်းဇော်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း ဆောင်ရွက်ရခြင်း ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းစဉ်များ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို မိတ်ဆက်ရှင်းလင်းပြောကြားသည်။



ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက ကော်မတီဝင်များ ရွေးချယ်ဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ ကော်မတီဝင်များ၏ တာဝန်နှင့် ရပိုင်ခွင့်များ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသား၏ သဘောဆန္ဒနှင့်အညီ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းကော်မတီဝင် ကိုးဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

အဆိုပါ နွယ်ခွေကျေးရွာ၌ ၂၀၂၆ - ၂၀၂၇ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းရန်ပုံငွေကျပ် သိန်း ၁၅၀ ဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း နတ်တလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**အေးမြတ်**

**á စာမျက်နှာ ၂၈ မှအဆက်**

ဟော အခုလဲပဲ သားပုရဲ့အသံကို ကြားနေရပြန်ပြီ။ ခင်ဗျား ကော ကြားရဲ့လား ကိုအောင်ဝေ၊ သားပုရဲ့အသံကိုလေ။ အဖေရေ မြန်မြန်လာပါ။ ငါ့ကို သတ်တော့မယ်တဲ့။ ကြားလားဟင်၊ ကြားရဲ့လား"။

ဦးသံဒိုင်သည် ပြောနေရင်းက နားနှစ်ဖက်ကို အတင်းပိတ်ကာ ခေါင်းကို တွင်တွင်ယမ်းလျက်ရှိသည်။ ကိုအောင်ဝေသည် ဆောက်တည်ရာမရဖြစ်နေသော ဦးသံဒိုင်အပါးမှ ထွက်၍လာခဲ့သည်။

မနက်စောစောထလေ့ရှိသော ကိုအောင်ဝေသည် အိပ်ရာကထပြီး ရေနွေးအိုးတည်သည်။ ထမင်းကြမ်းကလေးကြော်ပြီး ဦးသံဒိုင်ကို နှိုးရန် တစ်ဖက်ခန်းသို့သွားတော့ ကိုအောင်ဝေ အံ့ဩသွားရသည်။

အိပ်ရာလိပ်ကလေးရော၊ ခရီးဆောင်လက်ဆွဲအိတ်ရော၊ အဝတ်အစားများရော ဘာမှမရှိတော့။ ကပျာကယာ ဆိုင်ကလေးရှေ့ထွက်၍ တောင်တက်လမ်းကလေးဘက်ဆီ လှမ်း၍ကြည့်သည်။ တောလမ်းကလေးတစ်လျှောက် မိုးနှင်းတို့က ဝေနေအောင်ကျဆင်းလျက်ရှိသည်။

တောင်ခိုးတောငွေ့များက မြင်ကွင်းကို ရီရီဝေဝေ မှုန်ဝါးစေလျက်ရှိသည်။ အတော်အားစိုက်၍ ကြည့်တော့မှ တောင်ကွေ့မြေနီလမ်းကလေးပေါ်တွင် တရွေ့ရွေ့လှုပ်ရှားနေသောသဏ္ဌာန်တစ်ခုကို တွေ့ရသည်။ ဦးသံဒိုင်ပဲဖြစ်ပါလိမ့်မည်။ ကြည့်ရင်း ကြည့်ရင်းကနေ တဖြည်းဖြည်း ဝေးသွားသည်။

ဘယ်ဝယ် ဘယ်ဆီ ခရီးဆက်နေသည်ကိုတော့ မသိနိုင်ပါပြီ။ တောင်ခိုးတွေကတော့ ဝေနေဆဲပင်။

## ပညာဂုဏ်ရည်ရင်မှာတည်

- ပညာသည် ဂုဏ်တစ်ရပ်
ဆည်းကပ်မှ ပေါ်လွင်၊
ကိုယ့်စွမ်းရည် ကိုယ်တိုင်ပျိုး
တန်ဖိုးမြှင့်တင်၊
အတွေးသစ် ရေးခြစ်လျှင်
အမှားပြင် ဆန်းသစ်ကြ၊
ခေတ်အညီ ရှေ့ကိုဆက်
ထက်မြက်ပေစွ။

- ဖတ်မှတ်ရာ မြတ်သုတ
ပြည့်စုံမှ တင့်ပေကွယ်၊
ဘဝကို ပညာဆင့်
မြှင့်တင်ကြမယ်၊
ဗဟုသုတ မှတ်သားဖွယ်
လောကဝယ် အကျိုးများ၊
အမှန်ဆောင် အမှားကင်းတယ်
ထိုးထွင်းစွမ်းအား။

- ကျင့်သိက္ခာ မဖယ်ရှား
ရင်ဝယ်ထား အမြင့်ခေါင်၊
လူရည်ချွန် ဘဝတန်ဖိုး
မြတ်နိုးကျင့်ဆောင်၊
ပညာ၏ အလင်းရောင်
ထိန်ပြောင်လို့ အမှောင်ခွင်း၊
ပညာသည် စိတ်ဓာတ်စည်းကမ်း
နည်းလမ်းမြင့်ခြင်း။

- ကြွံကြွံခိုင် သန်မာရင်း
မာနကင်း သဘောဖြူ၊
ချိုသာစွာ နှုတ်ခွန်းဆက်
သွက်လက်သောသူ၊
တည်တံ့လို့ ရိုးဖြောင့်မှု
လက်ခံယူ ကျင့်သုံးထား၊
ပညာကို အမြဲဆည်းပူး
ထူးမြတ်သူများ။ ။

**အလင်္ကာ(ပွင့်ဖြူ)**


## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

á **Home Stay** နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။

á မကြာခဏ ထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို **Alcohol** ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

## ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)
## ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး
## ကြော်ငြာစာအမှတ်(၁/၂၀၂၆)
## (၂၀၂၆ ခုနှစ် ဩဂုတ်လ ၂၅ ရက်)

၁။ ဤညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် မြဝတီသတင်းစာတိုက်နှင့် ရတနာပုံသတင်းစာတိုက်တို့တွင် အောက်ပါရာထူးများ၌ စစ်သည်(အစားခန့်)ဝန်ထမ်းအဖြစ်ခန့်အပ်ရန်အလိုရှိပါသည်–

(က) စာတည်း(ဝိဇ္ဇာဘွဲ့(မြန်မာစာ)၊ ဝိဇ္ဇာဘွဲ့(သတင်းအတတ်ပညာ)ဦးစားပေးမည်)

( ခ ) စာပြင်(ဝိဇ္ဇာဘွဲ့(မြန်မာစာ)၊ ဝိဇ္ဇာဘွဲ့(သတင်းအတတ်ပညာ)ဦးစားပေးမည်)

( ဂ ) ကွန်ပျူတာ(ကွန်ပျူတာဘွဲ့ရဦးစားပေးမည်)

၂။ ရာထူးအားလုံးအတွက်လိုအပ်သောအရည်အချင်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) လျှောက်ထားသူသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားတိုင်းရင်းသားမိဘနှစ်ပါးမှမွေးဖွားသူဖြစ်ရမည်။

( ခ ) ၂၀၂၆ ခုနှစ် စက်တင်ဘာလ(၃၀)ရက်နေ့တွင် အသက် ၃၀ နှစ်ထက်မကျော်လွန်စေရ။

( ဂ ) တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီးသူဖြစ်ရမည်။

(ဃ) အနည်းဆုံး ၅ နှစ်အမှုထမ်းဆောင်နိုင်သူဖြစ်ရမည်။

( င ) လျှောက်ထားသူသည် ပြစ်မှုနှင့်ပါတီနိုင်ငံရေးကင်းရှင်းသူဖြစ်ရမည်။

၃။ လျှောက်လွှာနှင့်ကိုယ်ရေးရာဇဝင်ပုံစံများကို အောက်ပါနေရာများတွင်ရယူနိုင်ပါသည်။

(က) မြဝတီသတင်းစာတိုက်(နေပြည်တော်)

( ခ ) မြဝတီသတင်းစာတိုက်(ရန်ကုန်)

( ဂ ) မြဝတီသတင်းစာတိုက်(မန္တလေး)

၄။ လျှောက်လွှာများကို ၂၇-၈-၂၀၂၆ ရက်မှ ၂၇-၉-၂၀၂၆ ရက်နေ့အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

၅။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)၊ ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံနှင့် တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံတို့မှ ပဏာမဆေးစစ်အောင်မြင်ကြောင်း ထောက်ခံချက်ပူးတွဲတင်ပြရမည်။

၆။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမရှိသောလျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသောလျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၇။ လူတွေ့စစ်ဆေးခြင်းအား မြဝတီသတင်းစာတိုက်(နေပြည်တော်)တွင် ၂၀၂၆ ခုနှစ် စက်တင်ဘာလ ၂၉ ရက်၊ ၃၀ ရက်တို့၌ပြုလုပ်သွားမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

| | | | |
|---|---|---|---|
| နေပြည်တော် | ဖုန်း | – | ၀၉ –၄၃၀၂၉၈၂၀၊ ၀၉–၄၂၂၁၉၂၁၇၀၊ ၀၉– ၆၉၅၆၉၉၉၆၆<br>၀၃၁–၇၄၀၀၆၊ ၀၃၁–၇၄၀၀၈ |
| ရန်ကုန် | ဖုန်း | – | ၀၉–၄၀၃၇၀၃၅၉၉ |
| မန္တလေး | ဖုန်း | – | ၀၉–၆၈၈၈၈၃၅၈ |


လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)


## ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၅၄၇၉ ဧက စိုက်ပျိုးမည်



ယခင်နှစ်က နှမ်းစိုက်ခင်းကို တွေ့ရစဉ်။

ပွင့်ဖြူ ဩဂုတ် ၃၁

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၅၄၇၉ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၅၄၇၉ ဧက စိုက်ပျိုးရန် လျာထားပြီး လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ရန် အောက်တိုဘာလမှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း နှမ်း ဧက ၁၅၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် တောင်သူတွေကို ကူညီဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ ဆီထွက်သီးနှံစိုက်ပျိုးမှုအနေနဲ့ကတော့ အောင်မြင်တဲ့အနေအထားမှာရှိပါတယ်။ နှမ်းစိုက်ကေတွေ တိုးချဲ့စိုက်ပျိုးနိုင်ဖို့နဲ့ အထွက်နှုန်းကောင်းတဲ့ နှမ်းမျိုးတွေ စိုက်ပျိုးနိုင်ဖို့ကိုလဲ သက်ဆိုင်ရာဌာနများနဲ့ ပူးပေါင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်းအပါအဝင် ဆီထွက်သီးနှံစုံစိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်စေရေး၊ ပိုးမွှားရောဂါကင်းရှင်းစေရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များစိုက်ပျိုးနိုင်ရေး စသည့်စိုက်ပျိုးရေးဆိုင်ရာအသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုကို ဖူလုံစေရုံမျှမက ပိုလျှံမှုကိုပါ ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နှမ်းကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။

ရဲဝင်းနိုင်(ညောင်ဦး)

## မြန်အောင်မြို့နယ် ရှားတောကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

မြန်အောင် ဩဂုတ် ၃၁

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် မြန်အောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရှားတောကျေးရွာအုပ်စု ရှားတောကျေးရွာ၌ ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ဩဂုတ် ၃၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြန်အောင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမောင်တင်အောင်၊ မြန်အောင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဇော်ထက်နှင့် တာဝန်ခံအင်ဂျင်နီယာများက ရှားတောကျေးရွာ သောက်သုံးရေရရှိရေးကော်မတီဝင်များနှင့်တွေ့ဆုံကာ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန်နှင့် ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝမြင့်မားရေးအတွက် ဆောင်ရွက်သော လုပ်ငန်းဖြစ်သည့်အတွက် တန်ဖိုးထားကြရန် ဆွေးနွေးမှာကြားသည်။

မြန်အောင်မြို့နယ် ရှားတောကျေးရွာ၌ အလျား ၁၀ ပေ၊ အနံ ၁၀ ပေ၊ အမြင့် ပေ ၂၀ ရှိ အမြင့်တင်ရေစင် တည်ဆောက်ခြင်း၊ အလျား ၁၀ ပေ၊ အနံ ၁၀ ပေ၊ အမြင့် လေးပေရှိ ရေစက်ရုံတည်ဆောက်ခြင်း၊ အင်ဂျင်ကွန်ပရက်စာတစ်စုံတပ်ဆင်ခြင်း လုပ်ငန်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၃၁ ဒသမ ၈၈ သန်းဖြင့် မြန်အောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယခုနှစ် ဇွန်လ စတုတ္ထပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၇၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**သံသာ**







ပင်ရင်းအရောင်း-ဖုန်း - ၀၈၅ ၂၀၂၁၇၄၀၊ ၀၉ ၃၀၅၂၉၁၁၁
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

## အမည်မှန်

မလှိုင်မြို့ မြတံခွန်ကိုယ်ပိုင်ကျောင်း Grade-12 တန်းတွင် ပညာသင်ကြားနေသော အဘ- ဦးမျိုးခိုင် (၉/မလန(နိုင်)၁၁၉၆၈၆)၏ သား မောင်သိန်းထက်ကျော်ဇင်၏ အမည်မှန်မှာ **မောင်သိန်းထိုက်ကျော်ဇင်** ဖြစ်ပါကြောင်း။

**မောင်သိန်းထိုက်ကျော်ဇင်**
**(၉/မလန(နိုင်)၁၉၁၀၄၆)**

## ဖခင်အမည်မှန်

မလှိုင်မြို့ မြတံခွန်ကိုယ်ပိုင်ကျောင်း Grade-12 တန်းတွင် ပညာသင်ကြားနေသော မောင်အောင်မိုးနိုင်၏ ဖခင်အမည်မှန်မှာ **ဦးကြင်အောင်** ဖြစ်ပါကြောင်း။

**ဦးကြင်အောင်**
**(၉/တသန(နိုင်)၀၂၂၉၂၃)**

## မွေးသက္ကရာဇ်အမှန်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်အထက၊ Grade-10 (A) တွင် ပညာသင်ကြားနေသော ဦးဇော်နိုင်၏ သမီး မဆုပြည့်စုံ၏ မွေးသက္ကရာဇ် အမှန်မှာ ၂၂-၁၂-၂၀၀၉ ဖြစ်ပါကြောင်း။

**မဆုပြည့်စုံ**
**၂၂-၁၂-၂၀၀၉**

## ဖခင်အမည်မှန်

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ စလေဘုန်းတော်ကြီးသင် အထက်တန်းကျောင်း (တွဲဖက်)၊ Grade-12 တွင် ပညာသင်ကြားနေသော မသွန်းအိအိဇင်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စု လူဦးရေ စာရင်းအရ **ဦးပရေမ်လားလ်** ဖြစ်ပါကြောင်း။

**ဦးပရေမ်လားလ်**
**(၁၃/လရန(နိုင်)၁၂၃၅၁၈)**

## အမည်မှန်

ဦးမျိုးအောင် (၉/စကတ(နိုင်)၁၀၁၂၂၈)၊ ဒေါ်သင်းသင်းဆွေ (၉/ကဆန(နိုင်)၀၀၁၇၅၇)တို့၏ သမီး စဉ့်ကိုင်မြို့ လင်းရောင်သစ် ကိုယ်ပိုင်အထက်တန်းကျောင်း၊Grade-12မှ မဇူလိုင်မိုး၏ အမည်မှန်မှာ **မဇူလိုင်မိုး** ဖြစ်ပါကြောင်း။

**မဇူလိုင်မိုး**
**(၉/ကဆန(နိုင်)၂၆၄၅၇၆)**

## မိခင်အမည်မှန်

စဉ့်ကိုင်မြို့၊ လင်းအောင်သစ် ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-12 တွင် ပညာသင်ကြားနေသော မကြယ်စင်သူ၏ မိခင်အမည်မှန်မှာ **ဒေါ်မြင့်မြင့်စန်း (၉/စကတ(နိုင်)၀၇၆၄၉၈)** ဖြစ်ပါကြောင်း။

**ဒေါ်မြင့်မြင့်စန်း (၉/စကတ(နိုင်)၀၇၆၄၉၈)**

## မိခင်အမည်မှန်

စဉ့်ကိုင်မြို့၊ လင်းအောင်သစ် ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-12 တွင် ပညာသင်ကြားနေသော မမြမျိုးသူ၏ မိခင်အမည်မှန်မှာ **ဒေါ်အေးစန်း (၉/စကတ(နိုင်)၀၅၉၂၂၆)** ဖြစ်ပါကြောင်း။

**ဒေါ်အေးစန်း (၉/စကတ(နိုင်)၀၅၉၂၂၆)**

## မိခင်အမည်မှန်

စဉ့်ကိုင်မြို့၊ လင်းအောင်သစ် ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-12 တွင် ပညာသင်ကြားနေသော မောင်ရဲထက်အောင်၏ မိခင်အမည်မှန်မှာ **ဒေါ်သန်းသန်းတိုး (၉/စကတ(နိုင်)၁၁၈၃၅၇)** ဖြစ်ပါကြောင်း။

**ဒေါ်သန်းသန်းတိုး(၉/စကတ(နိုင်)၁၁၈၃၅၇)**

## အမည်မှန်

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ELC ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-12 မှ မောင်ဆိုင်ဟန်ခမ်း (ဘ) ဦးလရိန်၏ အမည်မှန်မှာ **မောင်စိုင်းဆိုင်ဟန်ခမ်း** ဖြစ်ပါကြောင်း။

**မောင်စိုင်းဆိုင်ဟန်ခမ်း**

## ပျောက်ဆုံးကြောင်း

မူဆယ်မြို့၊ စွမ်စော်ရပ်ကွက်နေ မောင်စိုင်းမိန်းဆိုင် (ဘ) ဦးစိုင်းလှထွန်း၊ (၁၃/မဆတ(နိုင်)၀၆၂၉၄၆)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-798061163**

## ပျောက်ဆုံးကြောင်း

ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာ(အရှေ့)နေ ဆန်းဝေဖြိုး (ဘ) ဦးကျောက်ကိုဝေး (ခ) သိန်းဝင်း(၁/ဗမန(နိုင်)၀၈၃၃၆၀)၏ နိုင်ငံကူးလက်မှတ်အမှတ်-MG-612086 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-777878893**

## ပျောက်ဆုံးကြောင်း

တောင်ကြီးမြို့၊ ရတနာသီရိရပ်ကွက်နေ မောင်ပြည့်စုံ၊ (ဘ) ဦးကျင်ချမ်း(၁၃/တကန(နိုင်)၃၅၆၅၃၇)၏ နိုင်ငံကူးလက်မှတ်အမှတ်-MI-513411 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-689982500**

## လျှောင်လှူပ်နေစဉ်တွင်လိုက်နာရန်အချက်များ

၁။ ကြောက်ရွံ့ထိတ်လန့်မှုမရှိပါနှင့်။ သတိရှိပါ။ တည်ငြိမ်မှုရှိပါ။

၂။ ( ၅ ) စက္ကန့် အတွင်း အဆောက်အအုံအပြင်သို့ ရောက်နိုင်ပါကပြေးထွက်ပါ။ မရောက်နိုင်ပါက ဘေးကင်းသောနေရာတွင် (ဝပ် ကာ ကိုင်)ပုံစံဖြင့်နေပါ။



ဝပ် = ဘေးအန္တရာယ်ကင်းသော နေရာတွင် ဝပ်နေပါ။

ကာ = ခိုင်ခံ့သော စားပွဲ၊ခုံ၊ခုတင်အောက်တွင် မိမိကိုယ်ကို အကာအကွယ်ယူပါ။

ကိုင် = ခိုင်ခံ့သော စားပွဲ၊ ခုံ၊ ခုတင် များကို မြဲမြဲဆွဲကိုင်ထားပါ။

**သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့ လူမျိုး**
**သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး**

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

## တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုလွှတ်တော်
ကြေညာချက်အမှတ်(၄/၂၀၂၆)
၁၃၈၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၃ ရက်
(၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်)

**တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၇၉၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၁၃ နှင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၈၊ နည်းဥပဒေခွဲ(ခ)တို့အရ စာမျက်နှာ ၂၅ ကော်လံ ၁ ☆

## တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်သူ့လွှတ်တော်
ကြေညာချက်အမှတ်(၃/၂၀၂၆)
၁၃၈၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၃ ရက်
(၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်)

**တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၂၆၊ ၂၀၁၂ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၃၅ နှင့် ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေများ၏ နည်းဥပဒေ ၃၊ နည်းဥပဒေခွဲ(ခ)တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ စာမျက်နှာ ၂၅ ကော်လံ ၁ ■

## တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားလွှတ်တော်
ကြေညာချက်အမှတ်(၂/၂၀၂၆)
၁၃၈၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၃ ရက်
(၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်)

**တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၅၅ နှင့် ၂၀၁၂ ခုနှစ် အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၃၅ နှင့် ၂၀၁၅ ခုနှစ် အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေများ၏ နည်းဥပဒေ ၃၊ နည်းဥပဒေခွဲ(ခ)တို့အရ စာမျက်နှာ ၂၅ ကော်လံ ၁ ●



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Tor Saralmba ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံစဉ်။

## တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၃၁**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးသည် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Tor Saralmba ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို ယနေ့ညပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး စာမျက်နှာ ၂၁ ကော်လံ ၁ ❖

## အာဂျင်တီးနားလက်ရွေးစင်အသင်းကစားသမား ဘဝမှ အနားယူပြီဟု အသင်းခေါင်းဆောင် မက်ဆီ အတည်ပြုကြေညာ

**ဗျူနိုအေးရိစ် ဩဂုတ် ၃၁**

အာဂျင်တီးနားအသင်းနှင့် အင်တာမီယာမီအသင်းခေါင်းဆောင် မက်ဆီသည် အာဂျင်တီးနားလက်ရွေးစင်အသင်း ကစားသမားဘဝမှ အနားယူပြီဟု ယနေ့တွင် အတည်ပြုကြေညာခဲ့ကြောင်း Daily Mail Sports သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၃၉ နှစ်ရှိ မက်ဆီသည် ပြီးခဲ့သည့် ၂၀၀၅ ခုနှစ်မှစတင်ကာ အာဂျင်တီးနားအသင်းနှင့်အတူ နိုင်ငံတကာပွဲများတွင် စတင်ပါဝင်ကစားခဲ့ပြီး စာမျက်နှာ ၂၁ ကော်လံ ၁ ✱






## ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ပိုက်ကျော်ခြင်း လေးယောက်တွဲ အဖွဲ့လိုက် အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲ အုပ်စုပတ်လည်နောက်ဆုံးပွဲစဉ်များနှင့် ကွာတားဖိုင်နယ်ပွဲစဉ်များ ဆက်လက်ကျင်းပ

**နေပြည်တော် ဩဂုတ် ၃၁**

အားကစားရေးရာ ဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်တို့ ပူးပေါင်း၍ ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ပိုက်ကျော်ခြင်းပြိုင်ပွဲကို ယနေ့ နံနက် ၉ နာရီမှစတင်၍ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ အားကစားရုံ (A)၌ ကျင်းပသည်။

တိုင်းဒေသကြီးနှင့်ပြည်နယ် ပိုက်ကျော်ခြင်း အမျိုးသားလေးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ အုပ်စုပတ်လည်နောက်ဆုံး ပွဲစဉ်များအဖြစ် ကချင်ပြည်နယ်အသင်းက ကယားပြည်နယ်အသင်းကို နှစ်ပွဲပြတ်၊ ရန်ကုန်တိုင်းဒေသကြီး အသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော် အသင်းကို နှစ်ပွဲပြတ်၊ ရှမ်းပြည်နယ် အသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်၊ တနင်္သာရီတိုင်းဒေသကြီး အသင်းက မကွေးတိုင်းဒေသကြီးအသင်းကို စာမျက်နှာ ၂၄ ကော်လံ ၁ ◆